မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၈၇)

Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်

၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ သောကြာနေ့။

နိုင်ငံတော်
နိုင်ငံတာဝန် အရေး(၃)ပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

လုံ့လဝီရိယ လျှော့လို့မဖြစ်

ခြင်္သေ့မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာ ငယ်တာ ပမာဏ မထားဘဲနဲ့ ကြီးကြီး ငယ်ငယ် လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလို ထုံးအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့ မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့ လုပ်ဖို့လိုတယ်။

၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက် မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားသည့်မိန့်ခွန်း

သခင်မြ

ဒီးဒုတ်ဦးဘချို

(၇၅)နှစ်မြောက် အာဇာနည်နေ့



မန်းဘခိုင်

ဦးရာဇတ်

မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း

ဦးဘဝင်း

ဦးအုန်းမောင်

ရဲဘော်ကိုထွေး

လေးစားဦးညွှတ်လျက်ရှိပါသည် (ခေါင်းကြီး) စာ - ၂

အာဇာနည်စိတ်ဓာတ်ထင်ဟပ်သည့် မျိုးမြန်မာ (ဆောင်းပါး) စာ - ၆

အာဇာနည်နေ့ မမေ့နိုင်ပါ (ကဗျာ) စာ - ၆

ယနေ့ မာတိကာ

ပနားမား၌ ဖမ်းဆီးခံထားရသော ကုန်သင်္ဘော ပြန်လည်လွှတ်ပေးရန် မြောက်ကိုရီးယားတောင်းဆို စာ - ၄

ရောဝတီမြစ်ကူး ရတနာသိမ်တံတားကြီး ယခုလအတွင်း ဖွင့်လှစ်တော့မည် စာ - ၁၁

ကလေး၊ တမူး၊ မော်လိုက်ဒေသတွင် ကျောက်မီးသွေး မြောက်များစွာ ထွက်ရှိ စာ - ၁၂

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လေးစားဦးညွှတ်လျက်ရှိပါသည်

ယနေ့သည် သမိုင်းအစဉ်အဆက် ပြည်သူအားလုံး မေ့မရနိုင်သည့် ၁၉ ဇူလိုင်ပင်ဖြစ်သည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည့်နေ့ ဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီးများကို နိုင်ငံသူ နိုင်ငံသားများက တလေးတစားအမှတ်တရရှိနေကြရန်၊ တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ်ရှင်သန်စေရန်နှင့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာအရ ကျန်ရစ်သူမိသားစုများကို နှစ်သိမ့်အားပေးနိုင်ရန်အတွက် နှစ်စဉ် အာဇာနည်နေ့အခမ်းအနားကို ကျင်းပခဲ့ပေသည်။

မြန်မာနိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိရေးအတွက် ကြိုးပမ်းစဉ်ကာလ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလ ကြားဖြတ်အစိုးရဝန်ကြီးများ အတွင်းဝန်များရုံး၌ အစည်းအဝေး ကျင်းပပြုလုပ်စဉ် မသမာသူတို့၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရခြင်း ဖြစ်သည်။ လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ ဦးအုန်းမောင်နှင့် ရဲဘော်ကိုထွေးတို့ ကျဆုံးခဲ့ရသည်။

လွတ်လပ်ရေးဗိသုကာဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်ကြီးပွားတိုးတက်စေလိုသည့် ဆန္ဒကြီးမားသည်။ ဥမကွဲ သိုက်မပျက် တစ်ညီတစ်ညွတ်တည်း စည်းစည်းလုံးလုံးနေလိုသောဆန္ဒရှိသည်။ တိုင်းပြည်တိုးတက်ရန် ပြည်သူအားလုံး စုစုဝေးဝေး စည်းကမ်းတကျ ကြိုးကြိုးစားစား အလုပ်လုပ်စေလိုသော သူ၏သဘောထားသည် ပြင်းပြသည်။ သို့ကြောင့်လည်း ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် ပင်လုံစော်ဘွားများ ထမင်းစားပွဲတွင် "တစ်တိုင်းပြည်လုံး ကြီးပွားတိုးတက်စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ၊ ဗမာကတစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး၊ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်၊ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်"ဟု မိန့်ခွန်းပြောကြားခဲ့သည်။ ယနေ့တိုင်တိုင်းရင်းသား ပြည်သူအားလုံး မှတ်သားလိုက်နာ ဆောင်ရွက်သင့်သည့် အမှာစကားဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်း များစွာကတည်းက ကိုယ့်ထီးကိုယ့်နန်းနှင့် အေးချမ်းသာယာစွာ နေထိုင်လာခဲ့ကြခြင်းဖြစ်သည်။ တိုင်းရင်းသားအားလုံးသည် ချစ်ချစ်ခင်ခင်နှင့် နေထိုင်လာခဲ့ကြသည်။ သို့သော် နယ်ချဲ့တို့၏ ကျူးကျော်စစ်များကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရပြီး နှစ်ပေါင်း ၁၀၀ ကျော် သူ့ကျွန်ဘဝတွင် နေထိုင်ခဲ့ရသည်။ ထိုမှ တိုင်းရင်းသားပြည်သူ မျိုးချစ်ပုဂ္ဂိုလ်တို့ အသက်သွေးချွေးစတေးပြီး လွတ်လပ်ရေးကို အရပြန်ယူခဲ့ကြခြင်းဖြစ်သည်။ လွတ်လပ်ရေးဗိသုကာကြီး၏ မိန့်ခွန်းတွင် "ထူထောင်ရေးလုပ်ငန်းတွေ၊ ကာကွယ်ရေးလုပ်ငန်းတွေ လုပ်တဲ့အခါမှာ တိုင်းသူပြည်သား လူထုနဲ့ချီပြီးတော့ လုပ်ငန်းကိုလုပ်မှ အောင်မြင်လိမ့်မယ်" ဟု ၁၉၄၇ ခုနှစ် ဧပြီ ၁၇ ရက် အသံလွှင့်မိန့်ခွန်းတွင် ပြောကြားခဲ့ရာ ယနေ့ ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်နေချိန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်ချိန်တွင် ရည်မှန်းချက်အောင်မြင်ရန် ပြည်သူအားလုံးက ထိုမိန့်ကြားချက်အတိုင်း တက်ညီလက်ညီ အလုပ်လုပ်ကြရမည်ဖြစ်သည်။

ဗိုလ်ချုပ်၏မိန့်ခွန်းတိုင်းတွင် တိုင်းရင်းသားများ စည်းစည်းလုံးလုံးရှိရန်၊ ပြည်သူများ အလုပ်လုပ်ကြရန်ပါရှိရာ အာဇာနည်ခေါင်းဆောင်ကြီးများကို လွမ်းဆွတ်တသ သတိရနေရုံနှင့် မပြီးပေ။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ လိုလားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရင်း အာဇာနည်ခေါင်းဆောင်ကြီးများကို ဂါရဝထား၍ လေးစားဦးညွှတ်ကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ပန်းတနော်မြို့နယ်၌ ပညာရည်ချွန်ဆုပေး

နေပြည်တော် ဇူလိုင် ၁၈

၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက် မွန်းတည့် ၁၂ နာရီက ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ချောင်းကလေးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့အချိန်သည် ပညာခေတ်ဖြစ်သည့်အလျောက် နိုင်ငံ၏ဖွံ့ဖြိုးမှုစွမ်းအားသည် ပညာပေါ်မှာသာ အခြေပြုသည့်ခေတ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ မိဘ၊ ဆရာနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များမှ စိတ်တူကိုယ်တူ ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သုံးဘာသာဂုဏ်ထူးရှင် မပန်းအိဖြူနှင့် မောင်ဖြိုးကျော်တို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ယင်းနောက် အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသိမ်းကြီးက သုံးဘာသာဂုဏ်ထူးရှင် မောင်စစိုးမိုးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် မသက်လွင်ဦးတို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာ ဆရာမ သုံးဦးတို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ချောင်းကလေး အထက၊ အစုကြီး(တွဲ)အထကနှင့် အတွင်းအိုးဘို အလကတို့မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တာဝန်ရှိသူများက ကပိုင်အမက၊ သောင်ဒေါင့် အမက၊ ဆုတောင်းပြည့်(အရှေ့စု) အမကနှင့် ယင်းဖားအမကတို့မှ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ချောင်းကလေး အခြေခံပညာအထက်တန်းကျောင်းအတွက် ပညာရေးရန်ပုံငွေများကို ပေးအပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက ပန်းတနော်မြို့နယ်ရှိ အိုးဘိုတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုနှင့် တာဝန်ရှိသူများက အိုးဘိုတံတားသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အိုးဘိုတံတားသည် ကွန်ကရစ်အုတ်ခုံခံသံပေါင် သစ်သားခင်းတံတားဖြစ်ပြီး အရှည်ပေ ၁၈၀၊ အကျယ် ၁၄ ပေရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပေးခြင်းဖြစ်ကာ ချောင်းကလေး၊ အိုးဘို၊ ကပိုင်ကျေးရွာအုပ်စု ငါးစု၊ ကျေးရွာပေါင်း ၄၅ ရွာမှ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ တိုးတက်ကာ အချိန်တိုအတွင်း ပုသိမ်၊ ရန်ကုန်၊ အိမ်မဲစသည့်မြို့ကြီးများသို့ သွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထင်သာမြင်သာ ပြုပြင်စရာ

ဖို့မြေရပ်ကွက်မှ ရေနုတ်မြောင်းမကြီး ပြုပြင်ပေးစေချင်

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် ၁၀၁ လမ်း အနောက်ဘက်ခြမ်းနှင့် ဖို့မြေလမ်းအကြားတွင် အကျယ် ၁၅ ပေ၊ အနက် ၆ ပေခန့်ရှိ ရေကြီးလျှင် ရေစီးအလွန်သန်သည့် ရေနုတ်မြောင်းကြီးတစ်ခုရှိသည်။ မြန်မာ့ဂုဏ်ရည်လမ်းမှ ဗိုလ်မင်းရောင်လမ်းအထိ တောင်မှမြောက်သို့ ဖောက်လုပ်ထားသဖြင့် အရှည်ပေ ၁၀၀၀ ကျော်ရှိသည်။ ကန်တော်ကြီးရေလျှံ ပေါက်မှထွက်ရှိရေများနှင့် မိုးရွာသွန်းပါက လမ်းများပေါ်မှ မိုးရေများကို မြောင်းငယ်များမှတစ်ဆင့် အဆိုပါ ရေနုတ်မြောင်းကြီးထဲသို့ စီးဝင်စေပြီး မြောင်းအဆင့်ဆင့်ကျော်ဖြတ်ကာ ပုဇွန်တောင်ချောင်းအတွင်း စီးဆင်းစေရန် တူးဖော်တည်ဆောက်ထားခြင်း ဖြစ်သည်။ မိုးရွာလျှင် လမ်းမများပေါ် ရေမလျှံစေရန် အဓိကဖြစ်သည်။

ယခုအခါ မြောင်းကာရေထိန်းသည့် အုတ်နံရံများသည် ၁၀၁ လမ်းနောက်ဖေးဘက်တွင် မရှိသလောက် ပြိုပျက်နေပြီဖြစ်သည်။ ရေမြောင်း၏ ဂဝံ ကျောက်နံရံအချို့သည်လည်း ပြိုကျပျက်စီးလျက်ရှိသည်။ ဖို့မြေလမ်းသွယ် (၂) ထိပ်ဘက်တွင်မူ ရေမြောင်းကြီးအတွင်း မြောင်းဖော်ရှင်းလင်းစဉ်က စက်ယန္တရားဆင်းသက်ရန် ဖြိုဖျက်ခဲ့သော မြောင်းကာအုတ်နံရံများ ပြန်လည်ပြုပြင်မှုမရှိသဖြင့် ပြိုပျက်နေသည်မှာ နှစ်ပေါက်သက်တမ်းပင် ရှိနေပြီဟု ရပ်ကွက်ပြည်သူများက ပြောကြားသည်။

ရေမြောင်းကြီးဘေး မြောင်းကာအုတ်နံရံအနီး ဖို့မြေလမ်းသွယ်(၁)ထိပ်ရှိ လျှပ်စစ်ဓာတ်မီးတိုင်သည်လည်း အောက်ခြေရေတိုက်စားခံရပြီး ကလိုင်ပေါက်ကြီးဖြစ်ကာ လဲပြိုကျလုနီးပါး အန္တရာယ်ဖြစ်ဖွယ်တွေ့ မြင်ရသည်။ ဖို့မြေလမ်းအတွင်း ဥဒဟိုသွားလာနေကြသည့်ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ မော်တော်ယာဉ်များ အန္တရာယ်ဖြစ်ပေါ်လာနိုင်သည့် အတွက် ပြည်သူများ စိုးရိမ်ပူပန်လျက်ရှိကြောင်း ဓာတ်ပုံနှင့်တကွ တင်ပြလိုက်ပါသည်။

မောင်ကျောက်တံတား

ပဲခူးကျက်သရေဆောင် နာရီစင်ကြီး နှစ်လုံး ပြုပြင်ပြီး နှစ်လုံးရပ်တန့်ဆဲ

ပဲခူး ဇူလိုင် ၁၈

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့လယ်ကောင်ရှိ နာရီစင်ကြီးတွင် အရှေ့ဘက်နှင့် အနောက်ဘက်ရှိ နာရီနှစ်လုံးကို အများမြင်သာအောင် အင်္ဂလိပ်ဂဏန်းများဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြုပြင်ပေးပြီးဖြစ်သော်လည်း တောင်ဘက်နှင့်မြောက်ဘက်ရှိ ရပ်တန့်နေသော နာရီနှစ်လုံးကို ထပ်မံပြုပြင်ပေးရန် မြို့နေပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။ **သန့်စင်**

ကျေးငှက်သားရဲ တောမှာမြဲ၏

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ငွေဆောင်ဇုန်)၏ ပဉ္စမသက်တမ်း အလုပ်အမှုဆောင်ရွေးချယ်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

(က) ရက်နှင့်အချိန် ။ ။ ဩဂုတ်လ ၂ရက်၊ မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ

(ခ) နေရာ ။ ။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ခန်းမ၊ အမှတ်(၃က)၊ ဝေဇယန္တာလမ်းနှင့် သံသုမာလမ်းထောင့်(မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းရုံးဝင်း)၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

ငွေဆောင်ဇုန်ရှိ ဟိုတယ်တိုင်းမှ အဆိုပြုအလုပ်အမှုဆောင်နှစ်ယောက်စီ တင်သွင်းပေးရန်ဖြစ်ပါသည်။ အဆိုပြုအလုပ်အမှုဆောင်စာရင်းများကို ၂၃-၇-၂၀၁၃ရက်နောက်ဆုံးထားပြီး ငွေဆောင်ဇုန်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ အတွင်းရေးမှူးထံ ပေးပို့ကြပါရန် အကြောင်းကြားနှိုးဆော်အပ်ပါသည်။

ပြည်တွင်းသတင်း

မြန်မာနိုင်ငံ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများအပေါ် ပြင်သစ်မှ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ ဆွေးနွေး

ပါရီ ဇူလိုင် ၁၈

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့အား ပြင်သစ်နိုင်ငံဝန်ကြီးချုပ် H.E.Mr.Jean- Marc Ayrault က ၎င်း၏ နေအိမ် Hotel Matignon ၌ ဇူလိုင် ၁၇ ရက် မွန်းလွဲပိုင်းက အလုပ်သဘော ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ပံ့ပိုးပေးနိုင်ရေး

နေ့လယ်စာစားပွဲတွင် နှစ်နိုင်ငံခေါင်းဆောင်များက မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများအပေါ် ပြင်သစ်နိုင်ငံမှ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ ပြင်သစ်ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့၊ စွမ်းအင်၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နည်းပညာ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းအပါအဝင် ကဏ္ဍပေါင်းစုံ၌ ပိုမိုရင်နှီးမြှုပ်နှံနိုင်ရေး၊ အာဆီယံ-ဥရောပသမဂ္ဂဆက်ဆံရေး၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာလူငယ်များအား ပညာတော်သင်ဆုများချီးမြှင့်ရေး၊ မြန်မာနိုင်ငံရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များအတွက် သင်ကြားမှုဆိုင်ရာ အထောက်အကူပစ္စည်းများ ပံ့ပိုးပေးနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြင်သစ်နိုင်ငံဝန်ကြီးချုပ် H.E.Mr.Jean- Marc Ayrault အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး၊ အဖွဲ့ဝင် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ ဒုတိယဝန်ကြီးများနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာဝမ်ပေါင်ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း **(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားရာ၌ မိမိတို့ကော်မတီအနေဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံး တက်ညီလက်ညီ ကြိုးစားဆောင်ရွက်ခဲ့သည့်အတွက် ပြန်လည်ပြင်ဆင်ချုပ်ဆိုမည့် စာချုပ်အား လက်မှတ်ရေးထိုးနိုင်တော့မည်ဖြစ်ကြောင်း၊ မိမိတို့ ကော်မတီအနေဖြင့် စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာများအတိုင်း ဆောင်ရွက်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဆောင်ရွက်သင့်သည့် အချက်အလက်များ အပေါ်အခြေခံကာ ဆောင်ရွက်လျက်ရှိနေကြောင်း။

ဤစီမံကိန်းသည် နိုင်ငံတော်အတွက် စံနမူနာပြစီမံကိန်းအဖြစ် လက်တွေ့အကောင်အထည်ဖော် ပေါ်ပေါက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားအခြေအနေများ ကောင်းမွန်တိုးတက်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြေယာဖော်ထုတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် စီမံချက်တစ်ခုအနေဖြင့် ဒေသ၏ မူလပျက်ယွင်းသွားမည့် မြေအနေအထားများကို ပြန်လည်ပြုပြင်ရန် လိုအပ်ကြောင်း၊ Corporate Social Responsibility(CSR) အရ မြန်မာဝမ်ပေါင်ကုမ္ပဏီအနေဖြင့် လူမှုစီးပွားရေးဆိုင်ရာလုပ်ငန်းများကို ကနဦးဖြည့်ဆည်းဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

ရှင်းလင်းပြောကြား

ကြေးနီစီမံကိန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြခွင့်ပြုချက်ရယူပြီးဖြစ်သည့်အတွက် အရေးကြီးသည့် လုပ်ငန်းအဆင့်တစ်ခုကို ကျော်လွှားနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့ ကော်မတီအနေဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိရာတွင် တရားဥပဒေ နည်းလမ်းကျကျဆောင်ရွက်ရန် လိုအပ်ပြီး ဒေသခံလူထုနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ စီမံကိန်းမစတင်မီ ကြိုတင်ဆောင်ရွက်ရန်လုပ်ငန်းများ၊ စီမံကိန်း အကောင်အထည်ဖော်နေဆဲတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ စီမံကိန်းပြီးဆုံးသည့်အခါ ဆောင်ရွက်ရမည့် လုပ်ငန်းများအား ဆောင်ရွက်ရာတွင် စ-လယ်-ဆုံး သုံးပါးစလုံး ပြီးမြောက်အောင်မြင်ပြီး ပွင့်လင်းမြင်သာမှု ရှိစေရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

တင်ပြဆွေးနွေး

ယင်းနောက် ကော်မတီ ဒုတိယဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးနှင့် ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်တို့က ဒေသအတွက် အကျိုးရှိ၍ နိုင်ငံတော်အတွက်လည်း အကျိုးရှိနိုင်မည့် လုပ်ငန်းရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အပြီးသတ်အစီရင်ခံစာအပေါ် ခြုံငုံသုံးသပ်ချက်နှင့်အကြံပြုချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ စီမံကိန်း၏ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် ပြန်လည်ပြုပြင်ချုပ်ဆိုသော သဘောတူစာချုပ်ချုပ်ဆိုခြင်းအတွက် ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် သိမ်းဆည်းမြေယာ စိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ လူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့နှင့် သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းရေးနှင့် ပြန်လည်တည်ဆောက်ရေးအဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မိမိတို့အဖွဲ့အလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းဆောင်ရွက်မှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်လုပ်ဆောင်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာများအပေါ် ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌက မိမိတို့အစိုးရအနေဖြင့် ပြည်သူလူထုကို အလုပ်အကျွေးပြုသည့် အစိုးရအဖြစ် လုပ်ငန်း လုပ်ဆောင်ချက်များကို တရားဥပဒေဘောင်အတွင်း စနစ်တကျ၊ နည်းလမ်းကျကျ စိတ်ရှည်သည်းခံမှုဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ဒေသ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးစေရန် လူထု၏ ပူးပေါင်းပါဝင်မှုရယူပြီး ထိထိရောက်ရောက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

ပနားမား၌ ဖမ်းဆီးခံထားရသော ကုန်သင်္ဘော ပြန်လည်လွှတ်ပေးရန် မြောက်ကိုရီးယားတောင်းဆို

ပနားမား ဇူလိုင် ၁၈

ပနားမားနိုင်ငံတွင် ဖမ်းဆီးထားသော မြောက်ကိုရီးယားနိုင်ငံအလံလွှင့်ထူထားသည့် ကုန်သင်္ဘောကို ပြန်လွှတ်ပေးရန် မြောက်ကိုရီးယားတို့က တောင်းဆိုလိုက်ကြောင်း ဇူလိုင် ၁၈ ရက်က ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။

အဆိုပါ သင်္ဘောပေါ်တွင် လက်နက်ပစ္စည်းအစိတ်အပိုင်းများကို ပနားမားအရာရှိများက စစ်ဆေးတွေ့ရှိပြီးနောက် ဖမ်းဆီးထားခြင်းဖြစ်ရာ ယင်းသင်္ဘောနှင့်တကွ သင်္ဘောဝန်ထမ်းများကို အချိန်ကြာရှည်စွာမထားဘဲ ပြန်လည်လွှတ်ပေးရန် မြောက်ကိုရီးယားတို့က တောင်းဆိုလိုက်ခြင်းဖြစ်သည်။

ထုတ်ဖော်ပြောကြား

ယင်းလက်နက်ပစ္စည်းများမှာ ပြင်ဆင်ရန်အတွက် ကျူးဘားက မြောက်ကိုရီးယားသို့ပေးပို့ခြင်းဖြစ်ကြောင်း၊ ပြင်ဆင်ပြီးပါက ကျူးဘားသို့ ပြန်လည်ပေးပို့မည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် နိုင်ငံတကာစည်းမျဉ်းဥပဒေများအရ ပြုလုပ်ခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပထမဆုံးအကြိမ်ထုတ်ဖော်ပြောကြားသည်။

ပနားမားတို့က ယင်းသင်္ဘော၏ သကြားအိတ်များအောက်တွင် ဖုံးကွယ်သယ်ဆောင်လာသော စစ်လက်နက်ပစ္စည်းများသည် သံသယဖြစ်ဖွယ်ရှိကြောင်း အစောပိုင်းကတည်းက ထုတ်ဖော်ပြောကြားခဲ့သည်။ ကျူးဘားတို့ကလည်း ယင်းလက်နက်ပစ္စည်းများမှာ ၎င်းတို့ပိုင်ပစ္စည်းများဖြစ်ကြောင်း ပြောကြားထားသည်။

ယခုဖမ်းဆီးထားသော စစ်လက်နက်ပစ္စည်းများအရေးနှင့်ပတ်သက်ပြီး မြောက်ကိုရီးယားအပေါ် အရေးယူပိတ်ဆို့ထားမှုများအား ချိုးဖောက်ရာ ရောက်မရောက် ကုလသမဂ္ဂ လာရောက်စစ်ဆေးရန် ပနားမားတို့က ပြောကြားသည်။

အဆိုပါ ကုန်တင်သင်္ဘောမှသင်္ဘောသားနှင့် အမှုထမ်း ၃၅ ဦးကို ပနားမားနိုင်ငံ ပြည်တွင်းလုံခြုံရေးအဖွဲ့ဝင်များက ထိန်းသိမ်းထားကြောင်း ပနားမားအရာရှိများက ပြောကြားသည်။ ချောင်ချွန်ဂန်အမည်ရှိ အဆိုပါ ကုန်တင်သင်္ဘောအား ပြီးခဲ့သည့် ရက်အနည်းငယ်က သံသယဖြစ်ဖွယ် လက်နက်ပစ္စည်းများ တင်ဆောင်လာမှုကြောင့် ပနားမားတို့က ဖမ်းဆီးထားခြင်း ဖြစ်သည်။

ဆင်ဟွာ

အမျိုးသမီးပညာသင်ရေးလှုပ်ရှားသူ မာလာလာအား ဘာကြောင့်လုပ်ကြံရကြောင်း တာလီဘန်တပ်မှူး စာရေးပို့ရှင်းပြ

အစ္စလမ်မာဘတ် ဇူလိုင် ၁၈

ပါကစ္စတန်တွင် အမျိုးသမီးပညာသင်ကြားရေးတက်ကြွလှုပ်ရှားမှုကြောင့် တာလီဘန်တို့၏ ပစ်ခတ်လုပ်ကြံခြင်းခံခဲ့ရသူ ဆယ်ကျော်သက်ကျောင်းသူလေး မာလာလာယူဆပ်ဇိုင်းထံသို့ တာလီဘန်တပ်မှူးက အိတ်ဖွင့်စာတစ်စောင်ပေးပို့ခဲ့ကြောင်း ဒေးလီးမေးသတင်းတွင် ဇူလိုင် ၁၇ ရက်က ဖော်ပြသည်။

တာလီဘန်တပ်မှူးအနန်ရာရှစ်၏ အင်္ဂလိပ်လိုရေးထားသော ပေးစာတွင် မာလာလာအား ဦးခေါင်းကို ချိန်ရွယ်ပစ်ခတ် လုပ်ကြံရသည့် အကြောင်းရင်းကို ရှင်းပြထားပြီး ဖြစ်ပျက်ခဲ့သမျှအပေါ် စိတ်မကောင်းကြောင်းလည်း ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်းက ဆွတ်ဒေသတွင်းလုပ်ကြံမှုဖြစ်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ၁၅နှစ်အရွယ်ရှိသော မာလာလာကို အိမ်ပြန်ကျောင်းကားပေါ်တွင် မျက်နှာဖုံးတပ်တာလီဘန်အုပ်စုကပစ်ခတ်လုပ်ကြံခဲ့သည်။ မာလာလာတစ်ဦးတည်းကိုသာ ကွက်၍ပစ်ခတ်ခဲ့သည့် တာလီဘန်တို့၏ လုပ်ကြံမှုသတင်းသည် ကမ္ဘာအနှံ့တောမီးပမာ ပျံ့နှံ့ခဲ့သည်။

တာလီဘန်တပ်မှူး ရာရှစ်၏ပေးစာတွင် မာလာလာအားလုပ်ကြံခြင်းမှာ ကျောင်းနေ ပညာသင်ကြားခြင်းကြောင့် မဟုတ်ဘဲ ပါကစ္စတန်အတွင်း တာလီဘန်တို့အပေါ် အပုပ်ချခြင်းကြောင့်သာဖြစ်ကြောင်း၊ ဆွတ်ဒေသတွင် အစ္စလာမ့်စနစ်လေ့ကို ပုံဖော်သည့် တာလီဘန်တို့၏ ကြိုးစားမှုများကိုဆန့်ကျင်ရေးသား ပြောဆိုမှုများကြောင့်ဖြစ်ကြောင်း၊ လုပ်ကြံမှုဖြစ်ပွားသွားသည့်အတွက် တုန်လှုပ်ချောက်ချားမိကြောင်း၊ နောက်နောင်ထိုအဖြစ်မျိုး မဖြစ်ပွားစေချင်သည့် ဆန္ဒသာရှိကြောင်း ရေးသားထားသည်။ ထို့အပြင် မိမိသည် မိန်းကလေး ပညာသင်ကြားရေးကို ဆန့်ကျင်နေသူမဟုတ်ဘဲ ယဉ်ကျေးမှုနှင့် မကိုက်ညီသည့် အနောက်တိုင်း ပညာသင်ရိုး ညွှန်းတမ်းများကိုသာ မလိုလား ဆန့်ကျင်သူဖြစ်ကြောင်း ပါကစ္စတန်သမ္မတဟောင်းအား လုပ်ကြံမှုတွင် ကြံရာပါဖြစ်၍ ထောင်ကျခဲ့သူနှင့် ပြီးခဲ့သည့်နှစ်က ဖြစ်ပွားခဲ့သည့် အကျဉ်းထောင်ဖောက်မှုအတွင်းမှ လွတ်မြောက်လာခဲ့သူရာရှစ်က ဆိုသည်။

ပြီးခဲ့သည့် ဇူလိုင် ၁၂ ရက်က ၁၆နှစ်ပြည့် မွေးနေ့တွင်ကုလသမဂ္ဂ၌ မိန့်ခွန်းပြောကြားရာ၌ မာလာလာက အားလုံးသော ကလေးငယ်များ အကုန်လုံး လွတ်လပ်စွာပညာသင်ကြားခွင့်အတွက် တိုက်ပွဲဝင်သွားရန် သတ္တိအပြည့်ထားရှိကြောင်း ပြောကြားခဲ့သည်။ **(အပေါ်ပုံ) ဒေးလီးမေး**

ကျင်ငယ်ဖြင့် ဖုန်းအားသွင်းနိုင်

ဘရစ္စတို ဇူလိုင် ၁၈

အင်္ဂလန်အနောက်တောင်ပိုင်း ဘရစ္စတိုဆိပ်ကမ်းမြို့ရှိ သိပ္ပံပညာရှင် တစ်စုသည် ဆီးကျင်ငယ်မှတစ်ဆင့် မိုဘိုင်းဖုန်းများ ဓာတ်အားသွင်းသည့် နည်းပညာကို တီထွင်ထားပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဇူလိုင် ၁၈ ရက်က ဖော်ပြသည်။

ဘရစ္စတိုစက်ရုပ်ကိရိယာများဆိုင်ရာ သုတေသနဓာတ်ခွဲခန်းမှ ဒေါက်တာအိုယန်းနစ်က စွန့်ထုတ်ကျင်ငယ်မှ စွမ်းအင်ရယူအသုံးချမှုသည် ကမ္ဘာပေါ်တွင် ပထမဆုံးတီထွင်မှုဖြစ်ကြောင်း အခိုင်အမာဆိုသည်။

MFCs ခေါ် microbial လောင်စာအခဲပြွန်တောင့်တွင် ကျင်ငယ်ဖြတ်သန်းစီးဆင်းစေပြီး စွမ်းအင်ကို ထိန်းချုပ်အသုံးချနိုင်ခြင်းဖြစ်သည်။ ထိုမှ တစ်ဆင့် Samsung မိုဘိုင်းဖုန်းတစ်လုံးကို ဓာတ်အားဖြည့်သွင်းပေးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း ဒေါက်တာအိုယန်းနစ်က ပြောကြားသည်။ယခုနည်းပညာသည် နောင်အနာဂတ်ကာလ၌ အိမ်တိုင်းလိုလိုရှိ သန့်စင်ခန်း ရေအိမ်များတွင်တပ်ဆင်ထားပြီး ကျင်ငယ်လျှပ်စစ်စွမ်းအင်ဖြင့် ဓာတ်အားသွင်း ဖန်သီး၊ မီးချောင်းများ၊ လျှပ်စစ်မုတ်ဆိတ်ရိတ်စက်များနှင့် ဖုန်းများဓာတ်အားဖြည့်ရာတွင် အသုံးပြုလာနိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ယုံကြည်ထားသည်။

“ဒီလောင်စာရင်းမြစ်ရဲ့ သဘောကျစရာတစ်ခုက နေရောင်ခြည်တို့ လေတိုက်နှုန်းတို့လို တစ်သမတ်တည်းမရှိတဲ့ သဘာဝစွမ်းအင်က ထုတ်လုပ်ရမှုအပေါ် အားကိုးစရာမလိုတော့တာပါဘဲ။ စွမ်းအင်ရရှိရေးအတွက် ကျင်ငယ်ကို အသုံးပြုနိုင်တော့မှာ အသေအချာပါပဲ”ဟု၍ ဒေါက်တာအိုယန်းနစ်က ပြောကြားသည်။

ဘီဘီစီ

ဩစတြေးလျ၌မိခင်ဖြစ်သူက ခြောက်နှစ်အရွယ်သမီးကိုသတ်ဖြတ်

ဆစ်ဒနီ ဇူလိုင် ၁၈

ဩစတြေးလျနိုင်ငံဆစ်ဒနီမြို့မှမိခင်တစ်ဦးသည် သူမ၏ခြောက်နှစ်အရွယ်သမီးငယ်ကို သတ်ခဲ့မှုနှင့် အလောင်းဖျောက်ဖျက်မှုတို့ကြောင့် ထောင်ဒဏ် ၁၆ နှစ်တစ်ဆက်တစ်စပ်တည်းကျခံစေရန် တရားရုံးက ပြစ်ဒဏ်ချမှတ်ခံရကြောင်း ဩစတြေးလျ ပြည်တွင်းမီဒီယာများက ဇူလိုင် ၁၈ ရက်တွင် ဖော်ပြသည်။ သမီးရင်းကိုသတ်ခဲ့သည့် မိခင်မှာ အသက် ၃၀အရွယ် ကရစ်တီအေဘရာ ဟင်ဖြစ်ပြီး သူမ၏ခြောက်နှစ်အရွယ်သမီးဖြစ်သူ ကီရှာအား ၂၀၁၀ ခုနှစ် ဇူလိုင်က သတ်ခဲ့ခြင်းဖြစ်သည်။

သမီးဖြစ်သူကီရှာအားသတ်ခဲ့ပြီးနောက် မလုံမလဲစိတ်ဖြင့် သူမ၏သမီး ပျောက်ဆုံးနေကြောင်း သက်ဆိုင်ရာသို့ သတင်းပေးတင်ပြခဲ့ပြီးနောက် ရှစ်လအကြာတွင် သမီးဖြစ်သူကီရှာ၏အလောင်းကို ဆစ်ဒနီမြို့အနောက်ပိုင်း ချုံနွယ်မြက်တောအတွင်း၌ ၂၀၁၁ ခုနှစ် အစောပိုင်းအချိန်က ရှာဖွေတွေ့ရှိခဲ့သည်။ကီရှာအားသတ်ပြီးနောက် သုံးရက်အကြာတွင် မိခင်ဖြစ်သူ အေဘရာဟင်နှင့် အပေါင်းအဖော် ရောဘတ်စမစ်တို့သည် ကီရှာ၏အလောင်းကို ခရီးဆောင် အိတ်တစ်ခုနှင့်ထည့်ကာ ဆစ်ဒနီမြို့အနောက်ပိုင်းချုံတောအတွင်း သွားရောက် ပစ်ထားခဲ့ခြင်းဖြစ်သည်။ စုံစမ်းစစ်ဆေးဖော်ထုတ်ပြီးနောက် ကီရှာအားသတ်ရာတွင် ပါဝင်ကူညီခဲ့သူ အပေါင်းအဖော်ရောဘတ်စမစ်ကိုလည်း ထောင်ဒဏ် ၁၂ နှစ် ချမှတ်ခဲ့သည်။

ဆင်ဟွာ

ပြည်တွင်းသတင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းမိသားစု စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်

နေပြည်တော် ဇူလိုင် ၁၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းမိသားစုများ၏ ဒုတိယအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ မြို့မဈေးကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇောသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာ ဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်၊ ဦးဝင်းကို၊ ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းနှင့် ၎င်းတို့၏မိသားစုများ၊ ကော်မရှင်ရုံးဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ မြို့မဈေးကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇောသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များထံ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး **(ယာပုံ)**နှင့် အဖွဲ့ဝင်များ၊ မိသားစုများက ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဆရာတော်၊သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

ရှေးဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင် စတုတ္ထအကြိမ်အစည်းအဝေးသည် လာမည့် ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်မည့် အပြီးသတ်သန်းခေါင်စာရင်းကောက်ယူမည့်အချိန် နီးကပ်လာပြီဖြစ်သည့်အတွက် သက်ဆိုင်သူအားလုံး ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် လိုအပ်သည့်ညှိနှိုင်းမှုများ ပြုလုပ်ရန်ဖြစ်ပါကြောင်း။

ယခုနှစ် ဧပြီလအတွင်းက ဆောင်ရွက်ပြီးခဲ့သည့် "စမ်းသပ်သန်းခေါင်စာရင်း" ၏အတွေ့အကြုံ၊ အားနည်းချက်၊ ပြင်ဆင်ဖြည့်ဆည်းဆောင်ရွက်ရမည့်အချက်များကို သက်ဆိုင်ရာ Focal Ministry ဖြစ်သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ရှင်းလင်းတင်ပြပြီး ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ပတ်သက်ဆက်နွှယ်သည့် ဝန်ကြီးဌာနများကပါ ဝိုင်းဝန်းအကြံပေးနိုင်ရန်အတွက် အစည်းအဝေးကျင်းပခြင်းလည်း ဖြစ်ပါကြောင်း။

ပြီးခဲ့သည့် မေလနှင့် အောက်တိုဘာလအတွင်းက ပြုလုပ်ခဲ့သည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဒုတိယအကြိမ်၊ တတိယအကြိမ်အစည်းအဝေးတွင် သန်းခေါင်စာရင်းစီမံချက်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အဆင့်(၄)ဆင့်ပါသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို တင်ပြချက်အရ ပြည့်ပြည့်စုံစုံသိရှိခဲ့ပြီးဖြစ်ပါကြောင်း။

ယခုကာလသည် သန်းခေါင်စာရင်းကောက်ယူရေး စီမံချက်တစ်ခုလုံး၏ ပထမအဆင့်ဖြစ်သော ကြိုတင်ပြင်ဆင်မှုကာလဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် မေလကစတွက်ရင်(၂၅)လခန့်ကြာခဲ့ပြီဖြစ်သောကြောင့် လုပ်ငန်းစဉ်တော်တော်များများလည်း ပြီးစီးနေပြီဟု သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ ကျန်သည့်ကာလများသည် ပြင်ဆင်မှုလုပ်ငန်း၏ အဆုံးသတ်လုပ်ငန်းစဉ်များဖြစ်သလို ပြည်သူလူထုကြား ကွင်းဆင်းဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည့်အတွက် လုပ်ငန်းစဉ်တစ်ခုလုံး၏ အရေးကြီးဆုံးကာလဟုလည်း ဆိုနိုင်ပါကြောင်း။

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပေါ်ထွက်လာမည့် လူဦးရေကိန်းဂဏန်း၊ လူမှုစီးပွားရေးအချက်အလက်နှင့် သုံးသပ်ဖော်ထုတ်ချက်များသည် နိုင်ငံတော်၏ လက်ရှိနှင့် အနာဂတ်ဖွံ့ဖြိုးရေးစီမံကိန်းများတွင် မရှိမဖြစ်အရေးပါသောကြောင့် ပေါ်ထွက်လာမည့်အဖြေရလဒ်များကို ပြည်သူတစ်ရပ်လုံးက မျှော်လင့်နေကြမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် အဆိုပါလုပ်ငန်းစဉ်ကို စီမံချက်ပါအတိုင်း တစ်နိုင်ငံလုံးအတိုင်းအတာ လွှမ်းခြုံနိုင်ရန်၊ တစ်ယောက်မကျန် စာရင်းကောက်ယူနိုင်ရန်၊ မေးမြန်းချက်များအပေါ် မှန်ကန်စွာဖြေကြားနိုင်ရန်၊ လိုအပ်သည့် ကိန်းဂဏန်းအချက်အလက်များရရှိရန် အလွန်ပင်အရေးကြီးသည့်အဆင့်သို့ ရောက်ရှိလာပြီးဖြစ်ပါကြောင်း။

ဒီမိုကရေစီ လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာရေး ဦးတည်ဆောင်ရွက်နေသည့် နိုင်ငံတော်အစိုးရသည် သက်တမ်း(၂)နှစ်ကျော်တာ ကာလအတွင်း နိုင်ငံအတွက် ထင်သာမြင်သာရှိသည့် အောင်မြင်မှုများဖော်ဆောင်နိုင်ခဲ့သလို အခက်အခဲများ စိန်ခေါ်မှုများလည်း ရင်ဆိုင်ဖြေရှင်းနေရဆဲဖြစ်ပါကြောင်း၊ တစ်ဖက်ကလည်း ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရမည့်လုပ်ငန်းစဉ်သည် နှစ်ပေါင်း (၃၀)ကျော် အတွေ့အကြုံပြတ်လပ်ခဲ့သည့် အခြေအနေနှင့်လည်း တိုက်ဆိုင်သည့်အတွက် မမျှော်လင့်သည့် အခက်အခဲများနှင့် ရင်ဆိုင်ရမည်ဆိုသည်ကို မှန်းဆလို့ရပါကြောင်း၊ စိန်ခေါ်မှုများကို ပြည်တွင်းရော၊ ပြည်ပအဖွဲ့အစည်းများနှင့်ပါ ပေါင်းစပ်ညှိနှိုင်း အဖြေရှာမှုများနှင့်ပင် ကျော်လွှားသွားရမည်ဖြစ်ပါကြောင်း။

ပြီးခဲ့သည့် ကာလများအထိ လုပ်ငန်းစဉ် တော်တော်များများနှင့် သန်းခေါင်စာရင်းလုပ်ငန်းကို တာဝန်ခံဆောင်ရွက်ရမည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတစ်ခုတည်းနှင့်ဆောင်ရွက်၍ရသည့် လုပ်ငန်းဖြစ်သော်လည်း ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများသည် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်တာဝန်ခံများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူတစ်ရပ်လုံးကပါ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ဖြစ်ပါကြောင်း။

ပြည်သူလူထုနှင့်ကွင်းဆင်းထိတွေ့ဆောင်ရွက်ရမည့် မြေပြင်လုပ်ငန်းများ ပိုများသောကြောင့် အားလုံးပါဝင်ပေါင်းစပ်ဆောင်ရွက်မှုသည် ပို၍အရေးကြီးလာပြီဖြစ်ပါကြောင်း။

ထို့ကြောင့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းလုပ်ငန်းစဉ်သည် အားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရမည့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီးတစ်ခုဖြစ်သောကြောင့် တာဝန်ယူဆောင်ရွက်သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအပြင် တာဝန်ရှိသည့် ဆက်စပ်ဝန်ကြီးဌာနများအနေနှင့်လည်း မဖြစ်မနေ ဝိုင်းဝန်းကူညီပေးကြရန် တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ၂၀၁၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူမှုတွေ့ရှိချက်၊ အားနည်းချက်၊ အားသာချက်များနှင့် အနာဂတ်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ UNFPA ဌာနေကိုယ်စားလှယ် Ms.Janet Elizabeth Jackson က သန်းခေါင်စာရင်းကောက်ယူရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက နိုင်ငံတော်အတွက် အရေးကြီးသည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေးအတွက် မိမိတို့၏ အတွေ့အကြုံများအပေါ် အခြေခံ၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ဖြည့်စွက်ဆောင်ရွက်ရမည့် လုပ်ငန်း အခြေအနေများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ယနေ့ပြုလုပ်သည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်အစည်းအဝေးတွင် ယခုလိုအားလုံးက စိတ်ဝင်စားစွာဖြင့် ပါဝင်ဆွေးနွေးကြသည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ယခု ကောက်ယူမည့် သန်းခေါင်စာရင်းသည် နှစ်ပေါင်း (၃၀)ကျော်ကြာမှ တစ်ခါပြန်ကောက်သည့်အတွက် သေသေချာချာ ဆွေးနွေးလေ လုပ်ငန်းပမာဏကြီးမားလေဆိုတာတွေ့ရမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း နိုင်ငံတော်၏ အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် ပြီးပြတ်အောင် လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ပထမအချက်အနေဖြင့် လုပ်ငန်းစဉ်(၄)ဆင့်ထဲတွင် ကြိုတင်ပြင်ဆင်မှုကာလသည် အချိန်တော်တော်ယူရမည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ငွေရေးကြေးရေးအနေနဲ့လည်း ငွေကြေးအမြောက်အမြား လိုအပ်နေသည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူတိုင်း ကောက်ယူတိုင်း၊ ငွေရေးကြေးရေးအရရော လုပ်ငန်းပမာဏအရရော ကြီးမားကျယ်ပြန့်သည့် လုပ်ငန်းဖြစ်တယ်ဆိုတာကို မှန်းလို့ရပါကြောင်း။

မကြာမီကောက်ယူမည့် စမ်းသပ်သန်းခေါင်စာရင်းတွင် မွေးကင်းစမှ အသက်အကြီးဆုံးအထိ ကွင်းဆင်းပြီး စာရင်းဇယားများကို မှတ်တမ်းတင်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘာသာစကားအခက်အခဲ၊ နေရာဒေသသွားလာရေးအခက်အခဲ စသဖြင့် အခက်အခဲမျိုးစုံကို တွေ့ရမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းကောက်ယူမည့် လုပ်ငန်းစဉ်သည် ကြီးမားကျယ်ပြန့်သည့်အတွက် တာဝန်ရှိသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတစ်ခုတည်းက ဆောင်ရွက်မည်ဆိုလျှင် မိမိတို့လိုချင်သည့် အချက်အလက်များ ရာနှုန်းပြည့်ရရန် ခက်ခဲမည်ဖြစ်ပြီး အချက်အလက်များ ပြည့်ပြည့်စုံစုံရရှိမည်မဟုတ်သောကြောင့် ဆက်စပ်ဝန်ကြီးဌာနများ၊ အခြားဝန်ကြီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာ၊ ပြည်တွင်းပြည်ပ INGO များ၊ ပြည်သူလူထုတစ်ရပ်လုံး အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်အောင် စည်းရုံးဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အတွက် အလွန်အရေးကြီးသည့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်အတွက် အဆင့်မြင့်အစည်းအဝေးများကိုလည်း မကြာခဏပြုလုပ်ပြီး လိုအပ်သည်များကို ဖြည့်စွက်ကာ အားနည်းချက်များကို ပြင်ဆင်ဆောင်ရွက်သွားမည်ဆိုလျှင် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းသည် အောင်မြင်မည်ဟု ယုံကြည်ပါကြောင်းဖြင့်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရုံးဝင်းအတွင်းရှိ သန်းခေါင်စာရင်းကောက်ယူမှုဆိုင်ရာ စာရွက်စာတမ်းများ၊ စာရင်းဇယားများ ထိန်းသိမ်းထားရှိရန် ဆောက်လုပ်ထားသည့် အဆောက်အအုံသစ်အားလည်းကောင်း၊ ဝန်ကြီးရုံး ကွန်ပျူတာခန်းရှိ OMR စက်များ၊ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူထားသည့် အချက်အလက်များနှင့် စာရင်းဇယားများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား
စက်ပစ္စည်းများဝယ်ယူရန်အတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(နေပြည်တော်၊တပ်ကုန်း)ရှိ Ethnic Nationalities Channel အတွက်လိုအပ်လျက်ရှိသော စက်ပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က)	Video Camera (PMW -200) & Accessories	15 Sets
(ခ)	Video Camera (NEX-EA 50H) & Accessories	15 Sets
(ဂ)	Computer အပါအဝင် စက်ပစ္စည်း(၈)မျိုး	1 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို လုပ်ငန်းအလျင်အမြန် လိုအပ်ချက်အရ ၁၇-၇-၂၀၁၃ ရက်မှစ၍ နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃၀-၇-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထားပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါ ပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်-

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော်(တပ်ကုန်း)
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၁၁၊ ၇၉၀၇၉၊ ၇၉၁၃၅

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ပင်မသုံးထပ်ဆောင်တည်ဆောက်ခြင်းလုပ်ငန်းများအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ပါနည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်တွင် ပင်မသုံးထပ်ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) နည်းပညာတက္ကသိုလ်(စစ်ကိုင်း)	ပင်မသုံးထပ်ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း(၁၈၀၀၀၀ စ/ပေ)
(ခ) နည်းပညာတက္ကသိုလ်(ရမည်းသင်း)	ပင်မသုံးထပ်ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း(၁၈၀၀၀၀ စ/ပေ)
(ဂ) ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)	ပင်မသုံးထပ်ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း(၂၄၀'×၁၂၀'×၄၂')

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၃-၇-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၃-၈-၂၀၁၃ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၄၉၀၊ ၀၆၇-၄၀၄၁၈၁ နှင့် ၀၆၇-၄၀၄၀၀၇ တို့သို့ စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရောင်းချခဲ့သော
စက်မှုမြေကွက်များအား ဝယ်ယူခွင့်ရရှိသူများမှငွေအကျေပေးသွင်းရန်
အသိပေးကြေညာချက်

၁။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သော ခေတ်မီစက်မှုနိုင်ငံတည်ထောင်နိုင်ရေးအတွက် အောက်ပါစက်မှုဇုန်များကို ဖော်ထုတ်ပြီး လုပ်ငန်းရှင်များကို ရောင်းချပေးခဲ့ပါသည်-

(က) ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်
(ခ) မှော်ဘီမြို့နယ်၊ မြောင်းတကာသံမဏိသံရည်ကျိုစက်မှုဇုန်
(ဂ) သန်လျင်မြို့နယ်၊ သီလဝါစက်မှုဇုန်
(ဃ) ဒဂုံဆိပ်ကမ်းမြို့နယ်၊ စက်မှုဇုန်အပိုင်း(၁)
(င) ဒဂုံအရှေ့မြို့နယ်၊ စက်မှုဇုန်အပိုင်း(၁)
(စ) ဒဂုံတောင်ပိုင်းမြို့နယ်၊ ကျန်စစ်သားရိပ်မွန်အပိုင်း(၁)

၂။ စက်မှုမြေကွက်ဝယ်ယူခွင့်ရရှိခဲ့ပြီး မြေကွက်တန်ဖိုးအကျေပေးသွင်းရန် ကျန်ရှိနေသူများသည် ယနေ့ကြော်ငြာပါရှိသည့်ရက်မှစ၍ ၂၀၁၃ခုနှစ် ဇူလိုင် ၃၁ရက် နောက်ဆုံးထား၍ မြေကွက်တန်ဖိုး အကျေပေးသွင်းရန်အကြောင်းကြားအပ်ပါသည်။

၃။ စက်မှုမြေကွက်ဝယ်ယူခွင့်ရရှိသူများအနေဖြင့် အထက်ဖော်ပြပါ ၃၁-၇-၂၀၁၃ ရက်အထိ စက်မှုမြေကွက်တန်ဖိုးများကို အကျေပေးသွင်းခြင်းမရှိပါက မြေကွက်ဝယ်ယူခွင့် အလိုအလျောက် ပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့် ပေးသွင်းထားသော စက်မှုမြေကွက်တန်ဖိုးငွေများကို ဌာနမှပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

အာဇာနည်နေ့ ဂုဏ်ပြုဆောင်းပါး

အာဇာနည်စိတ်ဓာတ် ထင်ဟပ်သည့် မျိုးမြန်မာ

ညွန့်ဟံ (ကြူတော)

ကျွန်တော်တို့၏ မြန်မာမှုဆိုရိုးစကားများစွာတွင် အရိုးအစဉ်စွဲကိုင်ကျင့်သုံးသည်ဆိုသော်လည်း တစ်ခါတစ်ရံ ခြွင်းချက်များရှိပေသည်။ ပျောက်သောသူရှာလျှင်တွေ့၊ သေသောသူကြာရင်မေ့ဟု ဆိုကြပေသည်။ မှန်ပါ၏။ ပျောက်သောသူကို နည်းမျိုးစုံဖြင့် ရှာဖွေတွေ့ရှိနိုင်ပေသည်။ ယေဘုယျအားဖြင့် သေပြီး၊ ကွယ်လွန်ပြီးသူများကို အချိန်ကြာညောင်း နှစ်တွေလတွေပြောင်းပါက မေ့ပျောက်နိုင်သည်။ သို့သော် စိတ်ထားမြင့်မား အာဇာနည်နှလုံးသားရှိသည့် စွန့်လွှတ်စွန့်စား နိုင်ငံနွယ်ဖွားများကိုမူ အခါသမယ နှစ်ပရိစ္ဆေဒရှည်လျားသည့်တိုင် မမေ့နိုင်ကြ၊ အာဇာနည်တို့၏ သူရဲကောင်းစိတ်ဓာတ်ကို လေးစားမြတ်နိုးတန်ဖိုးထားကြ၊ မျိုးဆက်အသွယ်သွယ် တင့်တယ်အောင် လက်ဆင့်ကမ်းကြ၊ မမေ့မလျော့အမှတ်ရပြီး အာဇာနည် စိတ်ဓာတ်ပိုင်ရှင်များကဲ့သို့ နိုင်ငံနှင့်လူမျိုးအကျိုး သယ်ပိုးကြရန် တိုက်တွန်းကြလေ့ရှိသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည်မှာ ယခုဆိုလျှင် ဆယ်စုနှစ်ခြောက်ခု ကျော်ခဲ့ပါပြီ။ မျိုးဆက်သုံးဆက်ကျော်သော်လည်း မမေ့နိုင်သေး။ နောင်မျိုးဆက်များ၏ အနာဂတ်ကာလများတွင်လည်း မေ့ဖျောက်ပစ်နိုင်ဖွယ်မရှိ။

ကျွန်တော်တို့ငယ်စဉ် အလယ်တန်းကျောင်းသားဘဝက အာဇာနည်ဆိုသောစာအုပ်ငယ်ကို ပြဋ္ဌာန်းချက်အရ သင်ကြားခဲ့ရ၏။ နိုင်ငံတကာအာဇာနည်များအကြောင်း ပါဝင်သည်။ မြန်မာနိုင်ငံမှ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းက ထိပ်ဆုံးက ဖြစ်သည်။ ကျွန်တော်တို့သည် လွတ်လပ်ရေးရပြီးကာလ၌ မွေးဖွားခဲ့သော်လည်း အာဇာနည်များအကြောင်း ယဉ်ပါးကြသည်။ ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးဖွဲ့နိဂုံးစကားရေးသားရာတွင် ကပ္ပဋီတိ၊ အညီညွှဲ အတ္တိလောကေ၊ ကမ္ဘာဆန်းသော်မှ ဥဒါန်းကျေမည်ဟုဖော်ပြထားသည်။ အဓိပ္ပာယ်က ကမ္ဘာတည်သမျှ ဗိုလ်ချုပ်အောင်ဆန်းကို မေ့ပျောက်ကြမည်မဟုတ်။ ယခု ကမ္ဘာပျက်သုဉ်းပြီး ကမ္ဘာသစ်ကြီးတည်ဆောက်ချိန်ကျမှ ဥဒါန်းကျေမည်ဟု တင်စားထားပေရာ အဓိပ္ပာယ်တွေ အားမာန်တွေ အာဇာနည်စိတ်ဓာတ်တွေကို အားကျရပါသည်။

အာဇာနည်ဆိုတာ ဘာလဲဆိုသောအမေးစကားကို ထိုစဉ်က ပြဋ္ဌာန်းကျောင်းသင်စာအုပ်တွင် ဖွင့်ဆိုခဲ့ရာပုဂ္ဂလဓိဋ္ဌာန်တွေပါဝင်သည်။ ယခုမြန်မာစာအဖွဲ့က ရှင်းလင်းပေးသော ဖွင့်ဆိုမှုကို ဖော်ပြပါသည်။အာဇာနည်ဟူသည် အာဇာနေယျ ဆိုသည့် ပါဠိစကားမှလာခြင်းဖြစ်သည်။ **အကြောင်းဟုတ်မဟုတ်ကို ကောင်းစွာသိသောသူ၊ သာမန်ထက် လက်ရုံးရည်၊ နှလုံးရည် ထူးကဲသာလွန်၍ သက်စွန့်ကြိုးပမ်း ဆောင်ရွက်သူ**ဟု ဖွင့်ဆိုပါသည်။ အင်္ဂလိပ်ဘာသာစကားတွင် Person with discrimination and Courage of his Conviction, Hero who is prepared to sacrifice his life for a good cause ဖြစ်သည်။ ခံယူသိမှတ် နှလုံးသွင်းအပ်သော စစ်မှန်သည့် စိတ်ထားနှင့်လုပ်ရပ်ဖြစ်ပါသည်။

ဖော်ပြပါ နှုန်းစံများနှင့်ကိုက်ညီလိုက်လျော သဘောမျှရုံမက သာလွန်မြင့်မြတ်ပေသော မြန်မာ့သားကောင်းအာဇာနည်များသည် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်က အသက်ဆုံးရှုံးခဲ့ရပေသည်။ ပြည်သူအားလုံး ယူကျုံးမရ ဝမ်းနည်းခဲ့ရသည်။ မြန်မာ့သမိုင်းတွင် ဖျက်မရသော အမည်းစက်ဖြစ်ခဲ့ရသည်။ လွတ်လပ်ရေးအမျိုးသားရေးတို့အတွက် အားမာန်အပြည့် ကြိုးပမ်းချိန် ရေတိမ်နစ်ခဲ့ရသူများမှာ စစ်ရေးခေါင်းဆောင် နိုင်ငံရေးခေါင်းဆောင် စီးပွားရေးခေါင်းဆောင်များဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၊ ၎င်း၏အစ်ကို ဦးဘဝင်း၊ ဒီးဒုတ်ဦးဘချို၊ ဦးရာဇတ်၊ သခင်မြ၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ အတွင်းဝန် ဦးအုန်းမောင်၊ သက်တော်စောင့်ကိုထွေးတို့ ဖြစ်ကြသည်။

ထူးခြားသည်မှာ ကျဆုံးသူများတွင် အမျိုးသားကျောင်းဆရာလေးဦး ပါဝင်သည်။ ဦးဘဝင်း၊ သခင်မြ၊ ဦးဘချို၊ ဦးရာဇတ်တို့ဖြစ်သည်။ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်းက ရှမ်းတိုင်းရင်းသား၊ မန်းဘခိုင်က ကရင်အမျိုးသားဖြစ်ကြသည်။ မည်သို့ပင်ဖြစ်စေ အာဇာနည်ကြီးများသည် အမျိုးဘာသာသာသနာအတွက် စိတ်ဓာတ်ခွန်အားအပြည့် အားမာန်ပါပါဆောင်ကြဉ်းကြသူများဖြစ်လေသည်။ အာဇာနည်များ ကျဆုံးရခြင်းသည် မိသားစုအရေးမဟုတ်။ တိုင်းရေးပြည်မှုဖြစ်ပေသည်။ ထို့ကြောင့်ကျဆုံးပြီးချိန်တွင် ၎င်းတို့ ရုပ်ကလာပ်များကို ရန်ကုန်မြို့ ဂျူဗလီဟောတွင် ဆယ်လတိုင်တိုင်ထားရှိသည်။ ပြည်သူတို့က ဝမ်းနည်းတသ ဂါရဝပြုကြသည်။ ၎င်းတို့တွင် စာရေးသူ၏ ဖခင်လည်း ပါဝင်ခဲ့သည်။ ဖခင်ကြီးက အာဇာနည်နေ့ရောက်တိုင်း ထိုအကြောင်းအရာကို တသသပြောတတ်သည်။

ဗိုလ်ချုပ်တို့ကွယ်လွန်ပြီး ဆယ်စုနှစ်တစ်ခုကျော်ကဖြစ်သည်။ ထိုအချိန်က ထုတ်ဝေသော သတင်းစာတစ်စောင်၏ အာဇာနည်နေ့အထူးထုတ် သတင်းစာတစ်စောင်ထဲက ဗိုလ်ချုပ်နှင့်ဦးဘဝင်းတို့၏ မိခင်ဒေါ်စု သက်ရှိထင်ရှားရှိသေးသည်။ မိခင်ကြီးက သားနှစ်ဦး တစ်ချိန်တည်းတစ်ပြိုင်တည်း သေဆုံးခဲ့ရသည့်အဖြစ်က သူမအတွက် နေ့စဉ်အာဇာနည်နေ့ပါပဲဟုဆိုခဲ့ရာ သမိုင်းဝင်စကားဖြစ်ပြီး ယခုတိုင်မမေ့နိုင်ပါပေ။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ကြီးများသည် မျိုးရိုးနှင့်တန်ဖိုးရှိသူများဖြစ်ကြသည်။ သူတို့၏ စိတ်ထားစေတနာခံယူချက်များက သန့်ရှင်းသည်။ ပရဟိတစိတ်ပိုင်ရှင်များအဖြစ် အပြောမဟုတ် လက်တွေ့ဖြင့် စွန့်လွှတ်စွန့်စားကြ၏။ ထို့ကြောင့် သမိုင်းမော်ကွန်းထိုးရခြင်းဖြစ်သည်။

အာဇာနည်နေ့ဟူသည် အာဇာနည်ကြီးများ၏ မျှော်မှန်းလမ်းညွှန်ချက်ကို အမြဲမပြတ်သတိရခြင်းနှင့်အတူ ခေတ်မီဖွံ့ဖြိုးသော၊ စည်းလုံးညီညွတ်သော၊ ဥစ္စာဓနနှင့် အင်အားခိုင်မာတောင့်တင်းသော နိုင်ငံတည်ဆောက်ရာတွင် စိတ်ဓာတ်ခိုင်မာကြဖို့ဖြစ်သည်။ စည်းကမ်းရှိသောနိုင်ငံ၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဆိုသည့် လောကပါလတရား ထွန်းကားသော ဘိုးဘွားတို့၏ ကောင်းမြတ်သော အမွေအနှစ်တို့ကို ဖော်ဆောင်ကြဖို့သာဖြစ်ကြရမည်။ မြန်မာနိုင်ငံသည် သူရဲကောင်းတို့ ထွန်းကားရာ အာဇာနည်များ ပေါက်ဖွားရာ ဘူမိနက်သန်ဖြစ်သည်။

မြန်မာနိုင်ငံသားများသည် ဗိုလ်ချုပ်၏ မိန့်ခွန်းများကို ယဉ်ပါးကြပြီးဖြစ်သည်။ စရိုက်နှင့် သဘာဝရုပ်ပုံလွှာ အားမာန်တွေ ပေါ်လွင်သည်။ စောင့်ထိန်းရမည့်ကျင့်ဝတ်တွေ၊ စည်းကမ်းတွေ၊ အာဇာနည်စိတ်ထားတွေကို ရှင်းလင်းစွာ နားလည်ကြရသည်။ သမိုင်းဝင် ဆိုရန်တိုဗီလာ စီမံကိန်း မိန့်ခွန်းပြောဟောသည့် အဆောက်အအုံ၌ စာရေးသူတာဝန်ထမ်းရွက်ခဲ့ဖူးရာ ထူးခြားသည့် အထိအတွေ့ ရှိခဲ့ရပေသည်။ ဗိုလ်ချုပ်၏ တိမ်မြုပ်နေသော မိန့်ခွန်းများ၊ ပုံနှိပ်ထုတ်ဝေရန် မူမှန်ဖြစ်စေရန် သူ၏လုပ်ဖော်ကိုင်ဖက် မြူမင်းကြီးဟောင်း ဦးထွန်းအုံ၊ ဗိုလ်ချုပ်၏ အပါးတော်မြဲ ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း) တို့နှင့် တွေ့ဆုံမေးမြန်းညှိနှိုင်းခဲ့ဖူးရာ ဗိုလ်ချုပ်၏ စိတ်နေစိတ်ထားနှင့် အာဇာနည်နှလုံးသားကို ပေါ်လွင်စွာ နားလည်ခဲ့ရသဖြင့် ကျေးဇူးကြီးရပေသည်။

သို့ဖြစ်ပေရာ အာဇာနည်နေ့ ရောက်တိုင်း အထိမ်းအမှတ်ပွဲများ ခင်းကျင်းဆောင်ရွက်ကြရာတွင် အာဇာနည်စိတ်ဓာတ်အလျဉ်းမပြတ်အောင်မျိုးဆက်လူငယ်များအား လက်ဆင့်ကမ်းခြင်းဟု ဆိုချင်ပေသည်။အာဇာနည်စိတ်ဓာတ်သည် ကောက်ရိုးမီးသဖွယ် မဟုတ်၊မီးကျီးမီးခဲအသွင်ဖြစ်လေသည်။ တစ်မျိုးသားလုံးနှင့် သက်ဆိုင်ပါသည်။ အောက်မေ့တမ်းတခြင်းအပြင် လက်တွေ့ဆောင်ကြဉ်းကြရာ၌ တို့ဗမာအစည်းအရုံး ခေတ်သီချင်းထဲက တို့ခေတ်ကျမှ ညံ့ရာကျမည့် အဖြစ်မျိုး မရောက်အောင် ကြိုးပမ်းကြရမည်သာဖြစ်သည်။

အမျိုးသားရေးနှင့် အာဇာနည်စိတ်ဓာတ်ကား အနာဂတ် နိုင်ငံ့သမိုင်းတစ်လျှောက် အလျဉ်မပြတ် စီးဆင်းအပ်ဖို့သာ ဖြစ်သည်ဟုယုံကြည်ပေသည်။

အာဇာနည်နေ့ မမေ့နိုင်ပါသည်

☆ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်း၊ မြန့်တိုင်းဌာနီ
နယ်ချဲ့လက်အောက် ကျရောက်ခဲ့ဖူးပြီ
ဘုန်းတန်ခိုးမစည် မှိန်ပြီညှိုးလျ
သူ့ကျွန်ဘဝ၊ ကံနိမ့်ကျ
တိုင်းကားပြည်ခွင် နွမ်းသည်နှင့်လေး။ ။

☆ အားသစ်ကြိုးပမ်း "သခင်အောင်ဆန်း" ပေါ်ထွန်းတင်
ရဲဘော်သုံးကျိပ် စေ့သိပ်စစ်ပညာသင်
တို့တိုင်းပြည်ခွင် မြူတိမ်စင် လွတ်လပ်ဖို့
နယ်ချဲ့ဖက်ဆစ်ရန် များတွန်းလှန်
အားမာန်ပြည်ခွင် လွှမ်းသည်နှင့်လေး။ ။

☆ မြန်မာပြည် လွတ်လပ်ရေးမျှော်တွေးတိုက်ပွဲဝင်
"အောင်ဆန်း၊ တေဇ" လုံ့လဖွဲ့မလျှော့သမိုင်းတာဝန်
စိတ်ထားဖြူစင် စွန့်လွှတ်အစဉ်ကိုယ်ကျိုး
ရိုးသားဖြောင့်မှန်သူ "ဗိုလ်ချုပ်" ဟု
ပြည်သူလေးမြတ်ကြသည်နှင့်လေး။ ။

☆ တစ်ဆယ့်ကိုး ဇူလိုင်လ၊ ကျဆုံးရအာဇာနည်တွေ
မိုးသားအုံ့ထွေ မှိုင်းဝေသည့်လ
စိတ်ဝမ်းလှိုက်လှဲ၊ လွမ်းကြေကွဲ
ဝမ်းနည်းပြည်သူများသည်နှင့်လေး။ ။

☆ "လွတ်လပ်ရေး ဖခင်ကြီး"ဟု
အလေးပြုမြတ်နိုးစေ့ဆော်
ပြည်သူများက ကိုးစားကြည်ယုံ သဒ္ဒါခဲ့သနော်
"ဗိုလ်ချုပ်" ကို ချစ်ကြည်ပါသော် သူ့မှာစကား
လေးစားလိုက်နာကြဖို့တော်
တိုင်းရင်းသား ညီနောင်သားချင်းအဖော်
တို့မြေပေါ်ချစ်ကြည်ညွှန်း
လျှံထွန်းဂုဏ်ဝေ မိမြန်ပြည်
အစွန့်ရှည်တည်မြဲစေဖို့လေး။ ။

☆ ကမ္ဘာတည်သရွေ့ သမိုင်းတစ်ကွေ့ မော်ကွန်းညီ
အာဇာနည်နေ့ မမေ့နိုင်ပါသည်။ ။

ဌေး(မော်ဝန်း)

ဆီးဂိမ်းပိုစတာမှ ဗီယက်နမ်နိုင်ငံအလံ အရောင်မှားယွင်းနေမှု ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်

ကော့သောင်း ဇူလိုင် ၁၈

ကော့သောင်းခရိုင် ကော့သောင်းမြို့တွင် ဇွန် ၁၉ ရက်က စတင်စိုက်ထူခဲ့သည့် မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)အကြို လှုံ့ဆော်ရေးမြေစိုက်ပိုစတာကြီး ဒီဇိုင်းရေးဆွဲဖန်တီးမှုတွင် ဇူလိုင် ၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၁ ပါ ဗီယက်နမ်နိုင်ငံအလံ အရောင်မှားယွင်းနေခြင်းသတင်းကို ဖတ်ကြရပြီး နောက်တစ်နေ့ နံနက်ပိုင်းတွင် အဆိုပါအလံ၏ အရောင်ကို အမှန်ပြန်လည်ပြင်ဆင်ထားကြောင်း တွေ့ရှိရသည်။

အဆိုပါ မှားယွင်းမှုကိုစုံစမ်းသိရှိရသည်မှာ မြေစိုက်ပိုစတာဗီနိုင်းဒီဇိုင်းကို ကုမ္ပဏီများက စပွန်ဆာပေးပြီး ၎င်းတို့၏ အစီအစဉ်ဖြင့် အသင့်ပြုလုပ်ဆောင်ရွက်ကြကာသက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်များသို့ ပေးပို့ကာ ခရိုင်/မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနအား တာဝန်ပေးစိုက်ထူစေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

ခေါင်းဆောင်မှုစွမ်းရည်တိုးမြှင့်ရေး သင်တန်းသားများ စင်ကာပူနိုင်ငံသို့လေ့လာရေးထွက်ခွာ

နေပြည်တော် ဇူလိုင် ၁၈

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ နိုင်ငံ့ဝန်ထမ်းများ၏ ခေါင်းဆောင်မှုစွမ်းရည် တိုးမြင့်လာစေရန် အခြေခံဗဟုသုတနှင့် ကျွမ်းကျင်မှုများကြောင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ လူ့စွမ်းအား အရင်းအမြစ်စီမံခန့်ခွဲမှု၊ မိမိဆောင်ရွက်ရသည့် လုပ်ငန်းတာဝန်များကို တာဝန်ယူတာဝန်ခံမှုနှင့် ကောင်းမွန်စွာ အုပ်ချုပ်နိုင်ရေးအတွက် ထိရောက်သည့် မူဝါဒချမှတ်သူများဖြစ်လာစေရန်အတွက် အင်္ဂလိပ်စာ အရည်အသွေး တိုးတက်ရေးနှင့် မြန်မာနိုင်ငံ၏ ဒေသဆိုင်ရာစီမံခန့်ခွဲမှုသင်တန်းကို သင်တန်းကာလ ရက်သတ္တခြောက်ပတ်နှင့် စင်ကာပူသမ္မတနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအတွေ့အကြုံလေ့လာရေးကို ရက်သတ္တတစ်ပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပြီး ကချင်ပြည်နယ်မှ လေးဦး၊ ကယားပြည်နယ်မှသုံးဦး၊ ကရင်ပြည်နယ်မှ နှစ်ဦး၊ ချင်းပြည်နယ်မှ ၁၁ ဦး၊ မွန်ပြည်နယ်မှ နှစ်ဦး၊ ရခိုင်ပြည်နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ်မှ ၁၀ ဦး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၃ ဦး တက်ရောက်ခဲ့ကြကာ စင်ကာပူသမ္မတနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အတွေ့အကြုံများကို ရက်သတ္တတစ်ပတ်အကြာ လေ့လာရန် ဇူလိုင် ၁၆ ရက်နံနက်ပိုင်းက စင်ကာပူနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဇာနည်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

တောင်ငူ ဇူလိုင် ၁၈

၂၀၁၃ခုနှစ်ဇူလိုင် ၁၉ ရက်တွင် ကျရောက်သော (၆၆) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ကျောင်းပေါင်းစုံမြို့နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို တောင်ငူမြို့ ခပေါင်းခန်းမ၌ ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။ ပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦးနှင့်အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦးက ကမ္ဘာတည်သရွေ့အာဇာနည်နေ့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မမေ့အပ်သောအာဇာနည်နေ့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လွတ်လပ်ရေး အနှစ်သာရနှင့် ထိန်းသိမ်းသင့် ပုံခေါင်းစဉ်ဖြင့်လည်းကောင်း ပြိုင်ပွဲဝင်များက မဲနှိုက်၍ယှဉ်ပြိုင်ကြပြီး ဇူလိုင် ၁၈ ရက်တွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများက အာဇာနည်နေ့နှင့်ပတ်သက်သည့်ကဗျာများကို ယှဉ်ပြိုင်ရွတ်ဆိုကြသည်။ **(အပေါ်ပုံ)**

အဆိုပါပြိုင်ပွဲသို့ တောင်ငူခရိုင်ပညာရေးမှူးနှင့်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊တာဝန်ရှိသူများက တက်ရောက်အားပေးကြကြောင်း သိရသည်။

သူရ(တောင်ငူ)

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလိုပါလျှင် အပတ်စဉ် သောကြာနေ့တိုင်းထုတ်ဝေသည့် မြန်မာ့အလင်း အားကစားအချပ်ပိုကဏ္ဍတွင် ထည့်သွင်းကြော်ငြာပါ။

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

တည်ဆောက်ပြီး ဆည်၊ တာတမံများ ပြုပြင်ထိန်းသိမ်းခြင်းတို့ကို လုပ်ငန်းပမာဏနှင့် အခြေအနေအပေါ်မူတည်၍ စက်ယန္တရားများခွဲဝေချထား

ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၈

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို အစီအစဉ် (၁၀) ခုဖြင့် ဆောင်ရွက်ခဲ့ပြီး မေးခွန်း (၁၀) ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်း၊ ဥပဒေကြမ်းတစ်ခုနှင့်စပ်လျဉ်း၍ အဆိုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ **ရခိုင်ပြည်နယ်အတွင်းရှိ ဆည်မြောင်း တာတမံ၊ အစိုးရတာ၊ လယ်သမားတာများကိုဆည်ပို့ရာတွင် ရေငန်တာတမံ (ကာရီ)များဖြစ်နိုင်ရန် အစိုးရဌာနပိုင် စက်ယန္တရားအရေအတွက်ကို တိုးချဲ့ချထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ဆည်မြောင်းဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် စီမံကိန်းလုပ်ငန်းများ တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး ဆည်၊ တာတမံများ ပြုပြင်ထိန်းသိမ်းခြင်း၊ ဆည်မြောင်းလုပ်ငန်းငယ်များ တည်ဆောက်ပေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းစသည်တို့ကို ဆောင်ရွက်ပေးရသည့် လုပ်ငန်းပမာဏနှင့် အခြေအနေ အရပ်ရပ်အပေါ် မူတည်၍ စက်ယန္တရားများကို ခွဲဝေချထား ဆောင်ရွက်ပေး လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဆောင်ရွက်ပေး

ထို့ပြင် ဒုတိယဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း ဆည်မြောင်းလုပ်ငန်းများဖြစ်သည့် ရေငန်တား တာများ တည်ဆောက်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း စသည့်လုပ်ငန်းများဆောင်ရွက်နိုင်ရန် မြေတူးစက်ခုနစ်စီး၊ မြေထိုးစက်ခြောက်စီး၊ မြေသယ်ယာဉ် ရှစ်စီး စုစုပေါင်း စက်ယန္တရား ၂၁ စီး ခွဲဝေချထားပေးပြီး ဖြစ်ပါကြောင်း၊ အဆိုပါ စက်ယန္တရားများမှ မြေနီတောင် ရေငန်တား တာတမံတည်ဆောက်ခြင်း လုပ်ငန်းတွင် မြေတူးစက်နှစ်စီး၊ မြေထိုးစက်သုံးစီး၊ မြေသယ်ယာဉ် ရှစ်စီး၊ မြေပုံမြို့နယ် ငမန်းရဲကျွန်း ရေငန်တားတာ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းတွင် မြေတူးစက်ငါးစီး၊ မြေထိုးစက်သုံးစီးတို့ကို ခွဲဝေချထား၍ လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြေပျော့၊ မြေနိမ့်ပိုင်းနှင့် ချောင်းမြောင်းများပေါများသည့် ဒေသများ၌ စက်ယန္တရားကြီးများ သယ်ယူပို့ဆောင်ရာတွင် ဇက်ရေယာဉ်များကို ခက်ခဲစွာ အသုံးပြုရခြင်း၊ စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်ရန်ခက်ခဲခြင်းနှင့် ပို့မြေအတွက် မြေငှားရယူနိုင်သည့်နေရာများသို့ မြေသယ်ယာဉ်များ ဝင်ရောက်ရန် ခက်ခဲခြင်းစသည်တို့ကြောင့် စက်ယန္တရားများ အသုံးမပြုဘဲ လူအင်အားဖြင့်သာ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ စက်ယန္တရားများဖြင့် ဆောင်ရွက်ရန်လိုအပ်ပြီး ဆောင်ရွက်ပေးရန်လည်း အခြေအနေပေးသည့် နေရာဒေသရှိ လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် စက်ယန္တရားများပေးပို့ရန် ခက်ခဲသော လုပ်ငန်းနှင့် ပမာဏသေးငယ်သည့် လုပ်ငန်းများကိုမူ လူအင်အားဖြင့် စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာနက တင်သွင်းသော **မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြင်ဆင်ဆွေးနွေးမည့်ကိုယ်စားလှယ် မရှိသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင်က "မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြင်တာက သိပ်အများကြီးမဟုတ်ပါဘူး။ ခေတ်ကာလနဲ့ လျော်ညီအောင် အသုံးအနှုန်းလေးတွေ ပြင်လိုက်တာပါ။ အရင်ခေတ်ကပြဋ္ဌာန်းခဲ့တဲ့ အသုံးအနှုန်းတွေနဲ့ အခုအသုံးအနှုန်းတွေ ညီသွားအောင် ပြင်လိုက်တာ၊ ဥပမာဆိုရင် ကျန်းမာရေးဦးစီးဌာနဆိုတဲ့ ဟာမျိုး ပြင်တယ်။

မျက်စိလှူဒါန်းခြင်းရဲ့ အဓိကရည်ရွယ်ချက်က မျက်ကြည်လွှာထုတ်ဖို့ပါ။ မျက်ကြည်လွှာကို ထုတ်တာဆိုတော့ အရင်ဥပဒေမှာက မျက်ကြည်လွှာလို့ပဲ ရေးထားတယ်။ ဒါပေမယ့် လုပ်ငန်းသဘောတရားအရ မျက်စိတစ်ခုလုံးကို ထုတ်ရတာဖြစ်တဲ့အတွက် မျက်စိဆိုတဲ့စကားလုံးနဲ့ အစားထိုးလိုက်တယ်။ သိပ်အများကြီး မဟုတ်ပေမယ့် ဖြစ်သင့်တဲ့ဟာမျိုးပေါ့၊ နောက်ပြီး မူလဥပဒေမှာ မျက်စိထုတ်ယူရေး သင်တန်းဆိုပြီးပါတယ်။ ဒါပေမယ့် ကျန်းမာရေးဦးစီးဌာနမှာ ရှိတဲ့သင်တန်းက မျက်စိဘဏ် ကျွမ်းကျင်သူ သင်တန်းဆိုတာပဲရှိတယ်။ ဒါကြောင့် ကျန်းမာရေးဦးစီးဌာနက ဖွင့်တဲ့ သင်တန်းနာမည် အမှန်ဖြစ်သွားအောင်ပြင်လိုက်တယ်၊ ဒီလောက်ပါပဲ" ဟု ပြောပြခဲ့သည်။

ဆက်လက်ကျင်းပ

အစည်းအဝေးကို နံနက် ၁၁ နာရီ ၂၅ မိနစ်တွင်ရပ်နားခဲ့ပြီး အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

အစားထိုးကုသခြင်းနှင့် ပတ်သက်သည့် တည်ဆဲကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ ဥပဒေတစ်ခုလုံး အသစ်ပြန်လည်ရေးဆွဲလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၈

ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ်(၇)ခုဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ ဂန့်ဂေါ-ပုလဲကားလမ်း ကျောကျေးရွာအနီး မိုင်တိုင်(၇၃)၌ တည်ဆောက်လျက်ရှိသော မြေထိန်းနံရံကြီးတည်ဆောက်ခြင်းသည် မည်သည့်ရည်ရွယ်ချက်ဖြင့် တည်ဆောက်သည်၊ ဘတ်ဂျက်ငွေ မည်မျှသုံးစွဲထားသည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က မုံရွာ-ပုလဲ-ဂန့်ဂေါ-ကလေးလမ်းသည် အာဆီယံ လမ်းမကြီးဖြစ်ပြီး လမ်းအင်္ဂါရပ်နှင့်ညီညွတ်စေရန်နှင့် သပ်ရပ်ကောင်းမွန်စေရန်တို့အတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိုင်တိုင် (၇၃/၀)နေရာသည် ကျောရွာအထွက်နေရာဖြစ်ပြီး ရွာသူ ရွာသားများ နေ့စဉ်မပြတ်အသုံးပြုလျက်ရှိသော လူသွားလူလာများသည့် လမ်းပိုင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုပါနေရာတွင် မြေထိန်းနံရံနှင့် ကျောက်စီရေမြောင်း ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ကျောကျေးရွာအနီးရှိ မိုင်တိုင်(၇၀/၅)မှ (၇၃/၂)အတွင်း ကျောက်စီမြေထိန်းနံရံ ပေ ၃၂၀၀ နှင့် ကျောက်စီရေမြောင်း ပေ ၄၄၀ တို့ကို ရန်ပုံငွေကျပ် ၂၅၇ ဒသမ ၁၇ သန်းဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ရှင်းလင်းဖြေကြားရာတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဆွန်ဒုတ်ကျင့်၏ ချင်းပြည်နယ် တီးတိန်မြို့နယ် ဟေလေးကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနသို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းချက်နှင့် စပ်လျဉ်း၍ ချင်းပြည်နယ် တီးတိန်မြို့နယ် ဟေလေးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(၁)ခု အသစ်ဖွင့်လှစ်ပေးရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး၏ ကျောက်ကပ်အစားထိုးခြင်းဆိုင်ရာ ဥပဒေကို ရေးဆွဲနေမှုအခြေအနေ၊ မည်သည့်ကာလတွင် အစောဆုံး ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် ဥပဒေရေးဆွဲနေစဉ် ကာလအတွင်း ကျောက်ကပ်ဝေဒနာရှင်များအတွက် မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ကျောက်ကပ်အစားထိုးကုသခြင်းသာမက ကိုယ်အင်္ဂါအစိတ်အပိုင်းများ အစားထိုးကုသခြင်း (Organ Transplant) နှင့်ပတ်သက်သည့် တည်ဆဲကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေတစ်ခုလုံးကို အသစ်ပြန်လည်ရေးဆွဲလျက်ရှိရာ ကျောက်ကပ်အစားထိုးခြင်းကို ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေတွင်ထည့်သွင်း၍ ဥပဒေ(မူကြမ်း) အသစ်ပြန်လည်ရေးဆွဲပြီးဖြစ်ပါကြောင်း၊ အဆိုပါဥပဒေ(မူကြမ်း)ကို ကျွမ်းကျင်ပညာရှင်များ၏ သဘောထားမှတ်ချက်များ တောင်းခံရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ အသစ်ပြန်လည်ပြင်ဆင်ရေးဆွဲသည့် ဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခြင်းမပြုရသေးသည့် အချိန်ကာလအတွင်း တည်ဆဲဥပဒေပါအတိုင်း လိုက်နာကျင့်သုံး၍ ကျောက်ကပ်ဝေဒနာရှင်များအတွက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ခန့်ထားပေး

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း၏ ထန်တလန်ပြည်သူ့ဆေးရုံတွင် သွားဘက်ဆိုင်ရာဆရာဝန် ခန့်ထားပေးရန်နှင့် လူနာသီးသန့်ဆောင်ဆောက်လုပ်ပေးပါရန်၊ ထန်တလန်ပြည်သူ့ဆေးရုံ၊ မှောင်တလန် တိုက်နယ်ဆေးရုံနှင့် လုံလဲရ်တိုက်နယ်ဆေးရုံများတွင် ဆေးပဒေသာပင် ဆက်လက်စိုက်ထူပေးရန်နှင့် လိုအပ်သောခွဲစိတ်ကိရိယာများ ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ချင်းပြည်နယ် ထန်တလန်မြို့နယ် ပြည်သူ့ဆေးရုံတွင် လစ်လပ်လျက်ရှိသော သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးအား သစ်လွင်သွားဘက်ဆိုင်ရာဆရာဝန်များ ခန့်ထားခွင့်ရရှိသောအခါ ခန့်ထားပေးမည်ဖြစ်ပါကြောင်း။

ဆေးရုံတွင် သီးသန့်လူနာဆောင် ဆောက်လုပ်နိုင်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အဆိုပြုလျာထားပြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

စိုက်ထူထား

ချင်းပြည်နယ် ထန်တလန်မြို့နယ် ပြည်သူ့ဆေးရုံတွင် ၂၀၀၀ ခုနှစ်မှစ၍ ငွေကျပ် ၆၀၀၀၀ ဖြင့် ဆေးပဒေသာပင် စိုက်ထူခဲ့ရာ ယနေ့အထိ ဆေးပဒေသာပင်ငွေကျပ် ၁၉၈ သိန်း၊ မှောင်တလန် တိုက်နယ်ဆေးရုံ၌ ၂၀၀၃ ခုနှစ်မှ စတင်၍ ငွေကျပ် ၁၅ သိန်းဖြင့် ဆေးပဒေသာပင်စိုက်ထူခဲ့ရာ ယနေ့အထိ ငွေကျပ် ၃၃၆၇၀၀၀ နှင့် လုံလဲရ်တိုက်နယ်ဆေးရုံ၌ ၂၀၀၃ ခုနှစ်မှ စတင်၍ ငွေကျပ် ၁၅ သိန်းဖြင့် ဆေးပဒေသာပင်စိုက်ထူခဲ့ရာ ယနေ့အထိ ငွေကျပ် ၃၄၂၆၀၀၀ စိုက်ထူထားရှိပြီးဖြစ်ပါကြောင်း။

ချင်းပြည်နယ် ထန်တလန်မြို့နယ် ပြည်သူ့ဆေးရုံအတွက် လိုအပ်သော Major Operation Set တစ်စုံ၊ Minor Operation Set တစ်စုံ၊ Nursing Station Unit တစ်စုံ၊ Operation Lamp (4 bulbs) တစ်စုံ၊ Air Sep တစ်လုံး၊ Sphymomanometer နှစ်ခုတို့ကို ထောက်ပံ့ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မှောင်တလန်တိုက်နယ်ဆေးရုံနှင့် လုံလဲရ်တိုက်နယ်ဆေးရုံများ၌ အဆင့်မီခွဲစိတ်ခန်းများ ဆောက်လုပ်ထားခြင်း မရှိသေးပါသဖြင့် အဆိုပါဆေးရုံများအတွက် ခွဲစိတ်ခန်းသုံးပစ္စည်းများ ထောက်ပံ့ပေးရန် လောလောဆယ်အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။

ရယူအတည်ပြု

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပေးပို့လာသော ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

အစည်းအဝေးကို နံနက်ပိုင်းတွင် ကျင်းပပြီးစီးပြီး အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

မြန်မာ-ပြင်သစ် နှစ်နိုင်ငံဆက်ဆံရေးကို အသစ်တစ်ဖန်ပြန်လည်တိုးမြှင့်နိုင်ရန် ပြင်သစ်ကုမ္ပဏီများကိုလည်း ဖိတ်ခေါ်

ပါရီ ဇူလိုင် ၁၈

ပြင်သစ်သမ္မတနိုင်ငံ ပါရီမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြင်သစ်နိုင်ငံ အခြေစိုက်စီးပွားရေးလုပ်ငန်းရှင်များအသင်းမှ လုပ်ငန်းရှင်များအား ဇူလိုင် ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် MEDEF International ၌ တွေ့ဆုံဆွေးနွေးသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြင်သစ်နိုင်ငံ အခြေစိုက်စီးပွားရေးလုပ်ငန်းရှင်များအသင်းမှ လုပ်ငန်းရှင်များအား MEDEF International ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် MEDEF International သို့ ရောက်ရှိလာရာ ဥက္ကဋ္ဌ Mr.Jean BURELLE က ခရီးဦးကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဆွေးနွေးပွဲကို အစည်းအဝေးခန်းမ၌ ကျင်းပရာ MEDEF International ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးအလားအလာသည် မြန်မာပြည်သူပြည်သားများ၏ မျှော်လင့်ချက်ပင်ဖြစ်ပါကြောင်း၊ ပြည်သူ ပြည်သားများ၏ မျှော်လင့်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးရန် တာဝန်သည် မိမိတို့အစိုးရ၏ တာဝန်ပင် ဖြစ်ပါကြောင်း၊ ရှင်သန်သည့်ဈေးကွက်စီးပွားရေးစနစ်၊ ပြင်သစ်နိုင်ငံ အပါအဝင် ကမ္ဘာတစ်လွှားမှ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နိုင်မည့် ရင်းနှီးမြှုပ်နှံမှု အခြေအနေတစ်ရပ် ဖြစ်ပေါ်လာအောင် လိုအပ်သည့် အခြေခံအုတ်မြစ်များ ချမှတ်ပေးသွားရန် မိမိတို့အစိုးရအနေဖြင့် စိတ်ပိုင်းဖြတ်ထားပါကြောင်း။

မိမိတို့အနေဖြင့် တရားမျှတမှု၊ အားလုံးတန်းတူရည်တူ ပါဝင်ခွင့်ရှိသည့် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းကာကွယ်နိုင်ပြီး ကြွယ်ဝသည့်သဘာဝရင်းမြစ်များကို အသုံးပြုနိုင်မည့် စီးပွားရေးစနစ်တစ်ခု ဖြစ်အောင် ကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ အစိုးရအဖွဲ့အနေဖြင့် လွှတ်တော်နှင့် ညှိနှိုင်းဆောင်ရွက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို အတည်ပြု ပြဋ္ဌာန်းပေးနိုင်ခဲ့ပါကြောင်း၊ အဆိုပါဥပဒေသည် ရင်းနှီးမြှုပ်နှံသူများအတွက်ရော မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက်ပါ အပြန်အလှန်အကျိုးရှိစေသည့် နိုင်ငံတကာစံချိန်မီ ဥပဒေတစ်ရပ်ဖြစ်ပါကြောင်း၊ ဆက်လက်၍ ပိုမိုပွင့်လင်းမြင်သာသည့် တာဝန်ခံမှုရှိသည့် တစ်သမတ်တည်းသော လုပ်ထုံးလုပ်နည်းများ ဖြစ်ပေါ်လာအောင် ဆောင်ရွက်နေဆဲ ဖြစ်ပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုများကို အားပေးမှုနှင့် တစ်ပြိုင်တည်း၌ပင် မြန်မာလူထု၏ လူမှုဘဝ သာယာဖူလုံရေးကိုလည်း တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်သွားရမည် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မကြာသေးမီကာလက EITI Leading Authority ကို ဖွဲ့စည်းပေးထားပြီး EITI ကိစ္စများတွင် မိမိတို့ပါဝင်ရန် ဆုံးဖြတ်ချက်အတွက် လိုအပ်သည့်ကိစ္စများ ဆောင်ရွက်ရန် ရှိနေပါကြောင်း၊ ပြည်သူလူထု၏ ဆန္ဒနှင့်အညီ တာဝန်သိတတ်သည့် ရင်းနှီးမြှုပ်နှံမှုများဖြစ်ရန် မိမိတို့အစိုးရအနေဖြင့် မြန်မာ့သဘာဝရင်းမြစ်များ အုပ်ချုပ်စီမံမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးရေး မူဘောင်ကိုလည်း လေးလေးနက်နက် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း။

လူလတ်တန်းစား အလွှာသည် နိုင်ငံကို ခိုင်မာရှင်သန်စေပြီး တည်ငြိမ်အေးချမ်းအောင် ကူညီပေးနိုင်သည့်အတွက် ရှင်သန်ကြံ့ခိုင်သော လူလတ်တန်းစားအလွှာ တစ်ရပ် ပေါ်ပေါက်လာအောင် မိမိတို့အနေဖြင့် ကြိုးပမ်းလုပ်ဆောင်နေပါကြောင်း၊ ထိုကဲ့သို့ ရလဒ်ကောင်းများ ပေါ်ထွန်းလာနိုင်ရန် ပြင်သစ်ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံကို လာရောက် ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံသူများ ယုံကြည်မှုမြင့်မားအောင် ရင်းနှီးမြှုပ်နှံမှုများသည် တာဝန်သိသော ရင်းနှီးမြှုပ်နှံမှုများ ဖြစ်လာအောင် မည်ကဲ့သို့ ဆောင်ရွက်သင့်သည်နှင့် စပ်လျဉ်းသည့် အကြံဉာဏ်များကိုလည်း ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံကို လာရောက် ရင်းနှီးမြှုပ်နှံပြီး မြန်မာ-ပြင်သစ် နှစ်နိုင်ငံဆက်ဆံရေးကို အသစ်တစ်ဖန် ပြန်လည်တိုးမြှင့်နိုင်ရန် ပြင်သစ်ကုမ္ပဏီများကိုလည်း ဖိတ်ခေါ်လိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းရာ နိုင်ငံတော်သမ္မတနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ALSTOM INTERNATIONAL ဥက္ကဋ္ဌ Philippe DELLEUR ၊ CCG VERITAS ဥက္ကဋ္ဌ Jean-Georges MALCOR ၊ ORANGE ဥက္ကဋ္ဌ Stephane RICHARD တို့အား သီးခြားစီတွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးဝဏ္ဏမောင်လွင်၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဌေးဦး၊ မြန်မာသံအမတ်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် MEDEF International မှ ပါရီမြို့တွင်း ထင်ရှားသောနေရာဖြစ်သည့် အီဖယ်လ်တာဝါ (Eiffel Tower) သို့လေ့လာကြည့်ရှုပြီး အောင်မြင်ခြင်းမုခ်ဦး (Arc de Triomphe) အားယာဉ်ပေါ်မှ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

Eiffel Tower သည် ပြင်သစ်နိုင်ငံ ပါရီမြို့ Champ De Mars လမ်းမကြီးပေါ်၌ တည်ရှိသည့် သံထည်အဆောက်အအုံ ဖြစ်သည်။ ၁၈၈၉ ခုနှစ် ကမ္ဘာ့ကုန်သွယ်ရေးပွဲတော်အတွက် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ Gustave Eiffel ဆိုသူ၏ ကုမ္ပဏီမှတည်ဆောက်ခဲ့ခြင်း ဖြစ်၍ ၎င်း၏အမည်ပေးထားခြင်း ဖြစ်သည်။ ယနေ့ ကမ္ဘာပေါ်တွင် အထင်ရှားဆုံး အဆောက်အအုံတစ်ခု ဖြစ်သည်။ ပါရီမြို့တွင်အမြင့်ဆုံး အထိမ်းအမှတ်အဆောက်အအုံဖြစ်ပြီး နှစ်စဉ်

ပြင်သစ်နိုင်ငံ ပါရီမြို့ Champ De
တည်ရှိပြီး ထင်ရှားသောနေရာဖြစ်သည့် အီဖ

○ ကျောဖုံးမှ

မေး။ ။ အားကစားသမားတွေ အပြင် မီဒီယာတွေ၊ နောက် အခြား တက်ရောက်မယ့် သူတွေလည်း လာမှာဆိုတော့…။

ဖြေ။ ။ ဟုတ်ကဲ့၊ ကျွန်တော်တို့ အခန်း ၁၅၉၅ ခန်း လျာထားတဲ့ အထဲမှာ မီဒီယာ ၄၅၀၊ လေ့လာရေးအဖွဲ့ ၄၀၀ အတွက်ကိုလည်း ထည့်သွင်း တွက်ချက်ထားပါတယ်။

မေး။ ။ ရန်ကုန်၊ မန္တလေးနဲ့ အခြားနေရာတွေမှာ တည်းခိုဖို့ အတွက်က ဘယ်လိုများရှိပါသလဲ။

ဖြေ။ ။ ရန်ကုန်မှာ ဟိုတယ် ၁၇ လုံး၊ အခန်း ၈၈၆ ခန်းမှာ တည်းခိုဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ မန္တလေးမှာ ဟိုတယ်ငါးလုံး၊ အခန်း ၁၅၄ ခန်း၊ ငွေဆောင်မှာ ဟိုတယ်သုံးလုံး၊ အခန်း၁၄၀ လျာထားပေးတာမို့ လာရောက်မယ့်သူတွေ တည်းခိုဖို့အခက်အခဲမရှိအောင် စီစဉ်ထားတယ်လို့ ဖြေကြားလိုပါတယ်ခင်ဗျာ။

မေး။ ။ တည်းခို နေထိုင်ဖို့ အဆင်ပြေတယ်လို့ သိရလို့ဝမ်းသာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါက ကျွန်တော်တို့နိုင်ငံရဲ့ ပုံရိပ်ကို ပြရမှာမို့ပါ။ မြန်မာတွေ ဧည့်ဝတ်ကျေတယ်။ တည်းခိုနေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေး အဆင်ပြေတယ်ဆိုရင် တစ်ကြိမ်ရောက်ဖူးတဲ့လူက မြန်မာနိုင်ငံကို သွားလည်ကြလို့ သတင်းစကားပါးမှာပဲ။ ဒါဆို နိုင်ငံအတွက် ခရီးသွားလုပ်ငန်းလည်း အများကြီးကောင်းသွားမယ်။ နောက်ဆုံးအနေနဲ့ မေးချင်တာကတော့ အခြားပြင်ဆင်ဆောင်ရွက်တာ၊ ဝန်ဆောင်မှုကောင်းမွန်ဖို့ ဆောင်ရွက်ထားတာရှိပါသလား၊ ဖြေကြားပေးပါဦးခင်ဗျာ။

ဖြေ။ ။ လာရောက်မယ့် ဧည့်သည်တွေနိုင်ငံတကာအဆင့်မီ တည်းခိုနိုင်ဖို့ ဟိုတယ်တွေကို ပြုပြင်မွမ်းမံတာ ဆောင်ရွက်နေပါတယ်။ ပြီးတော့ ဝန်ဆောင်မှုကောင်းမွန်ပြည့်စုံဖို့အတွက်လည်း သင်တန်းပေးတာတွေ ဆောင်ရွက်နေပါတယ်။

သတင်းအဖွဲ့။ ။ အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ရန်ကုန်မြို့ရှိ Chatrium Hotel ကို တွေ့မြင်ရစဉ်။

စီးပွားရေးဆိုင်ရာ ဟောပြော

ရန်ကုန် ဇူလိုင်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်
ကြီး ရုံးအမှတ် (၂၂၈/၂၄၀) ကမ်းနားလမ်း
ပြည်ဆိုင်ရာကုန်သွယ်မှုသင်တန်းကျောင်း၌ ဇူ
နေ့) နံနက် ၉ နာရီခွဲတွင် Mr.Alexande
Director, Hinhich Foundation) က“ Eff
ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဇူလိုင် ၂၆ ရက်
ခွဲတွင် Mr.Masaki Takahara (Executi
JETRO) က “Trade and Investment Rel
and Japan ” ခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းဒေ
ခန်းမ)၌ စီးပွားရေးဆိုင်ရာ ဟောပြောပွဲကျင်း
မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီး
ကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့
မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။
ချက်မှာ ရခိုင်ကမ်းရိုးတန်းဒေသများတွင်

အချုပ်ပို ပါရှိ

ယနေ့ထုတ် မြ
ကြော်ငြာအချုပ်ပို (က

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းဆောင်ရွက်ရေးနှင့် အပြန်အလှန်ယဉ်ကျေးမှုဖလှယ်ရေးကိစ္စရပ်များကို ဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြင်သစ်-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr.Francois-Michel LAMBERT အား ခေတ္တတည်းခိုသည့် Raphaen Hotel ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပါရီ ဇူလိုင် ၁၈

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြင်သစ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr.Francois-Michel LAMBERT အား ဇူလိုင် ၁၇ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ခေတ္တတည်းခိုသည့် Raphaen Hotel ၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံတွင်လည်း မြန်မာ-ပြင်သစ် ချစ်ကြည်ရေးအသင်းဖွဲ့စည်းနိုင်ရေး၊ ပညာရေးကဏ္ဍတွင် ပြင်သစ်နိုင်ငံမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပါဝင်ကူညီဆောင်ရွက်နိုင်ရေး၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းဆောင်ရွက်ရေးနှင့် အပြန်အလှန်ယဉ်ကျေးမှုဖလှယ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

လက်ခံတွေ့ဆုံ

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယူနက်စကို ညွှန်ကြားရေးမှူးချုပ် Mrs. Irina Bokova အား ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် အဆိုပါဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပျူမြို့ဟောင်းသုံးခုအား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် မြှင့်တင်နိုင်ရေး၊ မြောက်ဦးမြို့အပါအဝင် ရခိုင်ပြည်နယ်ရှိ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းနိုင်ရေး၊ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ကာကွယ်ထိန်းသိမ်းနိုင်ရေး၊ ရန်ကုန်မြို့တော်ရှိ ရှေးဟောင်းအဆောက်အအုံများပြုပြင်ထိန်းသိမ်းရေး၊ ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေးနှင့် အာဆီယံ-ယူနက်စကို ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

...တ်ခေါ်

...နေရာဖြစ်သည့် ...ffel Tower) ...အောင်မြင်ခြင်း ...omphe) အား ...ည်ကြည့်ရှုလေ့ ...သည် ပြင်သစ် ...p De Mars ... တည်ရှိသည့် ...အအုံ ဖြစ်သည်။ ...ကုန်သွယ်ရေး ...ဆောက်ခဲ့ခြင်း ... Eiffel ဆိုသူ ...ာက်ခဲ့ခြင်း ဖြစ် ...းထားခြင်း ဖြစ် ...ါတွင် အထင် ...အအုံတစ်ခု ဖြစ် ...မြင့်ဆုံး အထိမ်း ...အုံဖြစ်ပြီး နှစ်စဉ်

ဧည့်သည်သန်းနှင့်ချီ၍ လာရောက်ကြည့်ရှုကြသည့်နေရာ ဖြစ်သည်။

အမြင့် မီတာ ၃၂၀ (၁၀၅၀ ပေ) ရှိ၍ အထပ် ၈၁ ထပ်ရှိ အဆောက်အအုံတစ်ခုနှင့် အမြင့်တူညီသည်။ တည်ဆောက်ခဲ့စဉ်က အမေရိကန်ပြည်ထောင်စုရှိ Washington ကျောက်တိုင်ထက်မြင့်ခဲ့၍ ကမ္ဘာပေါ်တွင် အမြင့်ဆုံးအဖြစ် (၄၁) နှစ်ကြာ နေရာယူရပ်တည်ခဲ့သည်။ ၁၉၃၀ ခုနှစ် နောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ Chrysler Building ပေါ်ထွက်လာပြီးနောက် အမြင့်ဆုံးအဆောက်အအုံ နေရာမရတော့ဘဲ ၁၉၅၇ ခုနှစ်တွင် ရေဒီယိုထုတ်လွှင့်တိုင် တည်ဆောက်ခဲ့ပြီးနောက် Chrysler Building ထက် မြင့်ခဲ့သည်။ ပြင်သစ်၌ရှိသော အဆောက်အအုံများတွင် Millau Viaduct ပြီးလျှင် ဒုတိယအမြင့်ဆုံးအဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



...ပါရီမြို့ Champ De Mars လမ်းမကြီးပေါ်၌ ...သာနေရာဖြစ်သည့် အီဖယ်လ်တာဝါကို တွေ့မြင်ရစဉ်။ (သတင်းစဉ်)

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ဆုတ်ယုတ်မှုသည် မျိုးဆက်သစ်များကို ပညာသင်ကြားပေးနေသော ဆရာ ဆရာမများ လက်ထဲတွင်ရှိ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အလုံမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းရှိ စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဦးအေးမြင့်ကြူ၊ ဦးငွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိကြပြီး သိပ္ပံခန်းမဆောင်ရှိ အမေရိကန် ဂျွန်ဟော့ကင်းတက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်နေသည့် စာသင်ဆောင်များ၊ ကွန်ပျူတာဖြင့် သင်ကြားသင်ယူမှု စာသင်ဆောင်၊ Assembly Hall ၊ နိုင်ငံတကာအစည်းအဝေးနှင့် ကွန်ဖရင့်များ ကျင်းပနိုင်သည့် ခန်းမဆောင်နှင့် သိပ္ပံဆောင်ပြန်လည်မွမ်းမံထားရှိမှုအခြေအနေများ၊ ဘွဲ့နှင်းသဘင်ခန်းမတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် မြန်မာ-အိန္ဒိယ အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာနသို့ ရောက်ရှိရာ ပါမောက္ခဌာနမှူး ဒေါ်နော်ဂျူးဖောက အဆင့်မြင့်ပညာကဏ္ဍ အင်္ဂလိပ်စာမြှင့်တင်ရေး၊ အခြေခံပညာကဏ္ဍ အင်္ဂလိပ်စာ အဆင့်မြှင့်တင်ရေး ဆောင်ရွက်ချက်များ၊ ပညာရေးဝန်ကြီးဌာနနှင့် အခြား ဝန်ကြီးဌာနများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေမှု၊ ကျောင်းသား ကျောင်းသူများ၏ အင်္ဂလိပ်ဘာသာစကား စွမ်းရည်မြင့်မားရေး ဆောင်ရွက်မှုများ၊ ဖွင့်လှစ်ပို့ချပြီး သင်တန်းများ၊ အင်္ဂလိပ်စာသင်ရိုးများကို နိုင်ငံတကာအဆင့်မီ သင်ရိုးများဖြစ်စေရန် ပြင်ဆင်ခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက သိရှိလိုသည်များကို ပြန်လည်မေးမြန်းပြီး အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာနက မွေးထုတ်ပေးလိုက်သည့် သင်တန်းသား ဆရာဆရာမများမှတစ်ဆင့် ဆင့်ပွားသင်ကြားပေးနိုင်ရန် တစ်နိုင်ငံလုံးအတိုင်းအတာအရ အင်္ဂလိပ်ဘာသာရပ်အားနည်းချက်များကို ပြန်သုံးသပ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

မြန်မာ-အိန္ဒိယအင်္ဂလိပ်ဘာသာစကားသင်ကြားရေး ဗဟိုဌာနကို Initiative for ASEAN Integration (IAI)အစီအစဉ်ဖြင့် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့ပူးပေါင်း၍ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် တည်ထောင်ခဲ့ကြောင်း သိရှိရသည်။ လက်ရှိတွင် ပါမောက္ခနှင့် နည်းပြအပါအဝင် ဆရာဆရာမအင်အား ၃၄ ဦးရှိပြီး နိုင်ငံတကာတက္ကသိုလ်၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဆရာဆရာမအင်အားကို ထပ်မံဖြည့်တင်းဆောင်ရွက်သွားရန်လည်း စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ ရန်ကုန်တက္ကသိုလ်တွင်ပုံမှန် သင်တန်းများအဖြစ် ဂုဏ်ထူးတန်း၊ မဟာတန်း၊ မဟာသုတေသန၊ M. Phil နှင့် ပါရဂူတန်းများနှင့် ဒီပလိုမာသင်တန်းများ ဖွင့်လှစ်ပို့ချ ပေးလျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ သီရိရတနာခန်းမ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ခိုင်သန်းက ကျောင်းနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက "ခေတ်သစ်စနစ်သစ်" တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ဆုတ်ယုတ်မှုသည် မျိုးဆက်သစ်များကို ပညာသင်ကြားပေးနေသောဆရာ ဆရာမများ လက်ထဲတွင်ရှိနေကြောင်း၊ ကျောင်းသား ကျောင်းသူများ လူတော်လူကောင်းများဖြစ်ရန်မှာလည်း ဆရာဆရာမများ၏ တာဝန်ဖြစ်သကဲ့သို့ ကိုယ်တိုင်ကလည်း အသိပညာ၊ အတတ်ပညာများ ကြွယ်ဝနေစေရေးအတွက် ပြုပြင်ပြောင်းလဲမြှင့်တင်ရန်လိုကြောင်း၊ ကျောင်းသားကျောင်းသူများကို တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်ရုံသာမက ရှေ့အနာဂတ်ဘဝခရီးအတွက်လည်း ကိုယ်တိုင်စဉ်းစားတွေးခေါ် ဆုံးဖြတ်တည်ဆောက်နိုင်သူများ ဖြစ်စေရန်နှင့် အာဆီယံအသိုက်အဝန်း၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်သည့် ကျောင်းသားကျောင်းသူများဖြစ်ရန် လိုအပ်ကြောင်း၊ အနာဂတ်နိုင်ငံ့တာဝန်ကို ထမ်းဆောင်နိုင်မည့်သူများဖြစ်စေရန် ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ကျောင်းစာကြည့်တိုက်နှင့် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားသင်ယူမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

...င်ရာ ဟောပြောပွဲများ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၈

...းသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသ ...ဲ/၂၄၀) ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ်ရှိ အပြည် ...ဲမှုသင်တန်းကျောင်း၌ ဇူလိုင် ၂၅ ရက် (ကြာသပတေး ...ရီခွဲတွင် Mr.Alexander J.Boome (Programme ... Foundation) က" Effective Export Marketing" ...ကောင်း၊ ဇူလိုင် ၂၆ ရက် (သောကြာနေ့) နံနက် ၉ နာရီ ... Takahara (Executive Managing Director, ...e and Investment Relations between Myanmar ...စဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးရုံး ပဥ္စမထပ် (ညီလာခံ ...ိုင်ရာ ဟောပြောပွဲကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ ...ာက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

...င့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာ ...ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ ...ခြိမ် ထစ်ချုန်းရွာမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်း ...ရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို (က)မှ (ဃ)အထိပါရှိပါသည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၇-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၆:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ **အလေးပြုပါတယ်** (အေးမြဖြူ)
၇:၅၅ **၂၀၁၂ ခုနှစ် (၆၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား တိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်**
၉:၁၅ **ရာဇဝင်သမိုင်းတစ်ခေတ် ဆန်းသစ်လှပေ (ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်များ)**
၉:၃၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ
၉:၅၀ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၀:၀၀ ပြည်တွင်းသတင်း
၁၀:၁၅ **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ**
၁၀:၁၆ **ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုဂါရဝ အစီအစဉ်**
၁၀:၃၈ **အာရှသူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်း (Shinging Stars Group)**

နေ့လယ်ပိုင်း

၁၂:၂၅ **ရာဇဝင်သမိုင်းတစ်ခေတ် ဆန်းသစ်လှပေ (ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်များ)**
၁၂:၅၀ ဖြူမည်းရုပ်ရှင် **စက်ဘီးကလေး** သိန်းဇော်၊ ခင်သီတာထွန်း (ဒါရိုက်တာ-ဝင်းဖေ)
၁၄:၄၀ နှစ်မြှာနတ်မိမယ်

ညပိုင်း

၁၅:၀၀ ပြည်တွင်းသတင်း
၁၅:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **နိမိတ်ပုံရိပ်** (အပိုင်း-၁၆)
၁၆:၂၅ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၆:၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အထူးပြုအားလုံးအင်္ဂလိပ်စာမှလွဲ၍) (အင်္ဂလိပ်စာ)
၁၇:၀၀ ပြည်တွင်းသတင်း
၁၇:၁၅ နည်းစနစ်ကို ဦးစားပေးတဲ့ ဖူဆယ်အားကစားနည်းအကြောင်း
၁၉:၁၅ **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ**
၁၉:၄၅ **ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဈာပန**
၁၉:၅၀ **အာရှသူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်း (Shinging Stars Group)**
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၂၀:၄၅ **အလေးပြုပါတယ်** (အေးမြဖြူ)
၂၀:၅၀ **အာရှသူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်း (Shinging Stars Group)**
၂၁:၀၀ ပြည်တွင်းသတင်း
- **ရာဇဝင်သမိုင်းတစ်ခေတ် ဆန်းသစ်လှပေ (ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်များ)**

ပြည်တွင်းသတင်း

နိုင်ငံတော် ဘတ်ဂျက်၊ ပြည်ပအကူအညီ၊ အထောက်အပံ့များ ရယူအကောင်အထည်ဖော်ရေး စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၈

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပထမ (၅)နှစ် စီမံကိန်းနှင့်အညီ နိုင်ငံတော်ဘတ်ဂျက်၊ ပြည်ပအကူအညီ၊ အထောက်အပံ့များ ရယူအကောင်အထည်ဖော်ရေးအတွက် စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့သည်။ (အောက်ပုံ)

ညှိနှိုင်း ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးလှထွန်း၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာမောင်မောင်သိမ်း၊ Myanmar Development Resource Institute မှ စီးပွားရေးပညာရှင် ဒေါက်တာဇော်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပထမ (၅) နှစ်စီမံကိန်းအား ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး (People Centered Development) ကို အဓိကထား၍ ရေးဆွဲအကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရာတွင် ပြည်သူတစ်ဦးချင်းခံစားနိုင်သည့် ရေ၊ မီး၊ သွားလာမှုအဆင်ပြေရေး၊ ရိက္ခာဖူလုံရေး၊ အလုပ်အကိုင်ရရှိရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဘဝ သိသာစွာ ဖွံ့ဖြိုးတိုးတက်အောင် အလေးထားဆောင်ရွက်ရန်၊ ဒီမိုကရေစီဖော်ဆောင်ရာတွင် လိုအပ်သော ကောင်းမွန်သောအုပ်ချုပ်မှု၊ သန့်ရှင်းသော အစိုးရဖြစ်စေရေး၊ ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် ပထမ(၅) နှစ်စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ရန်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းပြည်စီးပွားရေးကို ခြုံငုံစေသည့် မေခရိုစီးပွားရေးဆိုင်ရာ ကြိုတင်ခန့်မှန်းချက်များ၊ ဂျီဒီပီ၊ အလုပ်အကိုင်ရရှိရေး၊ လျှပ်စစ်ရရှိရေး၊ Telephone Density တိုးတက်ရေးတို့အတွက် နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများနှင့်အညီ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း။

ပထမ(၅)နှစ်စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခြင်းနှင့်အတူ (၂၀၁၁ မှ ၂၀၃၁ အထိ) နှစ်(၂၀) ဆောင်ရွက်မည့် အမျိုးသားဘက်စုံတိုးတက်ရေးစီမံကိန်း (NCDP) ကိုလည်း တစ်ပြိုင်တည်း ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် အလှူရှင်နိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှလည်း ပူးပေါင်းကူညီ ရေးဆွဲလျက်ရှိကြောင်း၊ မြန်မာဘက်စုံဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက် (Myanmar Comprehensive Development Vision-MCDV) (၂၅)နှစ်ကာလအတွက် ERIA နှင့် ပူးပေါင်း၍ ရေးဆွဲခဲ့ကြောင်း၊ ဌာနဆိုင်ရာအဖွဲ့အစည်းများမှလည်း မိမိတို့ Visions များကိုပါ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ထည့်သွင်းရေးဆွဲသွားမှသာ ပြည့်စုံသည့် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ဖြစ်လာမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် စီမံကိန်းများ ရေးဆွဲရာတွင် ဘဏ္ဍာရေးဇာစ်မြစ်ကို မည်သည့်နေရာမှ ပံ့ပိုးရယူအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ကို ထည့်သွင်းတွက်ချက်ရေးဆွဲရန်၊ Project Cycle တွင် လုပ်ငန်းများစတင်ပါက မည်မျှကြာမည်၊ မည်မျှကုန်ကျမည်၊ မည်သည့်ကာလတွင် အရင်းပြန်လည်ရရှိမည် စသည်တို့ကို ထည့်သွင်းရေးဆွဲရန်၊ ယခင်က စီမံကိန်းများ ရေးဆွဲရာတွင် နိုင်ငံတော်ဘတ်ဂျက်ကို အခြေခံရေးဆွဲခဲ့ခြင်းဖြစ်၍ ယခုကာလတွင် ကမ္ဘာ့ဘဏ္ဍာရေးနှင့် သုတေသနအဖွဲ့အစည်းများမှ ပံ့ပိုးကူညီလာကြသဖြင့် နိုင်ငံတော်ဘတ်ဂျက်၊ ပြည်ပအကူအညီ အထောက်အပံ့များ ချေးငွေ၊ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ (Official Development Assistant -ODA) စသည့် အခြားဘဏ္ဍာရေးဇာစ်မြစ်များကိုပါ ထည့်သွင်းစဉ်းစားသွားရမည် ဖြစ်ကြောင်း၊ အဆိုပါ အကူအညီ၊ အထောက်အပံ့များကိုရယူ၍ နိုင်ငံလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးကဏ္ဍနှင့် ဦးစားပေးအစီအစဉ်များကို ထပ်မံရွေးချယ် ဆွေးနွေးသွားရန်၊ နိုင်ငံတော်၏ မူဝါဒများ၊ နိုင်ငံတကာတွင် လက်ခံကျင့်သုံးနေသော မူဝါဒများ၊ ပြည်သူတို့၏လိုလားချက်များနှင့်အညီ နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပွင့်လင်းမြင်သာစွာ ဆွေးနွေးသွားကြရန် ဖြစ်ကြောင်း အမှာစကားပြောကြားခဲ့သည်။

ထို့နောက် စီးပွားရေးပညာရှင် ဒေါက်တာဇော်ဦးက ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို ကမ္ဘာ့ဘဏ်နှင့် ပူးတွဲဆောင်ရွက်ထားမှုများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြည်ထောင်စုစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများ တူညီမှုရှိစေရန်နှင့် ပြည်ထောင်စုဝန်ကြီး ဌာနများက ဒေသန္တရအစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအဖွဲ့အစည်းများအနေဖြင့် အဓိကစီမံကိန်းများရှိရန်လိုအပ်ကြောင်း၊ ပြည်တွင်းပြည်ပ ကျွမ်းကျင်သူပညာရှင်များ၏ အကြံဉာဏ်ကိုရယူ၍ Working Group များ ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြည့်စွက် ဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အစိုးရသစ်လက်ထက်တွင် တိုင်းဒေသကြီး/ပြည်နယ်ဘတ်ဂျက်များကို ခွဲဝေသုံးစွဲခဲ့ကြောင်းနှင့် နိုင်ငံတကာစံနှုန်းများနှင့် မီအောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ စီမံကိန်းနှင့်ဘတ်ဂျက်သည် ဒွန်တွဲတည်ရှိနေခြင်းဖြစ်၍ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေကို စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ သုံးစွဲသွားရန်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများမှ လုပ်ငန်းများ ခွဲဝေလုပ်ဆောင်နိုင်စေရန် ပြည်ထောင်စုအစိုးရက စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏ စီမံကိန်းနှင့်ဘဏ္ဍာရေးလုပ်ငန်းများကို မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ဧရာဝတီမြစ်ကူး ရတနာသိခ်တံတားကြီး ယခုလအတွင်း ဖွင့်လှစ်တော့မည်

ရွှေဘို ဇူလိုင် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲ နွယ်ငြိမ်းကျေးရွာအနီးရှိ ဧရာဝတီမြစ်ကူး ရတနာသိခ်တံတားကြီးကို ယခုလ ၂၄ ရက်တွင် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေး ထူးကြီး(၃)အဖွဲ့မှ တာဝန်ခံ ဦးကျော်လင်းက ပြောကြားသည်။

"ဒီတံတားကြီးဟာ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီး နှစ်ခုကို ဆက်သွယ်ဆောက်လုပ်ထားတဲ့အတွက် တံတားကြီးဖွင့်ပြီးရင် ရွှေဘို၊ မိုးကုတ်၊ မန္တလေးခရီးစဉ်တွေကို အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်တော့မှာ ဖြစ်ပါတယ်" ဟုငင်းက ဆက်လက်ပြောကြားသည်။

အဆိုပါ တံတားကြီးကို မြန်မာနိုင်ငံ လမ်းတံတားတည်ဆောက်ရေး အထူးအဖွဲ့ အမှတ် (၁၄) က ၂၀၁၀ ပြည့်နှစ် ဧပြီ ၁၆ ရက်က တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယင်းတံတားကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲ နွယ်ငြိမ်းကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့တို့ကို ဆက်သွယ်ထားသည့် ဧရာဝတီမြစ်ကူးတံတားကြီးတစ်စင်းဖြစ်ပြီး ရတနာသိခ်တံတားကြီး၏ စုစုပေါင်း အလျားပေအရှည်မှာ ပေ ၂၄၈၀ ဖြစ်သည်။

တံတားကြီး၏ ခံနိုင်ဝန်မှာ HS-25 (၄၅)တန် နှစ်လမ်းသွား၊ (၇၅)တန် ယာဉ်တစ်စီးချင်းအလိုက် ဖြတ်သန်းမောင်းနှင်သွားလာနိုင်သော တံတားကြီးဖြစ်သည်။

ရတနာသိခ်တံတားကြီး ဖွင့်လှစ်ပြီးပါက ရွှေဘို၊ မန္တလေး၊ မြစ်ကြီးနား၊ ကုန်စည်စီးဆင်းမှု ယခင်ကထက် အဆပေါင်းများစွာ လျင်မြန်သွက်လက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

ယခုလ ၂၄ ရက်တွင် ဖွင့်လှစ်မည့် ရတနာသိခ်တံတားကြီးအားမြင်တွေ့ရပုံ။

ရဲထွဋ်

ဆိုင်ကယ်စီးသူများ အန္တရာယ်ကင်းစေရန် စည်းကမ်းထုတ်ပြန်

ကလေး ဇူလိုင် ၁၈

ကလေးမြို့လမ်းဆုံအနီးတွင် ဆိုင်ကယ်စီးသူများ အန္တရာယ်ကင်းစေရေးအတွက် ဆိုင်ကယ်စီးလျှင်ဆိုင်ကယ်စီးဦးထုပ်ဆောင်းရမည်၊ မေးသိုင်းကြိုးသေချာစွာ တပ်ဆင်ရမည်၊ လိုင်စင်မဲ့ဆိုင်ကယ်လုံးဝအသုံးမပြုရ၊ ယာဉ်မောင်းလိုင်စင် အမြဲတမ်းပါရှိရမည်၊ ၁၆ နှစ်အောက် ကျောင်းသား ကျောင်းသူများကို ဆိုင်ကယ်စီး၍ ကျောင်းတက်ခွင့်မပြုဟု ကလေးမြို့ပေါ်ရှိ ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လိုက်နာရန်အတွက် စည်းကမ်းထုတ်ပြန်ထားကြောင်း ကလေးခရိုင် ပညာရေးမှူး ဦးထွန်းရီထံမှ သိရသည်။ **ဂျူနိုင်း**

သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်း

ဆားလင်းကြီး ဇူလိုင် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် မြို့မရဲစခန်းအတွင်း သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပေါ်စေရေးအတွက် ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၆ ရက်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရဲမေများ စုပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့ မြို့မရဲစခန်းဝင်းအတွင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဦးငယ်(ဆားလင်းကြီး)**

မော်လူးကျေးလက်ဆေးခန်း အခမဲ့ကုသပေးနေ

အင်းတော် ဇူလိုင် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသသည် မြို့များနှင့် ခရီးဝေးကွာခြင်း၊ ပြည်သူများ အားထားနေရသည့် တိုက်နယ်ပြည်သူ့ဆေးရုံ၌လည်း တိုက်နယ်ဆရာဝန်မရှိခြင်းတို့ကြောင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအတွက် အခက်အခဲများစွာ ကြုံတွေ့ခံစားနေကြရသဖြင့် ယခုကျေးလက်ကျန်းမာရေးဆေးခန်းမှ ဆေးထိုးဆေးပေးခြင်းဖြင့် အခမဲ့ဝန်ဆောင်မှုပေးခြင်းကို ဝန်ထမ်းအင်အားလေးဦးဖြင့် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါ ကျေးလက်ကျန်းမာရေးဆေးပေးခန်းသည် မော်လူးဒေသရှိပြည်သူများ၏ ကျန်းမာရေးအတွက် အပြည့်အဝအခမဲ့ဆောင်ရွက်ပေးနေကြောင်း၊ ရောက်ရှိလာသည့် လူနာများကိုလည်း စိတ်ချမ်းသာစေရန် စေတနာအပြည့်ဖြင့် ဆောင်ရွက်ပေးနေသည်မှာ သုံးလခန့်ရှိပြီဖြစ်ကြောင်း တာဝန်ကျဆရာမတစ်ဦးက ပြောကြားခဲ့သည်။

ခင်မောင်ဆွေ(မော်လူး)

တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရှင်များနှင့် အောင်မြင်သူများအား မိတ္ထီလာယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီက ဆုချီးမြှင့်

မိတ္ထီလာ ဇူလိုင် ၁၈

မိတ္ထီလာမြို့ အောင်မင်္ဂလာခန်းမ၌ ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက ယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ အုပ်ချုပ်မှုအောက်ရှိ ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်အသင်းနှင့်ကုန်စည်ပို့ဆောင်ရေးအသင်းဂိတ်များရှိဝန်ထမ်းသားသမီးများ၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများနှင့် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ဆုချီးမြှင့်ခြင်းနှင့် ပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက အမှာစကားပြောကြားခဲ့ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ၃၀၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ တစ်ဘာသာဂုဏ်ထူးရှင်သုံးဦး စုစုပေါင်းရှစ်ဦးတို့ကို ဆုငွေများပေးအပ်ချီးမြှင့်ခဲ့၍ ယာဉ်ကြီးကြပ်မှုထိန်းသိမ်းရေးကော်မတီ ဝန်ထမ်းသားသမီးများကိုလည်း ပညာသင်ထောက်ပံ့စရိတ်များ ပေးအပ်ခဲ့ရာ စုစုပေါင်း ငွေကျပ် ၁၂ သိန်းငါးထောင် ပေးအပ်ခဲ့ကြောင်း သိရသည်။

တက်ရောက်

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ခရိုင်ရဲမှူးကြီး စောနေလင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများနှင့် ခရီးသည်ပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးမှ မိသားစုဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

(၁၆၄)

သစ်တော သစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

သင်ကိုယ်တိုင် ဘာကြောင့် ဒီစာအုပ်ကို ချက်ချင်းဖတ်သင့်သလဲ - - ?

ကမ္ဘာ့လူဦးရေသန်း(၉၀)ကျော်ဖတ်ရှုမည့် " No.1 Millionaire Mind" နိုင်ငံ့ရတနာစာအုပ်

No.1

Proven Tools for Personal and Business Success

Millionaire Mind [illegible] Sociology [illegible]

[illegible]

"Results from reading and applying this book"

No.1 Millionaire Mind book can help you grow and prosper despite hard times, maintain a positive attitude in the face of your problems, and live harmoniously and happily no matter what situation you face. This amazing No.1 Millionaire Mind book captures in vivid detail of Ashin Eiddhi Pala's, the writer's most important moral encouragement & social success secrets, combines with many other best selling authors' (Myanmar and International) secrets of success. This book allows the readers to take action with their new knowledge. Some of the things in life can't be done fast and easily. For example; "I love you, now sign this"; can lead you to a trial. Why contracts in business and personal life are so important. Don't let your late regret make you sad.

"No.1 Millionaire Mind" [illegible]

"No.1 Millionaire Mind" [illegible]

[illegible] SMART BUSINESS GROUP [illegible] No.1 Millionaire Mind [illegible] (Ph-09-73048819, 09-73133346, 09-31309656) www. No-1 Millionaire Mind . com [illegible]

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ကလေး၊ တမူး၊ မော်လိုက်ဒေသတွင် ကျောက်မီးသွေး မြောက်မြားစွာ ထွက်ရှိ

ကလေး ဇူလိုင် ၁၈

ကမ္ဘာပေါ်ရှိ ဘူမိဗေဒပညာရှင်များက ကျောက်မီးသွေး၊ အရည်အသွေးအဆင့်အတန်းကို လေးမျိုးခွဲခြားထားရာတွင် မြန်မာနိုင်ငံ၌ ထွက်ရှိသော ကျောက်မီးသွေးအမျိုးအစားသည် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် subbituminous ခေါ် တတိယအမျိုးအစားတွင် ပါဝင်၍ ကလေး၊ တမူး၊ မော်လိုက်ဒေသတွင် ထွက်ရှိသော ကျောက်မီးသွေး၏ အရည်အသွေးသည် ကာဗွန်ထုတ်လွှတ်မှု ၅၂ ဒသမ ၅ ရာခိုင်နှုန်းရှိ၍ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲရာတွင် သင့်တင့်ကောင်းမွန်သောအမျိုးအစားထဲတွင်ပါဝင်ကြောင်း သိရသည်။

ကျောက်မီးသွေးဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူရာတွင် ကာဗွန်ပါဝင်မှုနည်းပါးသော ကျောက်မီးသွေးလောင်စာကို သုံးစွဲမည်ဆိုပါက ကျောက်မီးသွေးအများအပြားသုံးရပြီး လေထုညစ်ညမ်းမှုမြင့်မားနိုင်ကြောင်း၊ ကာဗွန်ပါဝင်မှုများသော ကျောက်မီးသွေးသည် ရေနှင့် ပြာမှုန်ပါဝင်မှုနည်းသောကြောင့် လျှပ်စစ်ဓာတ်အားထုတ်ယူရာတွင် ကျောက်မီးသွေးအနည်းငယ်ကိုသာ သုံးစွဲရကြောင်း ပညာရှင်တို့၏ ပြောပြချက်အရ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မီးသွေးထွက်ရှိရာ ကလေး၊ တမူး၊ မော်လိုက်နယ်မြေများရှိ သတ္တုတွင်းဝန်ကြီးဌာနနှင့် အကျိုးတူ ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ရန် စာချုပ်ချုပ်၍ ကုမ္ပဏီပေါင်း ၁၅ ခုရှိပြီး ဧကပေါင်း ၆၀၃၂၀ ဒသမ ၆၆၂ ဧက၊ ခန့်မှန်းထွက်ရှိမည့် တန်ချိန် သန်းပေါင်း ၁၈၈ ဒသမ ၇၅၈၄ တန်ကို စမ်းသပ်တိုင်းတာ ခွင့်ပြုမိန့်ရရှိပြီး ကုမ္ပဏီနှစ်ခုတွင် ဧကပေါင်း ၃၃၀၅ ဒသမ ၆၇ ဧကနှင့် လျှောက်ထားဆဲကုမ္ပဏီ ၁၀ ခုတွင် ဧကပေါင်း ၂၂၈၆၀ ဧကရှိရာ အချို့ကုမ္ပဏီများသည် ထုတ်လုပ်မှုမရှိဘဲ မြေနေရာပိုင်ဆိုင်ကြောင်း၊ ဆိုင်းဘုတ်ထောင်ထားကြောင်း၊ အထူးသဖြင့် ကလေးဝ-မော်လိုက်သွားရာ လမ်းဘေးတွင် အများအပြားတွေ့နိုင်ကြောင်း သိရသည်။

သျှင်နေမင်း

သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်။ ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။

၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Powder Extinguisher)ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန်မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။ **မီးသတ်ဦးစီးဌာန**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

ရွှေဈေး ၁၈-၇-၂၀၁၃ (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၆၈၈၅၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၄၈၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၁၀ - ၉၉၀	ကျပ်
ဥရောပ	တစ်ယူရို	၁၂၇၄ - ၁၂၉၂	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၀ - ၇၆၉	ကျပ်
ထိုင်း	တစ်ဘတ်	၃၂ - ၃၂.၃	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆ - ၁၆.၈	ကျပ်
တရုတ်	တစ်ယွမ်	၁၆၀ - ၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၅ - ၃၁၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၁၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၈၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၃၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ငါးကြင်း	တစ်ပိဿာ	၂၈၀၀ - ၄၈၀၀	ကျပ်
၂။ငါးမြစ်ချင်း	တစ်ပိဿာ	၁၂၀၀ - ၂၈၀၀	ကျပ်
၃။ငါးရံ့	တစ်ပိဿာ	၃၀၀၀ - ၅၀၀၀	ကျပ်
၄။ငါးဖယ်	တစ်ပိဿာ	၄၅၀၀ - ၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၂၇၀၀ - ၅၂၀၀	ကျပ်
၆။ ငါးသလောက်	တစ်ပိဿာ	၉၅၀၀ - ၂၈၀၀၀	ကျပ်
၇။ ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀ - ၂၈၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၀၀၀ - ၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၀၀၀၀ - ၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၈၂၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၂၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၃၅၀၀-၂၉၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၂၀
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၅၀၀(ဒိုး)
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၂၅-၁၈၂၅
၈။ ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၉၀၀-၉၅၀
၉။ အာလူး(အောင်ပန်း)	တစ်ပိဿာ	၄၀၀-၆၃၀
၁၀။ ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၉၅၀-၂၀၀၀
၁၁။ ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၃၅၀၀-၄၀၀၀
၁၂။ သကြား	တစ်ပိဿာ	၉၂၀-၁၀၄၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စုစုတင်ပြသည်။

အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

တောင်တွင်းကြီး ဇူလိုင် ၁၈

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဆီမီးထွန်းအုပ်စု သဲဖြူစုံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ကျင်းပရာ မကွေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးစောဝင်းမောင်၊ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဆလိုင်းဦးလှထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးကြည်သိန်း၊ မြို့နယ်ပညာရေးမှူးဦးကျော်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များပက်ဖျန်းပေးကြကြောင်း သိရသည်။ **နိုင်ဝင်း**

ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အောင်မြင့်မိုရ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၅၊ မြေကွက်အမှတ် ၃၈၇၊ မြေချပါမစ်အမည်ပေါက် ဒေါ်မိမိနိုင် ၁၂/မဂဒ(နိုင်)၀၃၃၅၆၈၊ ဧရိယာပေ (၄၅×၆၀)ရှိ မြေကွက်အား အရောင်းအဝယ်အရပ်ကတိ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစိုးလွင် ၇/ဖမန(နိုင်)၀၉၁၀၃၉ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ပေးပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်၍ အဆိုပါမြေကွက်ကို လက်ရောက်ရယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးအုံးကျော် ၁၂/တမန(နိုင်)၀၂၂၃၄၈
အမှတ် ၁၁၄၈၊ ငါးလွှာ၊ ဇေယျာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊
ဖုန်း-၀၉-၇၃၂၀၂၅၉၅၊ ၀၉-၅၁၄၁၇၂၇

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈/U10)၊ အောင်တံခွန် ၁ လမ်း၊ မြေကွက်အမှတ် ၂၉၉၊ အကျယ်အဝန်းပေ (၈၀×၆၀)ရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးလှဝင်းအမည်ဖြင့်တည်ရှိပြီး ၎င်းထံမှအရပ်ကတိစာချုပ်ဖြင့် တစ်ဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ရှိစီမံရောင်းချ ပိုင်ခွင့်ရှိသူ ဦးကျော်စွာအေး ၁၂/စခန(နိုင်)၀၀၀၃၈၃ထံမှ ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို	ဒေါ်အိမ့်ဖြူနိုင်
LL.B	LL.B, D.B.L, D.M.L
(စဉ်-၂၃၂၉၉)	(စဉ်-၂၉၇၄၆)
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ

အာရှမြေ အိမ်-ခြံ-မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် L ၁၈(၆၁)မှ မြေကွက်အမှတ် ၁၇၄၉+၁၇၅၀ကို ပိုင်ဆိုင်သူဖြစ်သော ဒေါ်ဇင်ဇင်မြင့် ၁၀/သတန(နိုင်)၀၄၂၈၁၄ ထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်းခိုင်လုံသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးအောင်ကျော်စိုး
၁၃/နခန(နိုင်)၀၃၈၀၂၆
ဖုန်း-၀၉-၅၁၃၆၇၉၉၊ ၀၉-၇၃၄၅၉၉၉၉

ယာဉ်မောင်းတစ်ဦး အလိုရှိသည်

အိမ်စီးကားမောင်းရန် ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာမောင်းနိုင်ရမည်၊ ယာဉ်မောင်းသက်တမ်း အနည်းဆုံး ငါးနှစ်ရှိရမည်၊ အသက် (၄၀)နှစ်ထက် မကြီးရ၊ အရက်၊ ဆေးလိပ်၊ ကွမ်း ကင်းရှင်းရမည်၊ လစာကောင်းပေးမည်၊

Ph-09448005530

သွေးသည်အသက်

ဒေါ်မာရီနာ(ခ)ဒေါ်မေသွယ် ၁၂/တမန(နိုင်)၀၄၉၆၈၉နှင့် အများသိစေရန် သတိပေးတားမြစ်ချက်

ကျွန်တော်၏အမှုသည်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ (ဘ)ဦးမာတင်ဘိုးသောင်၏သား ဦးအက်ဒဝပ်သောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ်လိုက်သည်မှာ-

ခရစ်ယာန်ဘာသာကိုးကွယ်သူ (ဘ)ဦးမာတင်ဘိုးသောင်နှင့် အမိ ဒေါ်မာရီစိန်တို့က ၁။ ဦးအက်ဒဝပ်သောင်၊ ၂။ ဦးဝင်းမြင့်၊ ၃။ ဒေါ်မာရီနာ(ခ)ဒေါ်မေသွယ်၊ ၄။ ဦးကျော်မင်းစိန်တို့ကိုဖွားမြင်ခဲ့ရာ (ဘ)ဦးမာတင်ဘိုးသောင်နှင့် အမိ ဒေါ်မာရီစိန်တို့ ကွယ်လွန်သည့်အခါ တာမွေမြို့နယ် အကွက်အမှတ် (၃/စီ)၊ ပဋ္ဌမတန်းစားမြေမျိုး၊ မြေကွက်အမှတ် ၉၈၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေအကျယ် ပေ (၃၀×၄၂)အကျယ်ရှိ မြေကွက်သည် အထက်ဖော်ပြပါ သားသမီးလေးဦးတို့၏ အမွေဆိုင်ပစ္စည်းအဖြစ် ကျန်ရစ်ခဲ့ပါသည်။

အဆိုပါမြေပေါ်တွင် တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၅လမ်း(လမ်းတို)၊ အမှတ် (၅၂)ဟုတွင်သည့် နှစ်ခန်းတွဲနှစ်ထပ်တိုက် အဆောက်အအုံဆောက်လုပ်ထားရာ ယင်းအဆောက်အအုံ၏ အပေါ်ထပ်ညာဘက်ခန်း(တိုက်ကိုမျက်နှာမူလျှင်)ကိုသာလျှင် ဒေါ်မာရီနာ(ခ)ဒေါ်မေသွယ်က လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ၏ တင်ပြချက်အရ သိရပြီး၊ ၎င်းကအမွေဆိုင်မြေကိုပါ ၁၇-၆-၂၀၁၃ရက်စွဲပါ နှစ်ဦးသဘောတူမြေနှင့် ပထမထပ်အပါအဝင် အရောင်းအဝယ်စာကတိစာချုပ်ချုပ်ဆိုခြင်း ခေါင်းစည်းပါစာချုပ်ဖြင့် ရောင်းရန်စရန်ငွေရယူထားကြောင်း တွေ့မြင်သိရှိရသည်ဖြစ်ရာ မည်သူမျှ ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ၏ အမွေဆိုင်ခွင့်အရေးအားဆန့်ကျင်ပြီး အဆိုပါမြေကို လွှဲပြောင်းရောင်းချခြင်းမပြုရန် ကျွန်ုပ်တို့က တားမြစ်လိုက်သည်။

မည်သူမဆို အထက်ပါ သတိပေးတားမြစ်ချက်ကို ဆန့်ကျင်ဆောင်ရွက်ပါက မိမိတို့၏ တာဝန်သာဖြစ်ပြီး ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူက သက်ဆိုင်ရာတရားရုံးတော်ကနေပြီး ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူလိမ့်မည်ဖြစ်ကြောင်း သတိပေးလိုက်သည်။

ဦးအက်ဒဝပ်သောင်၏ ညွှန်ကြားချက်အရ-

ဒေါ်မေငြိမ်းကျော် LL.B	ဒနုဖြူဦးမြင့်အောင် B.A(Law), LL.B
အထက်တန်းရှေ့နေ (၂၃၈၉၈)	Advocate & Legal Consultant (2277)

ရုံး- ၅၆၁၊ ပထမထပ်
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၁၇၈၇၆၉
Email.danuphyamyintag@gmail.com

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ညောင်ရွှေမြို့၊ နန္ဒဝန်ရပ်(၄)အကွက်နေ ဒေါ်မြသွေး ၁၃/ညရန(နိုင်)၀၀၃၇၅၂၏သမီး မသန္တာမြတ် ၁၃/ညရန(နိုင်)၀၀၃၇၄၅သည် မိခင်အားစော်ကားခြင်း၊ ရန်ပြုခြင်းများဖြင့် စိတ်ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် မသန္တာမြတ်အားလည်းကောင်း၊ ၎င်းနှင့်ပတ်သက်သူများအားလည်းကောင်း နောက်နောင်မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများပြည်သူသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်မြသွေး

အမည်ပြောင်း

ဦးနိုင်လင်း၏သမီး မမြတ်နိုးဦး ပဋ္ဌမတန်း(A) အထက(၄) မင်္ဂလာဒုံအား မပြည့်ပြည့်ဖြိုးဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

မပြည့်ပြည့်ဖြိုး

မွေးမြူရေးဆေး / သစ်တော (တက္ကသိုလ်)
အထူးသီးသန့်ဝင်ခွင့်ရ(နယ်ကျောင်းသားလက်ခံသည်။)
09-5165231,09 5165230,01-8603664

အဆိုတော်ဆိုတေး (ခ) မောင်အောင်သက်ပိုင်၏ မိဘညီအစ်ကိုမောင်နှမများ၏ ဖြေရှင်းချက်

၁၄-၇-၂၀၁၃ ရက်တွင် ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆဖြစ်မှုနှင့် ပတ်သက်၍ ကျွန်တော်၏သားဖြစ်သူ မောင်အောင်သက်ပိုင်(ခ)ဆိုတေးနှင့် ချွေးမဖြစ်သူ မချောချော(ခ)မဝင့်ကုဋေသူ တို့ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းတို့ဖြစ်ပေါ်ခဲ့ပါသည်။ နာရေးကိစ္စဖြင့် မိသားစု ပူဆွေးသောက ရောက်နေချိန်တွင် ၁၈-၇-၂၀၁၃ ရက်ထုတ် MYANMAR NEWSWEEK ဂျာနယ် [အတွဲ(၂)၊ အမှတ်(၉၁)] စာမျက်နှာ ၇ ပါ မီးအိမ်ရှင်ဆိုတေး၏ ကံကြမ္မာသတင်းမှာ အကြီးအကျယ် မှားယွင်း၍ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဖြစ်စဉ်အမှန်မှာ မချောချော(ခ)မဝင့်ကုဋေသူသည် ကျွန်တော်ဦးတင်မြင့်၏သား မောင်အောင်သက်ပိုင်(ခ)ဆိုတေး၏ တရားဝင်ဇနီးဖြစ်ပါသည်။ ၁၆-၁၁-၂၀၁၂ရက်တွင် နှစ်ဖက်မိဘများနှင့် သထုံခရိုင်တရားသူကြီး ဒေါ်အေးအေးသိန်းတို့၏ရှေ့မှောက် သထုံမြို့နေအိမ်၌ နှစ်ဦးသဘောတူ လက်မှတ်ထိုး၍ အကြင်လင်မယားအရာရောက်ခဲ့ပြီး ယခုလက်ရှိကာလတွင် အမှတ် ၈၊ ပထမလွှာ၊ သပြေညိုလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်တွင် နေထိုင်လျက်ရှိပါသည်။

အထက်ပါဂျာနယ်တွင်ပါသော အကြောင်းအရာနှင့်ပတ်သက်၍ကျွန်တော်၏ ချွေးမဖြစ်သူ မချောချော(ခ)မဝင့်ကုဋေသူအဖို့ လူမှုရေးအရ လွန်စွာဂုဏ်သိက္ခာထိခိုက်ကျဆင်းခြင်းဖြစ်ရပါသည်။ ထို့ကြောင့် ယင်းကိစ္စအတွက် လူသားချင်းစာနာသောစိတ်ထားဖြင့် MYANMAR NEWSWEEK ဂျာနယ်အနေဖြင့် ဝန်ချတောင်းပန်ခြင်းပြုလုပ်ပေးပါရန်နှင့် နောက်နောင် ယင်းကဲ့သို့ လူမှုရေးဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေသော သတင်းမှားများကို ရေးသားထုတ်ပြန်ခြင်းများ မပြုလုပ်ကြပါရန် လေးစားစွာပန်ကြားအပ်ပါသည်။

မောင်အောင်သက်ပိုင်(ခ)ဆိုတေး၏ မိဘ ညီအစ်ကို မောင်နှမများ

ကျောက်မြောင်းဆိပ်ကမ်းမှ ရေယာဉ်အချို့ သစ်တောထွက်ပစ္စည်းများတင်ဆောင်နေကြောင်း ကောလာဟလကြောင့် စဉ့်ထည်လုပ်ငန်းရှင်များအခက်ကြုံ

ရွှေဘို ဇူလိုင် ၁၈

ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲရှိ ဒေသခံပြည်သူအများစုသည် စဉ့်ထည်လုပ်ငန်းများကို မိရိုးဖလာလုပ်ငန်းအဖြစ် မိဘဘိုးဘွားအစဉ်အဆက်က လုပ်ကိုင်လာခဲ့သည်။ ယခုအခါ ကျောက်မြောင်းဆိပ်ကမ်းမှ ရေယာဉ်အချို့သည် သစ်တောထွက်ပစ္စည်းများကို စဉ့်ထည်များဖြင့် ဖုံးဖိသယ်ယူနေသည်ဆိုသည့် ကောလာဟလများကြောင့်စဉ့်ထည်များသယ်ယူဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် အခက်ကြုံလျက်ရှိနေကြောင်း ကျောက်မြောင်း အမှတ်(၄)နွယ်ငြိမ်းရပ်ကွက်ရှိ ဟံဝင်းစော စဉ့်ထည်လုပ်ငန်းပိုင်ရှင် ဦးတင်က ပြောပြသည်။

"ကျွန်တော်တို့ဒေသမှာက စဉ့်ထည်ပစ္စည်းကလွဲပြီး ဘာသစ်ဝါးမှ မထွက်ဘူး။ ခိုးကြောင်ခိုးဝှက် သယ်ဆောင်ဖို့မဆိုထားနဲ့ အိမ်ဆောက်ဖို့တောင် သစ်ဝါးကမလွယ်ဘူး" ဟု ၎င်းက ဆက်လက်ပြောပြသည်။

ပြီးခဲ့သည့် သီတင်းတစ်ပတ်ခန့်က နေ့စဉ်ထုတ် သတင်းစာတစ်စောင်တွင် ကျောက်မြောင်းဆိပ်ကမ်းမှ ရေယာဉ်အချို့သည် ဧရာဝတီမြစ်ကြောင်းအတိုင်း ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးရှိ မြို့ရွာများသို့ တရားမဝင် သစ်တောထွက်ပစ္စည်းကျွန်းတံခါးပေါင်များကို တင်ဆောင်၍ ဒေသထွက် စဉ့်ထည်ပစ္စည်းများဖြင့် ဖုံးဖိကာ သယ်ယူပို့ဆောင်လျက်ရှိကြောင်း သတင်းများ ဖော်ပြပါရှိခဲ့ပြီးနောက် သက်ဆိုင်ရာက လာရောက်ပြီး ရေယာဉ်များကို ကြီးကြပ်ကွပ်ကဲလျက်ရှိရာ စဉ့်ထည်ပစ္စည်းများ သယ်ယူပို့ဆောင် ဖြန့်ဖြူးရောင်းချရန်အတွက်

ကျောက်မြောင်းဆိပ်ကမ်းတွင် စဉ့်ထည်ပစ္စည်းများ ခက်ခဲစွာ တင်ဆောင်နေရစဉ်။

စဉ့်ထည်လုပ်ငန်းရှင်ကြီးများ အခက်ကြုံလာခဲ့ရခြင်းဖြစ်သည်။

"ကျောက်မြောင်းဆိပ်ကမ်းကနေ သစ်တောထွက်ပစ္စည်းတွေကို စဉ့်ထည်တွေနဲ့ ဖုံးဖိသယ်ဆောင်နေတယ်ဆိုတဲ့သတင်းက အခြေအမြစ်မရှိတဲ့ သတင်းမှားသက်သက်တစ်ခုသာ ဖြစ်ပါတယ်။ ဟုတ်တယ် မှန်တယ်ဆိုခဲ့ရင်လည်း သတင်းဓာတ်ပုံနဲ့တကွ ရေယာဉ်အမည်ပါ ဖော်ထုတ်ရေးသားတင်ပြသင့်ပါတယ်။ အခုဟာက အဲဒီလိုမဟုတ်ဘူး။ ရေယာဉ်အားလုံးလိုလိုကိုရမ်းပြီးရေးလိုက်တဲ့ သတင်းဖြစ်နေတာကြောင့် အားလုံးမှာ အခက်အခဲတွေဖြစ်နေရပါတယ်။ သတင်းစာကျင့်ဝတ်အတိုင်း ရေးသားတင်ပြကြဖို့ အထူးအရေးကြီးပါတယ်" ဟု စဉ့်ထည်လုပ်ငန်းရှင်တစ်ဦးလည်းဖြစ်၊ မြို့မိမြို့ဖတစ်ဦးလည်းဖြစ်သူ ဦးတင်က ဖော်ပြပါ သတင်းနှင့် ပတ်သက်၍ ယင်းကဲ့သို့ ပြောပြသည်။

ကျောက်မြောင်းဒေသထွက် စဉ့်ထည်ပစ္စည်းများတွင် ပိဿာချိန် ၁၅၀ ခန့်ဝင်ဆံ့သော စဉ့်အိုးကြီးများလည်း ပါဝင်ခဲ့ရာ ယင်းစဉ့်ထည်ပစ္စည်းများကို ရေယာဉ်ပေါ်သို့ တင်ဆောင်ရာတွင် မကွဲမအက်ရန် အထူးသတိကြီးစွာဖြင့် လုပ်ကိုင်ကြရသည်။ စဉ့်ထည်ပစ္စည်းတင်ဆောင်သည့် လုပ်ငန်းအတွေ့အကြုံရင့်ကျက်သူများသာလျှင် ရေယာဉ်များပေါ်သို့ တင်ဆောင်နိုင်ခြင်းဖြစ်သည်။ စဉ့်အိုးကြီးတစ်လုံး၏ ရေယာဉ်ပေါ်အရောက် တင်ဆောင်စရိတ်မှာ ငွေကျပ် ၂၀၀ ခန့် ပေးဆောင်ရပြီး အကြိမ်ကြိမ် အတင်အချပြုလုပ်ရန် မလွယ်ကူသော်လည်း သစ်တောထွက်ပစ္စည်းများကို ဖုံးဖိသယ်ဆောင်နေသည်ဟု သတင်းစွပ်စွဲချက်များအရ မဖြစ်မနေရေယာဉ်ပေါ်မှ အတင်အချပြုလုပ်ပေးနေရသည့်အတွက် စဉ့်ထည်လုပ်ငန်းများ အခက်ကြုံနေရခြင်းဖြစ်ကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲ ဆိပ်ကမ်းမှ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများသို့ စဉ့်ထည်ပစ္စည်းများ တင်ပို့ရောင်းချလျက်ရှိသော စဉ့်ထည်လုပ်ငန်းရှင်မှာ အဆိုပါမြို့နယ်ခွဲ၌ ငါးဦးခန့်သာရှိကြောင်း၊ ၎င်းတို့မှာ ဒေါက်တာဦးအောင်ဘို၊ ဦးတင်၊ ဦးစိုးနိုင်ဦး၊ ဦးစိုးစိုးကျော်နှင့် ဦးဇော်မင်းလွင်တို့ ငါးဦးဖြစ်ကြောင်း၊ ၎င်းတို့သည် မိရိုးဖလာ စဉ့်ထည်လုပ်ငန်းများကို လုပ်ကိုင်ခြင်းမှလွဲ၍ အခြားစီးပွားရေး လုပ်ကိုင်ခြင်းမရှိကြောင်း ကျောက်မြောင်းဒေသခံများ၏ ပြောကြားချက်များအရ သိရသည်။ **သဇာ (မုံရွာ)**

၂၀၁၃ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများပေးအပ်

မြစ်ကြီးနား ဇူလိုင် ၁၈

၂၀၁၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲအခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ဘဏ်ခွဲ၌ ပြုလုပ်ရာ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးဘီထောဇောင်နှင့် ပြည်နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် ဝန်ကြီးက အကျဲကျေးရွာအုပ်စုသို့ ချေးငွေ ကျပ် ၁၁၅ သိန်းနှင့် တပ်ကုန်းရပ်ကွက်သို့ ချေးငွေကျပ် ၇၄၅ သိန်းတို့ကို ပေးအပ်ပြီး တက်ရောက်လာသော တောင်သူများအား အမှာစကားပြောကြားသည်။ ကချင်ပြည်နယ်ဘဏ်ခွဲအနေဖြင့် မိုးစပါး ဧက ၁၇၁၀၀၀ ထုတ်ချေးရန် လျာထားပြီး ဇူလိုင်လကုန်တွင် အပြီးထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

မိုးဃံကျ(မြစ်ကြီးနား)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မီးလောင်မှုဖြစ်သည့် ကားအမျိုးအစားအများစု ကားဈေးကွက် အရောင်းသွက်စာရင်းတွင်ပါဝင်

ရန်ကုန် ဇူလိုင် ၁၈

ပြည်ပမှ တင်သွင်းလာသည့် Toyota Probox နှင့် Honda Fit မော်တော်ယာဉ်များ အင်ဂျင်အပူလွန်ကဲခြင်းကြောင့် မီးလောင်မှုသတင်းများထွက်ပေါ်ခဲ့သော်လည်း မော်တော်ယာဉ်ဝယ်ရောင်းဈေးကွက်တွင်း ယင်းမော်တော်ယာဉ်များမှာ အရောင်းသွက်သည့် အမျိုးအစားထဲတွင် ဆက်လက်ပါဝင်နေဆဲဖြစ်ကြောင်း သီရိမင်္ဂလာဈေးကားဈေးကွက်နှင့် မင်းရဲကျော်စွာ ကားဈေးကွက်များမှ စုံစမ်းသိရှိရသည်။

မြေပြန့်မဟုတ်သော တောင်တက်ဆင်းလမ်းများတွင် ပွိုင့်သရီး အင်ဂျင်ပါဝါ ၁၃၀၀ စီစီနှင့် ပွိုင့်ဖိုက်အင်ဂျင်ပါဝါ ၁၅၀၀ စီစီသာရှိသည့် Toyota Probox နှင့် Honda Fit ကားများကို တန်ပိုတင်ဆောင်ခြင်းကြောင့် မီးလောင်မှုအချို့ဖြစ်ပွားခဲ့ရာ နယ်မှဝယ်ယူမှု ကျဆင်းခဲ့သည်။

ပြည်တွင်းသို့ တင်သွင်းသော ကားများမှာ ၂၀၀၆ မှ ၂၀၀၈ မော်ဒယ်အထိကားများဖြစ်သော်လည်း အနည်းဆုံး ကီလိုမီတာခြောက်သောင်းအထိ မောင်းနှင်ပြီး ကားများဖြစ်သည်။

"အဓိကမီးလောင်ရတဲ့အကြောင်းက နယ်မှာမကျွမ်းကျင်တဲ့ ဝပ်ရှော့ဆရာတွေက ပြန်ပြုပြင်တာကြောင့်ရယ်၊ အပူချိန်တိုင်းသာမိုမီတာကို ဖြုတ်ပစ်တာတို့ရယ်ကြောင့် Probox၊ Fit တို့ မီးလောင်ရတာပါ"ဟု ကားတင်သွင်းသူ ဦးမိုးက ပြောကြားသည်။

Toyota Probox ကားများတွင် ဒီဇယ်၊ ဓာတ်ဆီဟူ၍ နှစ်မျိုးတင်သွင်းမှုရှိပြီး မြေပြန့်မဟုတ်သော နေရာများနှင့် တောင်ပေါ်လမ်းများတွင် အသုံးပြုပါက ဒီဇယ်သုံးအမျိုးအစားကို ရွေးချယ်သင့်သည်။ ပြည်တွင်းအရောင်းအဝယ်သွက်သော ကားများမှာ Toyota Probox၊ Belta၊ Nissan၊AD Van၊ Mazada Demino၊ Honda Fit ဖြစ်ကြောင်း ကားဈေးကွက်မှ သိရသည်။

ကြည်(ရန်ကင်း)

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

၄ဃ/၃၂၅၉ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလင်း ၁၂/ဥကတ(နိုင်)၀၂၇၈၅၀ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

၉ဂ/၈၄၅၈ Hyundai KMEFG Tractor Head ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စန္ဒာထွန်း ၁၂/အစန(နိုင်)၁၈၁၄၉၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး) ရန်ကုန်မြို့

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့ အထက ပဥ္စမတန်း (A) မှ မအဥ္ဇလီအောင်နှင့် မြို့မ မူလတန်းကျောင်းမှ မောင်ထက်အောင်ကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးသန်းလှိုင် ၈/ကမန(နိုင်)၀၄၃၇၂၃ ဖြစ်ပါကြောင်း။

ဦးသန်းလှိုင်

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဃ/၁၆၊ မြေကွက်အမှတ် ၅၈၃၊ မြေကွက်တည်နေရာ အမှတ် ၅၈၃၊ အာဇာနည်လမ်း၊ အမှတ်(၃) ရပ်ကွက်၊ ရွှေပြည်သာ ဒေါ်ခင်သန်းဝင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်သန်းဝင်း ၁၃/နမတ(နိုင်)၀၁၃၄၂၅ ကိုယ်တိုင်က ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတို့ကို တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
တောင်ကြီးတက္ကသိုလ်
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တောင်ကြီးတက္ကသိုလ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	လုပ်ငန်းအမည်	လုပ်ငန်းတည်နေရာ
၁။	သုံးထပ်စာသင်ဆောင် သုံးလုံးဆောက်လုပ်ခြင်းလုပ်ငန်း သံကူကွန်ကရစ်(ရေ၊မီးအပါအဝင်)(၁၉၂×၃၈)ပေ	တောင်ကြီးတက္ကသိုလ်

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၈-၇-၂၀၁၃ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၇-၈-၂၀၁၃ ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။
၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့်တင်ဒါ အာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။
၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
ပါမောက္ခချုပ်ရုံးခန်း၊ တောင်ကြီးတက္ကသိုလ်၊ တောင်ကြီးမြို့။
၅။ အသေးစိတ်သိရှိလိုသည့် အချက်များကို တောင်ကြီးတက္ကသိုလ် ဖုန်း-၀၈၁-၂၁၂၂၆၄၉သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ဦးကိုကိုအောင်၊ ဦးဝင်းကို Soo Pin Co.,Ltd. နှင့် အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဝင်းသိမ်း ၁၂/ကမရ(နိုင်)၀၁၄၄၈၅၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးကိုကိုအောင် ဒါရိုက်တာ၊ Soo Pin Co.,Ltd. နှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

Soo Pin Co.,Ltd. မှ ရရှိထားသော အငှားယာဉ် Taxi အစီးရေ ၁၀၀ ကို တင်သွင်းခွင့်လျှောက်ထားနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၏ ထောက်ခံစာနှင့်တကွ ၎င်းနှင့်ပတ်သက်သော အခွင့်အရေးအရပ်ရပ်ကို ကျပ်သိန်း ၉၀၀ တိတိ တန်ဖိုးသင့်လျက် Soo Pin Co., Ltd. မှ ဦးအောင်ဝင်းသိမ်းထံသို့ လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခဲ့ရာတွင် ဦးအောင်ဝင်းသိမ်းကလည်း Soo Pin Co.,Ltd. နှင့်တကွ ဆက်သွယ်ပေးသော ဂုဏ်သရေရှိလူကြီးလူကောင်းများအား ယုံကြည်လျက် လွှဲပြောင်းဝယ်ယူခဲ့ရာ၌ ပထမအရစ်ငွေများကို ၃၁-၅-၂၀၁၃ရက်တွင် "မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံကြီးကြပ်မှုကော်မတီ (ဗဟို)" ရုံးခန်းတည်ရှိရာ သံသုမာလမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ် မထသ(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးလှသောင်းမြင့်၏ရှေ့မှောက်၌ Soo Pin Co.,Ltd. မှ တာဝန်ပေးအပ်သူ ဦးဝင်းကို ၈/ခမန(နိုင်)၁၀၆၃၄၉ထံသို့ နှစ်ဦးသဘောတူကတိစာချုပ်ပြုလုပ်၍ ပေးအပ်ခဲ့သည့်အတွက် Soo Pin Co.,Ltd. မှ အဆိုပါအငှားယာဉ်တင်သွင်းခွင့်ပြုရန် ထောက်ခံစာ(မူရင်း)အပါအဝင် အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများတွင် တရားဝင်လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် စာရွက်စာတမ်းများအားလုံးနှင့်တကွ ယင်းကိစ္စအတွက် လုပ်ပိုင်ခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဝင်းသိမ်းထံသို့ အပြီးအပြတ် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

ထို့နောက် ဦးအောင်ဝင်းသိမ်းက သက်ဆိုင်ရာအစိုးရဌာနအသီးသီးတွင် မိမိ၏ကုန်ကျစရိတ်များစိုက်ထုတ်၍ ဆောင်ရွက်ခဲ့ရာ၌ အဆိုပါ တင်သွင်းခွင့်ပါမစ်ကို တရားဝင်ရရှိခဲ့ပြီးနောက် ကျန်ငွေများကို Soo Pin Co.,Ltd. သို့ ဆက်လက်ပေးချေရန်ဆောင်ရွက်ခဲ့ရာ၌ ဦးကိုကိုအောင်က အကြောင်းအမျိုးမျိုးပြ၍ လက်ခံရယူခြင်းမပြုသဖြင့် ဦးအောင်ဝင်းသိမ်းက မိမိ၏ကတိအတိုင်း ၂၄-၆-၂၀၁၃ရက်စွဲပါ အကြောင်းကြားစာဖြင့် တရားဝင် ငွေလက်ခံရယူပေးပါရန် Soo Pin Co.,Ltd. ထံသို့လိပ်မူ၍ တရားဝင်မှတ်ပုံတင်အကြောင်းကြားစာဖြင့် ပေးပို့ခဲ့ရာတွင်လည်း အဆိုပါအကြောင်းကြားစာအား လက်ခံရယူခြင်းမပြုဘဲ မူလနှစ်ဦးသဘောတူ သတ်မှတ်ဈေးနှုန်းထက် များစွာသောဈေးနှုန်းကိုပေးရန် ဦးအောင်ဝင်းသိမ်းထံ ငွေတောင်းခံလာသည့်အပြင် ဦးအောင်ဝင်းသိမ်းက သက်ဆိုင်ရာဌာနများတွင် အဆိုပါကားတင်သွင်းခြင်းအား ဆောင်ရွက်ရာ၌ ဖြစ်ရပ်မှန်အားထိချန်လျက် မမှန်ကန်သော တင်ပြမှုများကိုပြုလုပ်၍ ဦးအောင်ဝင်းသိမ်း၏ လုပ်ငန်းစဉ်များအား အဟန့်အတားဖြစ်စေရန် ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

Soo Pin Co.,Ltd. သည် သက်ဆိုင်ရာအစိုးရဌာန၏ ထောက်ခံချက်အဆင့်သာရှိသေးသည့် မော်တော်ကားတင်သွင်းခွင့်စာနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးအောင်ဝင်းသိမ်းထံသို့ လွှဲပြောင်းပေးအပ်ရောင်းချပြီးပါလျက် ဦးအောင်ဝင်းသိမ်း၏ဆောင်ရွက်မှုကြောင့် ယခုကဲ့သို့ တင်သွင်းခွင့်ပါမစ်အဆင့်သို့ ရောက်ရှိပြီးသည့်အခါတွင်မှ Soo Pin Co.,Ltd.က မူလသဘောတူညီချက်ထားသည့်ငွေထက် ပို၍ထပ်မံတောင်းခံကာ ဦးအောင်ဝင်းသိမ်း၏ ကားတင်သွင်းခွင့်လုပ်ငန်းအပေါ် မရိုးသားသောနည်းဖြင့် နှောင့်ယှက်လာမှုသည် လွန်စွာမှ မမှန်ကန်သောလုပ်ရပ် ဖြစ်ပါသည်။

ထို့ကြောင့် Soo Pin Co.,Ltd. အနေဖြင့် မူလက ဦးအောင်ဝင်းသိမ်းနှင့်ပြုလုပ်ခဲ့သော သဘောတူကတိပြုချက်များအတိုင်း ရိုးသားစွာလိုက်နာဆောင်ရွက်လျက် သက်ဆိုင်ရာအစိုးရဌာနများတွင် မမှန်မကန်တင်ပြ၍ ဦးအောင်ဝင်းသိမ်း၏ ကားတင်သွင်းခြင်းလုပ်ငန်းအား ဝင်ရောက်နှောင့်ယှက်နေမှုများကို တရားဝင်ပြန်လည်ရုပ်သိမ်း၍ နောက်နောင် ထိုကဲ့သို့ ထပ်မံမပြုလုပ်ပါရန် တောင်းဆိုအပ်ပါသည်။

အကယ်၍ အထက်ပါဖော်ပြချက်များကို Soo Pin Co.,Ltd. ဘက်မှ လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက ဦးအောင်ဝင်းသိမ်းအနေဖြင့် တည်ဆဲဥပဒေများနှင့်အညီ အစိုးရသက်ဆိုင်ရာဌာနအသီးသီးနှင့် တရားရုံးများတွင် အမှန်တရားအတိုင်း တင်ပြတရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) (စဉ်-၆၇၀၂)
အမှတ် ၅၆၁၊ (M.A.C Tower) အခန်း ၁၀၂၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၇/ဘီ)၊ လူနေရပ်ကွက်အမှတ် ရတနာအိမ်ရာအမှတ်(၁)၊ မြေကွက်အမှတ် (၆၇)ဟုခေါ်တွင်သော ဧရိယာ ၀ ဒသမ ၂၅၅ ဧက၊ စတုရန်းပေ ၁၁၁၁၀ ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးသည် ရန်ကုန်မြို့၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဗိုလ်မှူးကြီးမြင့်စိုး အမည်ပေါက်တည်ရှိပြီး ၎င်းထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ ချုပ်ဆိုသော အရောင်းအဝယ်စာချုပ်အမှတ် ၄၃၅/၂၀၁၁ အရ ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းမြင့် ၁၂/မဂဒ(နိုင်)၀၀၈၇၈၂ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်း ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မွန်မွန်ချို LL.B (စဉ်-၂၃၂၉၉) အထက်တန်းရှေ့နေ
ဒေါ်အိအိမြိုင် LL.B,DBL,DML (စဉ်-၂၆၇၄၆) အထက်တန်းရှေ့နေ
အရှုံမေ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၈၄၄၁၅၊ ၃၈၄၄၄၁၊ ၃၈၄၁၆၀

ကြော်ငြာ

CHINDWIN COLLEGE
SCHOOL OF ENGINEERING & SCHOOL OF BUSINESS
ချင်းတွင်းတွင် HND တက်၍ နိုင်ငံတကာတက္ကသိုလ်များတွင် နောက်ဆုံးနှစ်တက်ရောက်နေသူများ နှင့် B.E (Hons) ဘွဲ့ရရှိခဲ့သူများ
အောင်ထက်သန်း
တက္ကသိုလ်ဝင်တန်းအမှတ်- ၃၄၁
B.E (Hons)
Coventry University (Auston)
အောင်ပြည့်စုံကျော်
တက္ကသိုလ်ဝင်တန်းအမှတ်- ၄၁၆
B.E (Hons)
Coventry University (Auston)
မြဖြူထွန်း
တက္ကသိုလ်ဝင်တန်းအမှတ်- ၄၃၆
B.E (Hons)
University of Wolverhampton (TEG)
အောင်မိုးဟိန်း
တက္ကသိုလ်ဝင်တန်းအမှတ်- ၂၇၀
B.E (Hons)
Coventry University (Auston)
အောင်မြင့်
တက္ကသိုလ်ဝင်တန်းအမှတ်- ၃၃၉
B.E (Hons)
Coventry University (Auston)
ထက်နိုင်ဝင်း
တက္ကသိုလ်ဝင်တန်းအမှတ်- ၃၈၅
B.E (Hons)
Coventry University (Auston)
မေမီအောင်စိုး
တက္ကသိုလ်ဝင်တန်းအမှတ်- ၄၇၉
B.E (Hons)
Coventry University (Auston)
စိုးမိုးအောင်
တက္ကသိုလ်ဝင်တန်းအမှတ်- ၂၈၀
B.E (Hons)
Coventry University (Auston)
Na Ran
တက္ကသိုလ်ဝင်တန်းအမှတ်- ၃၆၆
B.E (Hons)
Coventry University (Auston)
ရှိုင်းကိုကို
တက္ကသိုလ်ဝင်တန်းအမှတ်- ၃၂၀
Final Year
B.E (Hons)
University of Sunderland (TEG)
ရွှမ်းထက်အောင်
GCE'O' Level
B.E (Hons)
Coventry University (Auston)
ရန်ပြေဟိန်း
တက္ကသိုလ်ဝင်တန်းအမှတ်- ၄၄၂
B.E (Hons)
University of Wolverhampton
(TEG)
စည်သူစိုး
တက္ကသိုလ်ဝင်တန်းအမှတ်- ၃၅၆
Final Year
B.E (Hons)
Coventry University (Auston)
သဲကိုကိုနိုင်
တက္ကသိုလ်ဝင်တန်းအမှတ်- ၂၆၂
B.E (Hons)
University of Wolverhampton
(TEG)
စိုင်းသစ်လွင်ကျော်
တက္ကသိုလ်ဝင်တန်းအမှတ်- ၄၃၇
Final Year
B.E (Hons)
Coventry University (Auston)
စိုင်းနေအောင်
တက္ကသိုလ်ဝင်တန်းအမှတ်- ၂၆၅
Final Year
B.E (Hons)
Coventry University (Auston)
ဝေမင်းစိုး
တက္ကသိုလ်ဝင်တန်းအမှတ်- ၄၀၂
Final Year
B.E (Hons)
Coventry University (Auston)
ဖော်လင်းထက်
တက္ကသိုလ်ဝင်တန်းအမှတ်- ၃၃၅
Final Year
B.E (Hons)
University of Hertfordshire
(BMC International College)
ထက်မင်းခန့်
တက္ကသိုလ်ဝင်တန်းအမှတ်- ၃၃၇
Final Year
B.E (Hons)
Coventry University (Auston)
ခဲမြတ်ခွန်း
တက္ကသိုလ်ဝင်တန်းအမှတ်- ၄၁၂
Final Year
B.E (Hons)
Coventry University (Auston)
လက်ရှိဖွင့်လှစ်ထားသည့် သင်တန်းများ
HND in Electrical and Electronic Engineering, Mechanical Engineering, Business Management
2013 July သင်တန်းသစ်များ
HND (Civil Engineering), HND (Hospitality & Toursim), Pre MBA Post Grad Diploma
တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများ International Foundation Course (IFC) တက်ရောက်နိုင်သည်။
IFC ပြီးလျှင် (သို့) ဒုတိယနှစ်အောင်ပြီးဖြစ်လျှင် HND ၂နှစ်သင်တန်းတက်ရောက်နိုင်သည်။
ဘွဲ့ရပြီးသူများ Pre MBA Post Grad Diploma တက်ရောက်နိုင်သည်။
ချင်းတွင်းကောလိပ် (ရန်ကုန်) အမှတ်(၇၅) သိမ်ဖြူလမ်း၊ အောက်ဘလောက်။ ဖုန်း ၀၉-၇၃၀၆၆၀၃၇၆၊ ၀၁- ၂၉၇၆၇၃
ချင်းတွင်းကောလိပ် (မန္တလေး) စံပယ်ဆောင်၊ ဂရိတ်ဝေါတိုက်ခန်းများ၊ ၇၇ x ၇၈ ကြား၊ ၃၁ x ၃၂ ကြား။ဖုန်း- ၀၂-၇၄၃၇၉

လားရှိုးမြို့ရှိ ဂျာမေဗလီဝတ်ကျောင်းတော်ကြီး ပြန်လည်ဝတ်ပြုနိုင်ကြပြီ

လားရှိုး ဇူလိုင် ၁၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ ဂျာမေဗလီဝတ်ကျောင်းတော်ကြီးတွင် အစ္စလာမ်ဘာသာဝင်တို့ ပြန်လည်ဝတ်ပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

လားရှိုးမြို့ ဂျာမေဗလီသည် လားရှိုးမြို့ ရပ်ကွက်(၃)ဗိုလ်ချုပ်လမ်းနှင့် ဟံသာဝတီလမ်းထောင့်တွင်ရှိပြီး လားရှိုးမြို့နေ အစ္စလာမ်ဘာသာဝင်တို့၏ အဓိကကျသော ဗလီ ဝတ်ကျောင်းတော်ကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

မေ ၂၈ရက် ည ၇နာရီခွဲခန့်တွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခဖြစ်စဉ်များအတွင်းမီးရှို့ဖျက်ဆီးခံခဲ့ရခြင်းဖြစ်ပြီး ဇူလိုင် ၁၄ရက်က ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်လုံခြုံရေးဝန်ကြီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးတို့နှင့် လားရှိုးမြို့ရှိ အစ္စလာမ်ဘာသာရေးအဖွဲ့ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲအပြီး ပြန်လည်အသုံးပြုခွင့်ရခြင်းဖြစ်ကြောင်း သိရသည်။

ဂျာမေဗလီဝတ်ကျောင်းတော်ကြီးကို အစ္စလာမ်ဘာသာဝင်တို့က ဇူလိုင် ၂၀ရက်တွင် ပြန်လည်ဝတ်ပြုနိုင်ရန်အတွက် လိုအပ်သော ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း အစ္စလာမ်ဘာသာဝင်များက ဝမ်းမြောက်ကျေးဇူးတင်ကြောင်း ဘာသာရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဦးတင်အောင်က ပြောပြသည်။

မေ ၂၈ရက်ညက ဂျာမေဗလီကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု စွပ်စွဲခံထားရသူ ဇော်ဝင်းအပါအဝင် ခုနစ်ဦးကို လားရှိုးမြို့နယ်တရားရုံးက လက်ခံစစ်ဆေးနေကြောင်း၊ အမှုမှထွက်ပြေးတိမ်းရှောင်နေသူများကို တရားခံပြေးအဖြစ် အမှုစွဲတင်ပို့ထားကြောင်း ရဲတပ်ဖွဲ့မှ သိရသည်။

မမ(လားရှိုး)

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ကျောက်ထုမြို့နယ်၌ ထုတ်ပေး

ကျောက်ထု ဇူလိုင် ၁၈

မကွေးတိုင်းဒေသကြီး ကျောက်ထုမြို့နယ်ခွဲ စံကျေးရွာအုပ်စုတွင် ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီခွဲတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ ကျောက်ထုမြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးလှရွှေနှင့် မြို့နယ်ခွဲအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် လယ်ယာမြေပိုင်ရှင်များ၊ ကျေးရွာသူကျေးရွာသား စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်နှင့်ပတ်သက်၍လယ်ယာမြေဥပဒေနည်းဥပဒေများအားကျောက်ထုမြို့နယ်ခွဲ မြေစာရင်းဦးစီးမှူး ဦးမြင့်ဆန်းက ရှင်းလင်းပြောကြားပြီး လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များကို မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးမှပေးအပ်ရာစံကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **ကျောက်ထု (ပြန်/ဆက်)**

သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

လပွတ္တာ ဇူလိုင် ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန လပွတ္တာခရိုင် ဦးစီးမှူးဦးဝင်းဇော်ဌေးနှင့် ဝန်ထမ်းအဖွဲ့များသည် အထက်အကြီးအကဲများ၏ လမ်းညွှန်ချက်များနှင့်အညီ ကျေးရွာအဆင့်သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲအား ဇူလိုင် ၁၄ ရက် ပြင်စလူမြို့နယ်ခွဲ ရွှေကျေးရွာ၌ ကျင်းပရာ ကျေးရွာပြည်သူများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူ ၂၄၅ ဦးတက်ရောက်ခဲ့သည်။ ဟောပြောပွဲတွင် လေမုန်တိုင်း၊ ဆူနာမီ၊ ရေကြီးခြင်းတို့နှင့်ပတ်သက်သည့် ဆောင်ရန် ရှောင်ရန်အချက်များ၊ မုန်တိုင်းသတင်းနှင့် မုန်တိုင်းသတိပေးချက် မတူညီမှု၊ မုန်တိုင်းအရောင် အဆင့် မုန်တိုင်းအလံအသုံးပြုမှုစနစ်၊ မြေပြင် ဝေဟင်အချက်ပြစနစ်၊ ဒေသနှင့် လိုက်လျောညီထွေရှိမည့် အုန်းမောင်းခေါက်စနစ်တို့ကို တိတိကျကျ သိရှိနိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်မရောက်မီ ကြိုတင်ပြင်ဆင်ထားနိုင်ရေးတို့ကို ဟောပြောဆွေးနွေးခြင်း၊ ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများက လက်ကမ်းစာစောင်များနှင့် ပိုစတာများဝေငှခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ထို့နောက် လပွတ္တာခရိုင်အတွင်း ထိခိုက်ခံရလွယ်သော ပင်လယ်ကမ်းခြေနှင့်နီးသောဒေသများသို့ ဟောပြောပွဲများဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းကျော်မြင့်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဘဝအမောပြေ

ရေစိုနေလို့ပါ

မှတ်တိုင်တစ်ခု၌ အဘွားကြီးတစ်ဦးသည် ဘတ်စ်ကားပေါ်သို့ ခက်ခက်ခဲခဲတက်လာစဉ် လူငယ်တစ်ဦးမှာ မိမိထိုင်နေရာခုံမှ မတ်တတ်ထရပ်လေသည်။ အဘွားကြီးက အသံကျယ်ကျယ်ဖြင့်-

အဘွားကြီး ။ ။ သာဓု၊ သာဓု၊ သာဓုပါတော်။

ဘတ်စ်ကားပေါ်မှ လူများလည်း အဘွားကြီးထံ စုပြုံအကြည့်ရောက်သွားကြသည်။

အဘွားကြီး ။ ။ မောင်မင်းကြီးသားသက်ရှည်ကျန်းမာပါစေ။ အခုလို ဆုတ်ကပ်ရောက်နေတဲ့ခေတ်ကြီးမှာ သက်ကြီးရွယ်အိုတွေကို နေရာပေးတဲ့ မင်းတို့လိုလူငယ်တွေ ရှားကုန်ပြီကွယ့်။

ထိုအခါ မတ်တတ်ထရပ်သူ လူငယ်၏ ရှက်ကိုးရှက်ကန်း ပြောစကားကြောင့် ဘတ်စ်ကားပေါ်ရှိ လူများ ပြုံးစိစိဖြစ်ကုန်ကြလေသည်။

လူငယ် ။ ။ ဟီး ဟီး-- ကျွန်တော်ထိုင်နေတဲ့ခုံမှာ ရေစိုနေလို့ မတ်တတ်ထရပ်တာပါခင်ဗျ။

ထက်မြတ်ကြယ်စင်

မလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး
ကလေးမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကလေးမြို့၊ ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသနေသော လူနာများအား ကုသပေးရန် လိုအပ်သောဆေးဝါးများ(FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
စတင်ရောင်းချမည့်ရက် - ၁၁-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၀-၈-၂၀၁၃ ရက်၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့
ဖုန်း-၀၇၃-၂၁၆၃၆၊ ၀၇၃-၂၁၆၃၇၊ ၀၇၃-၂၁၅၁၁

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို အမေရိကန်ဒေါ်လာ (CIF Yangon) ဖြင့်လည်းကောင်း၊ မြန်မာကျပ်ငွေဖြင့်လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	MPPE/MCY/CAP/T/2 (2013-2014)	New 4000 Imperial Gallons Capacity Rigid Aircraft Refueller	2 Nos.	USD
(၂)	MPPE/AV/T/1 (2013-2014)	Aviation Gasoline 100LL	400 Drums.	USD
(၃)	MPPE/AV (LUB)/T/1 (2013-2014)	Aviation Lubricating Oil & Grease	6 Items.	USD
(၄)	MPPE/LP/MCY/T/1 (2013-2014)	Aviation Fuelling Equipment Spare Parts	3 Items.	Kyat
(၅)	MPPE/LP/CHEM/T/1 (2013-2014)	Shell Water Detector Capsules	890 Boxes	Kyat

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** -၁၅-၇-၂၀၁၃ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** -၁၄-၈-၂၀၁၃ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** -၁၂း၀၀ နာရီ
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၈၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Computer & Accessories - (3) Items
(ခ) GPE IP Microwave Equipment - (42) Hops
(ဂ) 4 Legs Self Supporting Tower - (10) Nos
(ဃ) 2 Volt Battery - (2) Items
(င) Rectifier - (73) Sets

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂-၈-၂၀၁၃ ရက် ၁၃း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ် ၄၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Upper Yeywa) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12 Meter Concrete Pole	725 Nos

၂။ ပစ္စည်းများ၏ (Technical Specification)များအား ၃၀-၇-၂၀၁၃ရက် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် ဩဂုတ် ၈ ရက် မွန်းတည့် ၁၂း၀၀ နာရီဖြစ်ပြီး ၁၃း၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) တွဲဖက်ပြည်နယ် ကျန်းမာရေးဦးစီးဌာနအောက်ရှိ တိုက်နယ်ဆေးရုံ(၃၂)ရုံ၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန(၁၆)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၇၅)ခု၊ ဒေသန္တရကျန်းမာရေးဌာန(၁)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၂၈၉)ခု၊ ကျောင်းကျန်းမာရေးဌာန(၂)ခုတို့အတွက် ဆေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၅-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၈-၂၀၁၃ရက် ညနေ ၄း၃၀နာရီ

၃။ တင်ဒါစည်းမျဉ်းများနှင့် ဆေးပစ္စည်းစာရင်းကို ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာန
လားရှိုးမြို့
ဖုန်း-၀၈၂-၂၃၀၁၃၊ ၀၈၂-၃၀၃၈၇

အမည်မှန်

မင်းပြားမြို့၊ ဈေးဟောင်းပိုင်းရပ်ကွက်နေ ဦးကျော်ဇံလှ၏သမီး အထက မင်းပြား ဆဋ္ဌမတန်း(B)မှ မသက်သက်နိုင်၏အမည်မှန်မှာ မဖြိုးသီရိကျော် ဖြစ်ပါကြောင်း။

မဖြိုးသီရိကျော်

အမည်ပြောင်း

မင်းပြားမြို့၊ အောက်ရွာပိုင်ရပ်ကွက်နေ ဦးခင်မောင်၏သမီး မင်းပြား၊ အ-ထ-က နဝမတန်း(H)မှ မအိကြာဖြူအား မရည်မွန်မြင့်ဟု ပြောင်းလဲခေါ်ပါရန်။

မရည်မွန်မြင့်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၃၇၈၃၃ Yin Xiang 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖုန်းနိုင်ထွန်း ၅/ကဘလ(နိုင်)၁၆၁၂၉၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၈၁၄၇၅ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်မြင့် ၉/ခအဇ(နိုင်)၀၂၆၀၉၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

19-7 (15).pmd 1 7/17/2013, 7:14 AM

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စိတ်ကြွရူးသွပ်ဆေးပြားများ မော်လမြိုင်၌ သိမ်းဆည်းရမိ

မော်လမြိုင် ဇူလိုင် ၁၈

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် တောင်ဝိုင်းလမ်း အရေပြားဆေးရုံအနီး၌ ဘားအံမူးယစ် (အထူးအဖွဲ့) မော်လမြိုင်လှုပ်ရှား ရဲအုပ်သိန်းဝင်း၊ ရဲအုပ်ချစ်ကိုမြင့်နှင့် တပ်ဖွဲ့များ၊ မော်လမြိုင်ခရိုင် မှုခင်းနှိမ်နင်းရေး(အထူး)အဖွဲ့မှ ရဲတပ်ကြပ်တင်ထွန်းက မုပွန်နယ်မြေရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သိန်းစိုးတို့သည် သက်သေများနှင့်အတူ သတင်းအရ စောင့်ဆိုင်းနေစဉ် ဆိုင်ကယ်အမှတ် ၁၃ယ/. . . ဟွန်ဒါဝေ့(ဗ်) ၁၂၅ အဖြူ+အနက် ရောင် ဆိုင်ကယ်ဖြင့် ရောက်ရှိလာသူ စောကျော်ထူး(ခ) ကျော်ထူးအား ဇူလိုင် ၁၃ ရက် နံနက် ၁၁ နာရီက ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ ၄င်းဝတ်ဆင်ထားသော ပုဆိုးခါးပုံစအတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၀၊ အလေးချိန်သုံးဂရမ်ခန့်ပါ အထုပ်တစ်ထုပ်ကိုရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

စောကျော်ထူး(ခ) ကျော်ထူးကို စစ်ဆေးရာ အဆိုပါဆေးပြားများကို ကြာအင်းဆိပ်ကြီးမြို့နယ်၊ ခလယ်တံခွန်တိုင်ကျေးရွာနေ ဘကြည်ထံမှ ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်၍ စိတ်ကြွရူးသွပ်ဆေးပြား လက်ဝယ်တွေ့ရှိသူ စောကျော်ထူး(ခ)ကျော်ထူး (၄၁ နှစ်) မောင်ငံရပ်ကွက်နေသူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချသူ ဘကြည် (၅၀ နှစ်) ကြာအင်းဆိပ်ကြီးမြို့နယ်နေသူနှစ်ဦးအား မုပွန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(လ/ဝ၂၁)**

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

မော်လမြိုင် ဇူလိုင် ၁၈

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်မှုခင်းကျူးလွန်ခြင်းရှောင်ကြဉ်ရေးအသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီခန့်က ကျင်းပရာ ဟောပြောပွဲသို့ စက်စဲရဲကင်းမှူး ရဲအုပ်ထွန်းထွန်းဝင်း၊ သံဖြူဇရပ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူး ဦးညီညီဇော်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဒုရဲအုပ်ဌေးလွင်နှင့် တပ်ဖွဲ့ဝင်များ၊ စက်စဲကျေးရွာ အုပ်ချုပ်ရေးမှူး ဦးလွန်းရိန်၊ စက်စဲကျေးရွာ အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အေးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် အုပ်ချုပ်ရေးမှူး ဦးလွန်းရိန်က မိတ်ဆက်စကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီဇော်က အိမ်ထောင်စုသန်းခေါင်စာရင်းနှင့် အမျိုးသားမှတ်ပုံတင်ပြုလုပ်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဒုရဲအုပ်ဌေးလွင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေနှင့်သိကောင်းစရာများ အကြောင်း အသိပညာပေး ဟောပြောပြီးစက်စဲရဲကင်းမှူး ရဲအုပ်ထွန်းထွန်းဝင်းက မှုခင်းကျူးလွန်ခြင်းရှောင်ကြဉ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း အသိပညာပေး ဟောပြောကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အေးက လူကုန်ကူးမှုဆိုင်ရာအသိပညာပေးခြင်းနှင့် ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်းသိရသည်။ **(လ/ဝ၁၂)**

တောင်ငူမြို့မှ လိပ်သိုမြို့သို့ မှန်လုံလူစီးယာဉ်များ စတင်ပြေးဆွဲ

တောင်ငူ ဇူလိုင် ၁၈

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့မှ အရှေ့ဘက် ၃၂ မိုင်အကွာရှိ တောင်ပေါ်မြို့ဖြစ်သည့် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သိုမြို့သို့ ခရီးသည်တင် မီနီဘတ်စ်မှန်လုံယာဉ်ငယ်များ စတင်ပြေးဆွဲနေပြီဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားများ အထူးဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ဝမ်းမြောက်

တောင်ငူ-လိပ်သိုလမ်းသည် ယခုအခါ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာခြင်းကြောင့် ယခင်က ပြေးဆွဲခြင်းမရှိခဲ့သည့် မှန်လုံယာဉ်များ စတင်ပြေးဆွဲခြင်းဖြစ်ပြီး ခရီးသည်တစ်ဦးလျှင် ကျပ် ၁၅၀၀နှင့် ဆန်တစ်အိတ်လျှင် ၁၀၀၀ နှုန်းဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ မိုးရာသီတွင် မိုးလုံလေလုံအန္တရာယ်ကင်းရှင်းစွာ သွားလာရသည့်အတွက် ကရင်တိုင်းရင်းသားများ အပါအဝင် ဒေသခံပြည်သူများက အထူးဝမ်းသာလျက်ရှိကြောင်း ဒေသခံကုန်သည်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ထွက်ရှိ

လိပ်သိုမြို့နယ်ခွဲသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ ကျော်တွင်ရှိ၍ တောင်ငူ-လွိုင်ကော်ကားလမ်းဘေးတွင်ရှိကာ မြို့ပေါ်ရပ်ကွက်ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၁)အုပ်စု ကျေးရွာပေါင်း ၁၇၆ ရွာ၊ လူဦးရေ ၃၈၆၉၄ ဦးရှိပြီး ဒေသထွက်သီးနှံများဖြစ်သည့် ဂေါ်ဖီ၊ တည်းသီး၊ ဒူးရင်းသီး၊ ဖာလာ၊ ကွမ်းသီး၊ ငရုတ်ကောင်းနှင့် ရော်ဘာတို့ ထွက်ရှိကြောင်း သိရသည်။ **(၁၃၆)**

အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်း ရေးမြို့စီမံချက်နေရာများအား စစ်ဆေး

မော်လမြိုင် ဇူလိုင် ၁၈

အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းဖြစ်သည့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)မှ အမေရိကန်နိုင်ငံသား Mr.Irving Gregony Jamdes နှင့် ဩစတြေးလျနိုင်ငံသား Mr.Warren Butrery (programme advisor) တို့နှစ်ဦးသည် ရန်ကုန်မြို့ရှိ (IOM) ရုံးချုပ်မှ ပရောဂျက်မန်နေဂျာ ဒေါက်တာဒေါ်ရီရီချို့နှင့် စီမံချက်မန်နေဂျာ ဦးအောင်ထွန်းတို့ လိုက်ပါသည့်အဖွဲ့သည် ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီခွဲက ရေးမြို့ IOM ရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ငှက်ဖျား/တီဘီ/HIV/AIDS ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားကာ ရေးမြို့နယ် ကလော့လေးကျေးရွာတွင် ဆောင်ရွက်လျက်ရှိသည့် ဆေးယဉ်ပါးငှက်ဖျားရောဂါတိုက်ဖျက်ရေး စီမံချက်နေရာများကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **(လ/ဝ၁၂)**

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၃/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-021(2013-2014)	Accessories for Ywama Gas Distribution Station	(1) Lot	US$
(၂)	IFB-022(2013-2014)	Accessories for Kanbauk Gas Distribution Station	(1) Lot	US$
(၃)	IFB-023(2013-2014)	Accessories for Kyauk Phyu Gas Distribution Station	(1) Lot	US$
(၄)	IFB-024(2013-2014)	6” ERW API 5L Grade X 42 Steel Line (2414) MTR Pipe and accessories	(1)Lot	US$
(၅)	IFB-025(2013-2014)	428 XL Server 4000 with Monitor (NEC WA -2510 System Unit only)	(1) Set	US$
(၆)	IFB-026(2013-2014)	Solid Control Unit (Desander Unit, Desilter Unit & Degasser Unit)	(1) Unit each	US$
(၇)	IFB-027(2013-2014)	185 KW, 3.3KV Induction Motor	(1) No	US$
(၈)	IFB-028(2013-2014)	11 KV Gas Circuit Breaker (or) Oil Circuit Breaker Complete Set	(4) Sets	US$
(၉)	IFB-029(2013-2014)	Derrick Shaker Unit	(1) Set	US$
(၁၀)	IFB-030(2013-2014)	Water Transfer Pump with Engine Driven	(1) Unit	US$
(၁၁)	DMP/L-011(2013-2014)	Telephone Cable, Branch Exchange and Cordless Telephone	(1) Lot	Kyat
(၁၂)	DMP/L-012(2013-2014)	(a) Aluminium Conductor Steel Reinforce (ACSR) Wire	(2.5) Tons	Kyat
		(b) Hard Drawn Bore Copper (HDBC) Wire	(1) Ton	
(၁၃)	DMP/L-013(2013-2014)	Circular Concrete Post (9)M	(50)Nos	Kyat
(၁၄)	DMP/L-014(2013-2014)	(a) 5KW Diesel Engine Driven Generating Set	(3) Sets	Kyat
		(b) 5 HP 3 Phase Induction Motor	(1) No	
(၁၅)	DMP/L-015(2013-2014)	Spares for F 1600 Drilling Pump Ex ZJ 70L Drilling Rig	(1) Lot	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၂-၈-၂၀၁၃ ရက် (၁၃း၀၀)နာရီတွင်နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်သို့ လာရောက် ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရ ဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၉-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၈-၈-၂၀၁၃ ရက် ညနေ ၄း၀၀ နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများ စာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၂၂၁၀၁၃၊ ၀၁-၂၂၂၈၀၄-၈၀၆
(လိုင်း‌ခွဲ-၁၈၀)

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)
(၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဂုဏ်ပြုပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်
အစည်းအဝေးဖိတ်ကြားလွှာ

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)မှ အထက်ဖော်ပြပါ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ၂၀၁၃ခုနှစ်၊ ဩဂုတ် ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် အလှူရှင်များသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အသက်(၈၀)အထက် အသင်းဝင်များ၏ မိဘများအမည်စာရင်းနှင့် ဂုဏ်ထူးရကျောင်းသူ ကျောင်းသားများ၏အမည်စာရင်းများကို ၄-၈-၂၀၁၃ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။

ဆက်သွယ်လှူဒါန်းလိုသူများသည် ဦးစံတင် ဖုန်း-၀၉-၈၆၂၉၇၉၂၊ ဦးထွန်းသိန်း ဖုန်း-၅၈၁၄၄၇၊ ဦးအောင်သာထွန်း ဖုန်း-၀၉-၄၉၅၈၅၀၄၄၊ ဦးသန်းရွှေ ဖုန်း-၀၉-၇၃၀၂၄၁၉၄၊ ဦးသန်းထွန်း ဖုန်း-၀၉-၅၀၀၉၁၅၇တို့ထံသို့ ဆက်သွယ်လှူဒါန်းစာရင်းပေးသွင်းနိုင်ပါသည်။

ကြွရောက်လာကြသော ပင့်သံဃာများနှင့် ကျောင်းရှိသံဃာတော်များ၊ ဧည့်ပရိသတ်များအား သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ သုစိတ္တာလမ်းနေ ဦးမျိုးဆွေ-ဒေါ်မေရီစော မိသားစုတို့မှ နံနက်စာဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းပါမည်။ **အလုပ်အမှုဆောင်အဖွဲ့**

[illegible]

မိဘ အမည်မှန်
ကျိုင်းတုံမြို့၊ အထက(၄)၊ သတ္တမတန်း(D)မှ မေစန္ဒာဖြိုး၏မိဘအမည်မှန်မှာ ဦးမောင်မောင်နိုင်-ဒေါ်ခင်မြင့်ကြည် ဖြစ်ပါကြောင်း။
ဦးမောင်မောင်နိုင်-ဒေါ်ခင်မြင့်ကြည်

ဖခင် အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အထက(ခွဲ)ရာဇဂြိုဟ် တက္ကသိုလ်ဝင်တန်းမှ ပညာသင်ကြားနေသော မနှင်းရတနာဦး၏ဖခင်အမည်မှန်မှာ ဦးသိန်းလွင် ၅/ကလထ(နိုင်)၀၄၉၃၄၈ ဖြစ်ပါကြောင်း။ **ဦးသိန်းလွင် ၅/ကလထ(နိုင်)၀၄၉၃၄၈**

အမည်မှန်
ကော့သောင်းမြို့နေ ဗိုလ်မှူးကြီးသက်ထွန်းဦး၏သား မောင်ကောင်းထက် (နဝမတန်း CAE-ကိုယ်ပိုင်အထက်တန်းကျောင်း၊ နေပြည်တော်)၏ အမည်မှန်မှာ မောင်ခန့်သူရဦး ဖြစ်ကြောင်းနှင့် မောင်လင်းခန့် (ဆဋ္ဌမတန်း၊ အထက-၂၊ ကော့သောင်း)၏ အမည်မှန်မှာ မောင်ရဲသီဟဦး ဖြစ်ပါကြောင်း။
မောင်ခန့်သူရဦး၊ မောင်ရဲသီဟဦး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း
ယာဉ်အမှတ် ၂၈ယ/၆၈၇၀၅၊ CANDA-110၊ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးလှိုင် ၉/ခမစ(နိုင်)၀၂၇၉၀၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဖမ်းဆီးရမိသော တရားမဝင်နယ်ကျော် မှောင်ခိုကျွဲများ၏ကျန်းမာရေး စစ်ဆေးကုသ

မော်လမြိုင် ဇူလိုင် ၁၈

မော်လမြိုင်ကျွန်းမြို့နယ် ကျွဲခြံချောင်းဖျားနှင့် ဝဲဒေါင့်ဆက်သွယ်ထားသော ကွန်ကရစ်တံတားခြေရင်းတွင် ဖမ်းဆီးရမိခဲ့သော ကျွဲထီး လေးကောင် နှင့် ကျွဲမ လေး ကောင်တို့ကို ကျန်းမာရေးစစ်ဆေးကုသခြင်းနှင့်ဖမ်းမိကျွဲများနှင့်စပ်လျဉ်း၍အချက်အလက်မှတ်တမ်းရယူခြင်းကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့နယ် တယ်ချောင်းကျေးရွာအုပ်စု ရေကျော်ကြီးကျေးရွာရှိ ယာယီထိန်းသိမ်းစောင့်ရှောက်ထားသော ဦးအုန်းကြိုင်၏ နေအိမ်ခြံဝင်းထဲ၌ ပြုလုပ်ခဲ့သည်။

တရားမဝင်မှောင်ခိုကျွဲရှစ်ကောင်ကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ယာယီမြို့နယ်ဦးစီးမှူး ဒေါက်တာထွန်းဇော်ဝင်းနှင့် အဖွဲ့က ကျွဲကျန်းမာရေး စစ်ဆေးကုသပေးကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ်ဝင်းနိုင်နှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်တရားရုံးမှ တာဝန်ရှိသူများက တရားမဝင်မှောင်ခိုသယ်ကျွဲများနှင့်စပ်လျဉ်း၍သတင်းအချက်အလက်မှတ်တမ်းများကို ရယူကြသည်။ အဆိုပါ တရားမဝင် မြို့နယ်ကျော်မှောင်ခိုကျွဲနွား သယ်ယူမှုများပပျောက်ရေးအတွက် မော်လမြိုင်ကျွန်းမြို့နယ်တွင် ထိရောက်စွာဆက်လက်ဖော်ထုတ်ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်အောင်

ရှောက်ကုန်းကျေးရွာ၌ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၁၈

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ရှောက်ကုန်းကျေးရွာတွင် မဟာအောင်မြေကျောင်းတိုက်ဆရာတော် ဦးဝိစာရိန္ဒဦးစီး၍ ပထမအကြိမ် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက အောင်မြေရန်ကင်း ဓမ္မာရုံတွင် ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် အလှူရှင်များ၊ သင်တန်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၅၄၆ ဦးတက်ရောက်၍ သင်တန်းကို တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဒေသခံဆရာ ဆရာမများ၏ လုပ်အားဒါနဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(၄၁၇)

မူးယစ်ဆေးဝါး ဖမ်းဆီးရမိ

မူဆယ် ဇူလိုင် ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့နယ် နမ့်စမ်ဂိုဒေါင်ကျေးရွာတွင် ဆပ်ပြာခွက် ၂၂ ခွက်ဖြင့်ထည့်ထားသော အလေးချိန်၃၀၈၈ဂရမ်ခန့် ဘိန်းဖြူဟုယူဆရသောမူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်းသိရှိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၂ ရက် ညနေ ၅ နာရီက မူဆယ်မူးယစ်(အထူး)တပ်ဖွဲ့ နမ့်ခမ်း လှုပ်ရှားမူးယစ်တပ်ဖွဲ့ဝင်များ၊ နမ့်ခမ်း (မြို့မ) ပြည်သူ့စစ် (နမ့်စမ်ဂိုဒေါင်ကျေးရွာ တာဝန်ကျ) အဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သတင်းအရ မူဆယ်မြို့နယ် နမ့်စမ်ဂိုဒေါင်ကျေးရွာနေ မယိုးဖုံ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်မီးဖိုနှင့်ကပ်လျက်အိမ်သုံးပစ္စည်းများထားသည့်အခန်းထဲတွင် ဝါးပလိုင်းအတွင်းမှ ရောင်စုံဆပ်ပြာခွက် ၂၂ခွက်ကို တွေ့ရှိရသည်။ ဆပ်ပြာခွက်များကိုဖွင့်ကြည့်ရာ အဖြူရောင် ပလတ်စတစ်အကြည်ဖြင့် ထည့်ထားသည့် တစ်ခွက်လျှင် ဘိန်းဖြူမှုန့်အလေးချိန် ၁၄ ဂရမ်ပါ ဘိန်းဖြူဟု ယူဆရသော အဖြူမှုန့်များကို တွေ့ရှိရပြီး ကာလတန်ဖိုး ငွေကျပ်သိန်း ၆၀ ကျော်ခန့်ရှိ စုစုပေါင်းအလေးချိန် ၃၀၈၈ဂရမ်ခန့်ကို ဖမ်းဆီးရမိခဲ့သည်ဟု သိရသည်။

လှိုင်း(နမ့်ခမ်း)

ချောင်းဦးချောင်းဖျားတွင် တောင်ယာခုတ်ခြင်း ရေပိုက်ခိုးသွယ်ခြင်းများကြောင့် လယ်သမားများအခက်တွေ့

တာချီလိတ် ဇူလိုင် ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု နမ့်တာကျိုကျေးရွာ၌ ဇူလိုင် ၁၃ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က လားဟူတိုင်းရင်းသား လယ်သမားများက ၎င်းတို့ လယ်မြေ အသုံးပြုလျက်ရှိသော ရေချောင်း နှစ်ချောင်းရှိ ချောင်းဦးချောင်းဖျားတွင် မာနော်ရွာသားအချို့က တောင်ယာခုတ်ခြင်း၊ ရေပိုက်ခိုးသွယ်ခြင်းများပြုလုပ်ခြင်းကြောင့် ၎င်းတို့လယ်များအတွင်းသို့ သဲများစုပုံဝင်ရောက်လာခြင်း၊ လယ်ကန်သင်းမြေများပြိုကျခြင်းနှင့် လယ်ရေများရှားပါးလာခြင်းများ ဖြစ်ပေါ်လာသည့်ကိစ္စနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးစေလိုကြောင်း ရပ်ရွာကိုယ်စားပြုရွာသူကြီး ဦးထွန်းအောင်နှင့် လားဟူတိုင်းရင်းသားရေးရာဝန်ကြီး ဦးရှာမွေလရှုန်၊ တာချီလိတ်မြို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လားဟူစာပေ ယဉ်ကျေးမှု ဥက္ကဋ္ဌ ဦးဝီလ်ဆင်မိုးတို့ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့တွေ့ဆုံဆွေးနွေးရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝီလ်ဆင်မိုးက လားဟူတိုင်းရင်းသားရေးရာဝန်ကြီး ဦးရှာမွေလရှုန်ကို ရွာသူကြီး ဦးထွန်းအောင်က ရွာသားများကိုယ်စား မာနော်ရွာသားအချို့မှ တောင်ယာခုတ်ခြင်း၊ ရေပိုက်ခိုးသွယ်ခြင်းများ ပြုလုပ်ခြင်းကြောင့်ရွာသားများမှတောင်ယာမပြုလုပ်ရန်၊ ရေပိုက်မသွယ်ရန် လူကိုယ်တိုင်သွားရောက် ပြောဆိုခဲ့ကြသော်လည်း ၎င်းရွာသားများက နားမထောင်ဂရုမစိုက်ခဲ့သောကြောင့် လယ်များအတွင်းသို့ သဲများ စုပုံဝင်ရောက်လာခြင်း၊ လယ်ကန်သင်းများပြိုကျ ပျက်စီးခြင်းများနှင့် လယ်ရေများရှားပါးလာခြင်း ပြဿနာများ နှစ်နှစ်သုံးနှစ်အတွင်း အကြီးအကျယ်ခံစားနေရသဖြင့် စပါးအထွက်တိုး ယခင်နှစ်က တစ်ဧကလျှင် အထွက်နှုန်း ၈၀ ရှိပြီး ယခုနှစ် တစ်ဧကလျှင် အထွက်နှုန်း ၆၀ သာ ထွက်ရှိ၍ ကျဆင်းသွားခဲ့ရသဖြင့် ၎င်းကိစ္စအား ဖြေရှင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားဆွေးနွေးခဲ့သည်။ ထို့နောက် လိုအပ်သည်များကို မှတ်တမ်းတင်ခြင်း၊ အပြန်အလှန် ဆွေးနွေးခြင်းများပြုလုပ်ခဲ့ကြသည်။ ယင်းကိစ္စအား တောင်သူလယ်သမားများအတွက် မည်သို့လုပ်ဆောင်ပေးမည်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝီလ်ဆင်မိုးအားမေးမြန်းခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မြင့်မိုရ်(တာချီလိတ်)

Hotel အသစ်မဖွင့်ခင်နှင့် ဖွင့်လှစ်ပြီးသူများ
လက်ရှိဖွင့်လှစ်ပြီး Management ဆက်လက်၍
မလုပ်နိုင်သူများအတွက် Business Alliance Hub ၏
Hotel Developing Management Team မှတာဝန်ယူ
ဆောင်ရွက်ပေးခြင်း၊ အကြံပေးတိုင်ပင်ခြင်းနှင့် ခေါ်ယူဆွေးနွေးခြင်းများကို
အထူးဝန်ဆောင်မှုပေးနေပါသည်။
ဆက်သွယ်ရန်လိပ်စာ
Business Alliance Hub
126/A, Dhama Zedi Road,
Bahan Township, Yangon. Myanmar
01-524844 , 09-73902715

ရွှေဘိုမြို့ မော်စောမြင်သာ မြို့တော်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကြေညာ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၇၅ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၇)ရက်မှ သီတင်းကျွတ်လဆန်း(၁)ရက်နေ့အထိ ၁၀ရက်တိတိ ကျင်းပမည်ဖြစ်ပါသည်။ ယခင်နှစ်များအတိုင်း ဇာတ်ရုံ၊ ဆပ်ကပ်ရုံ၊ ရဟတ်ကြီးနေရာ၊ ဓာတ်ပုံဆိုင်များ၊ ဆိုင်ကယ်အပ်ဌာန၊ လျှပ်စစ်မီးကန်ထရိုက်၊ ပျံကျဈေးကောက်၊ ရေနှင့်မိလ္လာကောက်လုပ်ငန်း၊ အထူးဆိုင်ခန်းများကို အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

နေ့ရက် - ၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၃ရက်၊ ၂၅-၇-၂၀၁၃ ရက်
အချိန် - နံနက် ၁၀ နာရီ
နေရာ - ဂေါပကအဖွဲ့ရုံးခန်း

ဂေါပကအဖွဲ့
မော်စောမြင်သာ မြို့တော်စေတီတော်၊ ရွှေဘို

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(D)မှ နန်းကိန်ခမ်း၏ ဖခင်အမည်မှန်မှာ ဦးအိုက်ကျင့် ၁၃/လရန(နိုင်)၁၃၇၄၈၈ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ သဗျာရွာနေ မငြိမ်းငြိမ်းစိုး ၆/လလန(နိုင်)၁၀၂၉၅၅၏ဖခင် ဦးဘဆန်း ၆/လလန(နိုင်)၀၄၅၉၉၃ သည် အရပ်ခေါ်အမည်မှာ ဦးမောင်ဆန်း ဖြစ်ကြောင်းနှင့် တစ်ဦးတစ်ယောက်တည်း ဖြစ်သည်ကို မှန်ကန်ကြောင်း ကြေညာအပ်ပါသည်။

သဲအင်းဂူ ဝါတွင်းသုံးလ တရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကျွန်းတောရပ်ကွက်၊ အမှတ်(၈) သဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းရိပ်သာကျောင်းကြီး၌ (၂၀၁၃ခုနှစ် ဇူလိုင် ၂၂ရက်မှ အောက်တိုဘာ ၁၉ရက်အထိ) ၁၃၇၅ခုနှစ် ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်းသုံးလ တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ကျင်းပသွားမည်ဖြစ်ပါသည်။

တရားစခန်းပွဲတွင် တွံတေး သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းရိပ်သာကျောင်းဆရာတော် ကမ္မဋ္ဌာနာစရိယ ဦးဝေပုလ္လ(တွံတေး)အရှင်သူမြတ်က သမထဝိပဿနာ တရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဝါဆိုလဆန်း ၁၄ရက်၊ ၂၁-၇-၂၀၁၃ရက်အရောက် လာရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။ **ဦးဝေပုလ္လ(တွံတေး) ဖုန်း-၀၉-၅၃၉၆၅၇၈၊ ၀၄၅-၅၀၄၂၇**

(၉၆)နှစ်ပြည့် မွေးနေ့ဆုတောင်း

၁၉-၇-၂၀၁၃ရက်တွင် ကျရောက်သော အနန္တကျေးဇူးရှင်မိခင်ကြီး ဒေါ်မြကြည် (၉၆)နှစ်ပြည့်မွေးနေ့မှ နောင်နှစ်ပေါင်းများစွာ သားသမီး မြေးမြစ်တစ်စုတို့နှင့် ကျန်းမာပျော်ရွှင်စွာ လောကီလောကုတ္တရာအကျိုး ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

သားကြီး- ပါမောက္ခဒေါက်တာဌေးလှိုင်စိုး
သားငယ်- ဒေါက်တာမြင့်ကြိုင်စိုး-ဒေါ်ဝေဝေသန်းမိသားစု

ဂုဏ်ယူနှစ်ထောင်းဝမ်းမြောက်ပါကြောင်း ဆုတောင်းလွှာ

ရွှေကျင်းကြီး Company & Sun Company Limited တို့မှ Vietnam Brand Wire & Cable ကုမ္ပဏီကို အမှတ်(၂၆၇-က) ပြည်လမ်း၊ မြေနီကုန်း(ရှီးမဘဏ်ဘေး)တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းနှင့် Sun Company မှ Managing Director ဦးချမ်းကျော်ကျော်ပိုင်၊ Director, Duong Anh Tuan တို့မှ Vietnam Brand ABC cable AMR meter, Capacity Bank၊ လမ်းမီးတို့ကို သီရိမြိုင်လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်တွင် အိမ်ခြေရာပေါင်းများစွာအတွက် လှူဒါန်းမှုနှင့် ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းများတွင် လှူဒါန်းမှုကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်း တိုင်းကျိုးပြည်ကျိုးအတွက် ဆတက်ထမ်းပိုး ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းလိုက်ပါသည်။

ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အင်ဂျင်နီယာချုပ်
BOD အဖွဲ့ဝင်များ၊ (ရန်ကုန်တိုင်းဒေသကြီး)
Sun စက်ရုံမှဝန်ထမ်းများ
မြန်မာပိုင်ကျော်ကုမ္ပဏီများအုပ်စု
ACZ ကုမ္ပဏီများအုပ်စု

အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း

မန္တလေးမြို့နေ ဦးတီကာရမ်း-ဒေါ်ဒေဘီမာယာ[အော်(င်)ကာရီး]တို့၏သမီး မရတနာမိုးသည် ၂၀၁၃ခုနှစ် မတ်လတွင် ကျင်းပပြီးစီးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ၌ ခုံအမှတ် မနမ-၂၀၅ ဖြင့် ဝင်ရောက်ဖြေဆိုပြီး ဘာသာစုံဂုဏ်ထူးရရှိ၍ ရမှတ်ပေါင်း ၅၃၆ မှတ်ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် အမြဲတမ်းထူးချွန်ထက်မြက်သူတစ်ဦးဖြစ်စေရန် ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဂေါ်ရခါးဟိန္ဒူမေမွ
အဖွဲ့ချုပ်

ပျောက်ဆုံး

Myanmar Pipes and Accessories Trading Co.,Ltd. ၏ ထုတ်ကုန်သွင်းကုန်လုပ်ငန်း မှတ်ပုံတင်လက်မှတ်(ထသကသ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၅၅၂၆၇၅**

မှုခင်းသတင်းနှင့်ကြော်ငြာ

ကျေးတစ်ရာဘုန်းကြီးကျောင်းအတွင်း ခိုးယူရန်အကြံဖြင့် ရောက်ရှိနေသူအားဖမ်းဆီးရမိ

သုံးခွ ဇူလိုင် ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် (၁၀)ရပ်ကွက် ဗန္ဓုလလမ်းရှိ ရဟန်းသံဃာမနေဘဲ သော့ခတ်ထားသော ကျေးတစ်ရာကျောင်းပေါ်မှ “ဒုန်း ဒုန်း”ဟူသော အသံကို ရပ်ကွက်တွင်နေထိုင်သူတစ်ဦးက ကြားရသဖြင့် လှည့်ကင်းဆောင်ရွက်လာသော နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်လင်းအောင် အဖွဲ့နှင့် ကျောင်းတိုက်ပေါ် တက်ရောက်ကြည့်ရှုရာ ကျောင်းတိုက် ခေါင်းရင်းဘက် ကျက်သရေခန်းရှိ ခုတင်အောက်တွင် ပုန်းနေသော လူတစ်ဦးအားတွေ့ရှိ၍ မေးမြန်းရာ ဟိန်းမင်းဇော်(၁၉နှစ်)၊ ကျပန်းလုပ်၊ (၆) ရပ်ကွက်နေသူဖြစ်ပြီး ၎င်း၏အနီးတွင် ဘုရားခန်းမှ ကြေးပန်းအိုး နှစ်လုံး၊ မီးထွန်းသည့် မီးကြိုးများမှ အပေါ်ယံ ပလတ်စတစ်များ ခွာထုတ်ထားသော ကြေးနန်းကြိုးခွေ လေးခွေအပြင် ဆောက်ပြား အဟောင်း (လက်ကိုင်မတပ်) တစ်ခု၊ သစ်သားချောင်း တစ်ချောင်းတို့ကို တွေ့ရှိရသဖြင့် အကြံဖြင့်ဖောက်ထွင်း ဝင်ရောက်နေသူဟိန်းမင်းဇော်အား သုံးခွ မြို့မရဲစခန်းမှူး ဒုရဲမှူးဌေးဦးက အမှုဖွင့် အရေးယူလျက်ရှိကြောင်း သိရသည်။

ချစ်စရာ(သုံးခွ)

ဖားကန့်တွင် မူးယစ်ဆေးဝါးများ သိန်း ၁၇၀၀ ကျော်ဖိုး သိမ်းဆည်းရမိ

ဖားကန့် ဇူလိုင် ၁၈

မြစ်ကြီးနား (မူးယစ်)ဖားကန့် မော်ဝမ်းလှုပ်ရှားမှု ရဲအုပ်ဇော်မျိုးလွင် ဦးစီးတပ်ဖွဲ့ဝင်များ၊ တာမခန်လှုပ်ရှားမှု ရဲအုပ်ထန်းနိန် ဦးစီးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဆိပ်မူလှုပ်ရှားအဖွဲ့ ဒုရဲအုပ်ခင်ဇော်မှ ဝယ်လက်အသွင်ယူ၍ ဖမ်းဆီးခဲ့ရာ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ ရပ်ကွက်(၁) ဘွမ်ရာကုန်းနေ တင်ထွန်းအောင်(ခ)အိုက်ပီး၏ နေအိမ်တွင် ဝယ်ယူမည့်ဘိန်းဖြူများ ရောက်ရှိလာပြီဖြစ်ကြောင်း သိရှိ၍ နေအိမ်အား ဝင်ရောက်စစ်ဆေးရာ တင်ထွန်းအောင်(ခ)အိုက်ပီးအား နေအိမ်အောက်ထပ် ကြမ်းပြင်ပေါ်ရှိတံခါးချပ်များစုပုံထားသည့်ကြားမှ အနက်ရောင်ကြွပ်ကြွပ်အိတ်အတွင်း အဖြူရောင်အဝတ်စဖြင့် ထုပ်ထားသော အပြာရောင်ကပ်ခွာအိတ်ဖြင့် ထည့်လျက် 88 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား၂၀၀ ပြား စီပါခုနစ်ထုပ်နှင့်၉၈ပြားပါ တစ်ထုပ်စုစုပေါင်း အပြာရောင်ကပ်ခွာအိတ်ရှစ်အိတ်အတွင်းမှ စုစုပေါင်း ၁၄၉၈ ပြားအလေးချိန်၁၄၉ဒသမ၈ ဂရမ်ခန့် ဆေးပြားတစ်ပြားလျှင် ၆၀၀၀ နှုန်းဖြင့် ကာလတန်ဖိုး ၈၉၈၈၀၀၀ အားလည်းကောင်း၊ နေအိမ်အပေါ်ထပ် မျက်နှာကြက်နှင့်သွပ်မိုးကြား ထပ်ခိုးပေါ်မှ အဝါရောင်တိပ်ဖြင့်ပတ်ထားသော အနက်ရောင် ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ပိုးထားသည့် ရောင်စုံဆပ်ပြာခွက် ၁၅ ခွက်အတွင်း ဘိန်းဖြူမှုန့် စုစုပေါင်း အလေးချိန်၁ဒသမ၈၁၂ ကီလိုဂရမ်ခန့် ကာလတန်ဖိုး ကျပ် သိန်းပေါင်း ၁၇၂၀ သိန်းနှင့်လေးသောင်းအား လည်းကောင်း နေအိမ်၏ အောက်ထပ်ရှိတင်ထွန်းအောင် (ခ) အိုက်ပီး၏ အိပ်ရာဘေးမှ ၀၉၄၀၀----- နံပါတ်ပါ Samsung အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးနှင့် ၎င်း၏ အမည်ပါ နိုင်ငံသား စိစစ်ရေး ကတ်ပြားတစ်ခုတို့အားလည်းကောင်း တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများသည် မူဆယ်မြို့နေ မာလ(ခ)လဆိုင်းဆိုသူထံမှ ကိုယ်တိုင်သွားရောက်ဝယ်ယူခဲ့ခြင်းဖြစ်ပြီး မူဆယ်မြို့ရှိ LEO တည်းခိုခန်းတွင် တည်းခိုပြီး ဖုန်းဖြင့်ဆက်သွယ်မှာယူခဲ့ရာ ၎င်းကလာရောက်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကာ မူဆယ်မြို့တွင်နေထိုင်သည်ဟုသာ သိရှိရပြီး နေရပ်လိပ်စာ အတိအကျမသိရှိရကြောင်း တင်ထွန်းအောင်က ထွက်ဆိုခဲ့သည်။

တင်ထွန်းအောင်(ခ) အိုက်ပီး (၂၈နှစ်)၊ မာလ(ခ) လဆိုင်း(၄၅နှစ်) တို့နှစ်ဦးအားရဲအုပ်သန်းနိုင်ကတရားလိုပြုလုပ်၍ ဖားကန့်မြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **(ဝ၆၄)**

မီးပွိုင့်မီးနီအား ဖြတ်သန်းမောင်းနှင်စဉ်ယာဉ်များတိုက်မိ

ရန်ကုန် ဇူလိုင် ၁၈

ဇူလိုင် ၁၅ ရက် ည ၉ နာရီခွဲက ကျောက်တံခါးမြို့နယ် ပန်းဆိုးတန်းလမ်းဆုံနေရာ၌ ပန်းဆိုးတန်းလမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော ဦးမြတ်သွင် (၅၃ နှစ်) ၁ခ/... ကိုရိုလာ(ဗင်) အဖြူရောင်ယာဉ်သည် အဆိုပါ လမ်းဆုံ၌တောင်မှမြောက်သို့ မီးနီအား ဖြတ်သန်းမောင်းနှင်စဉ် အနော်ရထာလမ်းအတိုင်း အရှေ့မှအနောက်သို့ မောင်းနှင်လာသော ယာဉ်မောင်း ဦးကျော်ထိုက် မောင်းနှင်သည့် ၈ဏ/ ... လိုက်ထရပ်(ကိုယ်ပိုင်)ယာဉ်နှင့် တိုက်မိပြီး ၎င်းယာဉ်နှင့်လားရာတူ မောင်းနှင်လာသော ယာဉ်မောင်း ဦးသန့်ဇင် မောင်းနှင်နေသော ၉က/... ကိုရိုလာ (ဗင်) အဖြူရောင်ယာဉ်ကို ဆက်လက်တိုက်မိခဲ့၍ ယာဉ်များပျက်စီးကာ ကိုရိုလာ(ဗင်)အဖြူရောင်ယာဉ်နှစ်စီးလုံး မောင်းနှင်မရတော့သဖြင့် ကရိန်းယာဉ်များကို ခေါ်ယူအသုံးပြု၍ ချိတ်ဆွဲသယ်ယူခဲ့ကြရသည်။

အရေးယူ

ယာဉ်မဆင်မခြင် မောင်းနှင်သော ယာဉ်မောင်း ဦးမြတ်သွင်ကို ဥပဒေအရ အရေးယူပေးပါရန် ယာဉ်ထိန်းရဲအုပ်အောင်လှိုင်စိုးက တိုင်တန်း၍ အရေးယူလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ဥပဒေဘောင်အတွင်း

နေထိုင်ခြင်း

ဘေးကင်းရန်ကွာ

စိတ်ချမ်းသာ

ရထား ပွတ်တိုက်မိရာမှ လူတစ်ဦးသေဆုံး

ရေး ဇူလိုင် ၁၈

ဇူလိုင် ၁၃ ရက် ည ၁၁ နာရီ ၁၅ မိနစ်ခန့်က ရထားလမ်းမိုင်တိုင် အမှတ် (၂၅၂/၂)နှင့် (၂၅၂/၃) ကြားတောင်ဘုံရွာအနီးတွင် လူတစ်ဦး ရထားတိုက်မိ၍ သေဆုံးနေကြောင်း တောင်ဘုံရွာအုပ်ချုပ်ရေးမှူး ဦးထွန်းဝေက ဇူလိုင် ၁၄ ရက် နံနက် ၆ နာရီ ၁၅မိနစ်က ဖုန်းဖြင့် အကြောင်းကြား၍ သက်သေများနှင့်အတူ လမိုင်းနယ်မြေရဲစခန်းမှူး ရဲအုပ်မောင်မောင်ဌေးနှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ ဦးချမ်း(၆၉ နှစ်) အကွက်(၁)တောင်ဘုံရွာ လမိုင်းမြို့နယ် ခွဲနေသူသည် ရထားပွတ်တိုက်မိ၍ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါ သေဆုံးမှုဖြစ်စဉ်နှင့်ပတ်သက်၍ ဇူလိုင် ၁၄ ရက်က ဒုရဲအုပ် လင်းသူဇော်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် လမိုင်းနယ်မြေရဲစခန်းက အမှုဖွင့် လက်ခံစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

နေမျိုးထွဋ်(ရေး)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ၂၃၀ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းများအတွက် လအလိုက် လိုအပ်လျက်ရှိသော ဘိလပ်မြေများကို မြန်မာကျပ်ငွေဖြင့် စီမံကိန်းလုပ်ငန်းခွင်များသို့ အချိန်ကိုက် ဝယ်ယူပို့ဆောင်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၈-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၁၆-၈-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းဓာတ်အားစနစ်ဌာနမှ ဓာတ်အားခွဲရုံများတွင် အစားထိုးတပ်ဆင်နိုင်ရန်နှင့် အရန်အဖြစ် ထားရှိရန်အတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်-

(၁) Residential Transformer များဝယ်ယူခြင်း
(၂) Protective relay and Security Light များဝယ်ယူခြင်း
(၃) Battery bank and battery Charger များဝယ်ယူခြင်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၈-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၁၆-၈-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ ဒေါ်အဲလိစဘတ် ၁၃/မဆန(နိုင်)၀၂၁၁၄၉သည် တာချီလိတ်မြို့၊ ဟောင်လိတ်အုပ်စု၊ ကွင်းအမှတ် ၅၃၊ လွယ်စတုံကွင်းရှိ မြေဧရိယာပေ(၁၂၀×၁၂၀)ရှိ မြေကွက်အား တာချီလိတ်မြို့၊ ဆန်ဆိုင်း(ထက်)ရပ်ကွက်နေ ဦးစိုင်းနွန်း ၁၃/ဖခန(နိုင်)၀၀၄၈၃၉ထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေငှားဂရန်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့်လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူမှ သတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်အဲလိစဘတ် ၁၃/မဆန(နိုင်)၀၂၁၁၄၉

ဒေါ်ခင်ညို ၁၃/ညရန(နိုင်)၀၃၇၁၅၄
အမှတ် ၁၀/၃၉၊ မြို့ပတ်လမ်း၊ ဝမ်ကောင်းရပ်၊ တာချီလိတ်မြို့
သိသာရန်

တာချီလိတ်မြို့၊ အမှတ် ၃၈/ဂ၊ ချယ်ရီလမ်း၊ တာလေ့ာရပ်နေ ဒေါ်နန်းမြင့်သိန်းအေး(ခ) ဒေါ်နန်းမြင့်မြင့်ဦး(ခ)မီးမီး၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သင့်အပေါ် အသိပေးကြေညာအပ်ပါသည်။

သင်သည် ကျွန်ုပ်၏အမှုသည် ဦးထွန်းဝင်း-ဒေါ်မီးမီးတို့လင်မယားထံမှ ၇-၇-၂၀၁၁ရက်တွင် ကျပ်၁၄၅သိန်း၊ ၆-၁၀-၂၀၁၁ရက်တွင် ကျပ် ၁၄၅သိန်းနှင့် ၁၅-၃-၂၀၁၂ရက်တွင် ကျပ်သိန်း ၂၉၀၊ စုစုပေါင်းကျပ်သိန်း ၅၈၀ တိတိကို စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် ခေတ္တချေးငှားပါရန် ယုံကြည်အောင်ပြောဆိုပြီး အကူအညီတောင်းခံလာ၍ ကျွန်မတို့လင်မယားမှလည်း လူမှုရေးအရယုံကြည်ပြီး သင့်အား အထက်ပါ စုစုပေါင်းကျပ်ငွေ သိန်း ၅၈၀ တိတိကို ပေးအပ်ခဲ့ပါသည်။

သို့သော် သင်သည် ကျွန်ုပ်အမှုသည် ဦးထွန်းဝင်း-ဒေါ်မီးမီးလင်မယားထံမှ ပိုက်ဆံများရရှိပြီးနောက် ယုံကြည်မှုကိုအလွဲသုံးစားပြုပြီး သင်နေထိုင်ရန် အထက်ပါလိပ်စာတွင် နေထိုင်ခြင်းမရှိတော့ဘဲ မည်သည့်အရပ်ဒေသသို့ ပြောင်းရွှေ့သွားခြင်း မသိရှိတော့ပါ။

သို့ပါ၍ လူကြီးမင်းအနေဖြင့် ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်အမှုသည် ဦးထွန်းဝင်း-ဒေါ်မီးမီးလင်မယားထံသို့ဖြစ်စေ လူကိုယ်တိုင် လာရောက်ဖြေရှင်းပါရန်နှင့် လာရောက်ဖြေရှင်းခြင်းမပြုပါက တရားဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဦးညီညီအောင် B.A (Law), LL.B ၊ တရားလွှတ်တော်ရှေ့နေ (၄၀၂၉)
အမှတ် ၄၂၊ တာလေ့ာ၊ တာချီလိတ်မြို့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ရခိုင်ပြည်နယ်အတွင်း ဓာတ်အားပေးနိုင်ရန်အတွက် တည်ဆောက်မည့် အောက်ဖော်ပြပါဓာတ်အားခွဲရုံစီမံကိန်းများအတွက် လိုအပ်သောပစ္စည်းများကို နိုင်ငံခြားငွေ(US$) ဖြင့် ဝယ်ယူလိုပါသည်-

(၁) တောင်ကုတ်ဓာတ်အားခွဲရုံစီမံကိန်း
(၂) အမ်းဓာတ်အားခွဲရုံစီမံကိန်း
(၃) စနဲဓာတ်အားခွဲရုံစီမံကိန်း
(၄) မန်းဓာတ်အားခွဲရုံစီမံကိန်း
(၅) ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံစီမံကိန်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၈-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၁၆-၈-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးကိုဒ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပဲခူးခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၃၂

ဒေါ်တင်တင်စိန် **နှင့်** ၁။ ဒေါ်ခင်ဝင်း(ခ)ဒေါ်ဝင်းဝင်း
၂။ ကိုရဲလင်းထိုက်

တရားလို **တရားပြိုင်များ**

ရွှေလင်းယုန် ပဲ၊ နှမ်း၊ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်း၊ မြို့အဝင်လမ်း၊ စက်ကွင်းရပ်၊ ဒိုက်ဦးမြို့၊ ပဲခူးတိုင်းဒေသကြီးနေ ကိုရဲလင်းထိုက် (ဘ) ဦးကြည်မြင့် (ယခုနေရပ်လိပ်စာမသိရသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မူလချေးရင်းငွေကျပ်သိန်း ၂၀၀ နှင့် ပဋိညာဉ်ဖြင့် သတ်မှတ်ထားသည့် အတိုးငွေကျပ် သိန်း ၃၅၀၊ စုစုပေါင်းကျပ်သိန်း(၅၅၀)တိတိရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးပါသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇူလိုင် ၂၃ရက် (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇွန် ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(သန်းသန်းလွင်)
ဒုတိယခရိုင်တရားသူကြီး၊ ပဲခူးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ ဒေါ်ဌေးဌေးမြင့် ၇/ပတန(နိုင်)၀၀၃၄၇၄ သည် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကျောက်တောင်ရပ်၊ အကွက်အမှတ်(၁၈)၊ဦးပိုင်အမှတ် ၁၀၇/က၊မြေယာအမှတ် ၁၆၀-A ဟုခေါ်တွင်သည့် မြေဧရိယာ ဝဒသမ ၁၁၂ဧကကို ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ ကျောက်တောင်ရပ်၊ ဘောဂလမ်းနေ ဒေါ်ပြုံးပွင့် ၉/မမန(နိုင်)၀၂၄၃၃၆ထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေစာရင်းပုံစံ(၁၀၅)နှင့်အတူ မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်ဌေးဌေးမြင့် ၇/ပတန(နိုင်)၀၀၃၄၇၄
ဖုန်း-၀၉-၂၀၅၁၇၃၂

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၅၊မြေကွက်အမှတ် ၅၂၀၊မြေကွက်တည်နေရာအမှတ် ၅၂၀၊ စစ်ကိုင်းလမ်း(၃၀)၊ (၅)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ် ဦးသိန်းမောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးသိန်းမောင်(ဇနီး)ဒေါ်တင်ရီ (သမီး)ဒေါ်တိုးတိုးအောင် (သား)ဦးခင်မောင်ထွန်းတို့အသီးသီးကွယ်လွန်သဖြင့် ဦးဝင်းမြင့် ၁၂/ဥကတ(နိုင်)၀၇၇၇၀၁၊ ဒေါ်လှနု ၁၂/ဥကတ(နိုင်)၀၉၆၃၇၉၊ ဦးလှဦး ၁၂/ဥကတ(နိုင်)၀၀၃၈၆၀၊ဦးဇော်မျိုး ၁၂/ဥကတ(နိုင်)၀၇၂၄၂၂၊ ဒေါ်မကြည်သိမ့် S/OKA-၁၃၁၄၃၉တို့က သားသမီး၊ သမက်နှင့်မြေးတို့တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သိပ္ပံနည်းကျ စိုက်နည်းစနစ်များ တောင်သူ အသိပညာပေး ဟောပြော

မြစ်ကြီးနား ဇူလိုင် ၁၈

မြစ်ကြီးနားမြို့နယ် လွယ်ခေါ်ကျေးရွာအုပ်/နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ သိပ္ပံနည်းကျစိုက်နည်းစနစ်များ တောင်သူအသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၉ရက် နံနက် ၁၀ နာရီက ကျင်းပရာ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးဘီထောင်ကောင်းက ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတောင်သူလယ်သမားဘဝမြင့်တင်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအေးမြင့်နှင့် ပြည်နယ်အဆင့် ဆည်မြောင်းဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စက်မှုသီးနှံဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ သက်ဆိုင်ရာဌာနအလိုက် ကဏ္ဍအသီးသီးကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသော တောင်သူများက မရှင်းလင်းသည်များကိုမေးမြန်း၍ လိုအပ်သည်များကို တင်ပြကြရာ ဝန်ကြီးနှင့်တာဝန်ရှိသူများက ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်းပေးခဲ့သည်။

အလားတူ မွန်းလွဲ ၁နာရီတွင် အကျဲကျေးရွာအုပ်စု အကုန်ကျေးရွာ၌လည်းကောင်း ညနေ ၃နာရီတွင် ရှဒေါင်းကျေးရွာအုပ်စု ရှဒေါင်းကျေးရွာတို့၌လည်းကောင်း ဆွေးနွေးပွဲများကျင်းပရာ ဒေသခံတောင်သူ ၃၅၀ကျော် တက်ရောက်၍ စိုက်ပျိုးရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ခနော့ဖြူမြို့တွင် ထရန်စဖော်မာ အသစ်တပ်ဆင်

ခနော့ဖြူ ဇူလိုင် ၁၈

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ခနော့ဖြူမြို့နယ်တွင် ပြည်သူများ ဗို့အားပြည့်မီစွာ ဓာတ်အားသုံးစွဲနိုင်ရေးအတွက် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးကိုကိုနိုင်၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲဝဏ္ဏတို့၏ ဦးဆောင်မှုနှင့်အညီ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကြည်ဝင်းနှင့် ဝန်ထမ်းများက အမှတ်(၁၀)ရပ်ကွက်တွင် ၁၁/၀.၄ကေဗွီ(၃၁၅)ကေဗွီအေ ထရန်စဖော်မာတစ်လုံးကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအစီအစဉ်ဖြင့် တိုးချဲ့တည်ဆောက်တပ်ဆင်ပေးခဲ့ရာ ပြည်သူများ ဗို့အားပြည့်မီစွာ ဓာတ်အားသုံးစွဲရသဖြင့် ဝမ်းမြောက်လျက်ရှိကြသည်။

(မြို့နယ် ပြန်/ဆက်)

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့၊ မေတ္တာရိပ်(အခမဲ့) နာရေးကူညီမှုအသင်း၏ (၂)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်နှင့် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၁၀ရက်က အသင်းရုံးတွင်ကျင်းပရာ အများပြည်သူစုပေါင်းထည့်ဝင်လှူဒါန်းထားသော အရေးပေါ်လူနာတင်ယာဉ် (Super Custom)အား အသင်းဥက္ကဋ္ဌ ဦးဝင်းသန်းထံသို့ အလှူရှင်များ၏ကိုယ်စား ဦးသောင်းထိုက် လွှဲပြောင်းပေးအပ်စဉ်။ (မြန်မာ့အလင်း)

ကျောင်းဆောင်အုတ်နံရံ ပြိုကျမှုဖြစ်ပွား

မြိုင် ဇူလိုင် ၁၈

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်-မြိုင်မြို့နယ် ဗဟင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ခရေဆောင် ပဉ္စမတန်း(A)ခန်း တောင်ဘက်နံရံပြတင်းပေါက်အပေါ်မှ ပေ(၄×၃)အုတ်နံရံတစ်ကွက်သည် ဇူလိုင် ၈ ရက် နံနက် ၁၁ နာရီတွင် ဆရာဦးစိုးလွင်ဦး(အလပြ) သမိုင်းဘာသာရပ်သင်ကြားနေစဉ် ရုတ်တရက်ပြိုကျသဖြင့် ပဉ္စမတန်း(A)ကျောင်းသူ မမြင့်မြင့်မော် (ဘ)ဦးခင်မောင်ထွေး၊ မမိုးသိမ့်သိမ့်ဝေ (ဘ)ဦးသိန်းဇော်၊ မအိအိစိုး(ဘ)ဦးသိန်းဇော်၊ မဇင်မာလှိုင်(ဘ)ဦးအေးထွန်းတို့ ဦးခေါင်းဒဏ်ရာများရရှိသဖြင့် ဗဟင်းတိုက်နယ်ဆေးရုံသို့ ဆေးကုသမှုခံယူလျက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်၊ ဗဟင်း အထက(ခွဲ)ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ သွားရောက်အားပေးကူညီခဲ့ကြပြီး ဆေးကုသမှုအား မြို့နယ်ပညာရေးမှူး၏ပံ့ပိုးကူညီမှုဖြင့် ကျောင်းသူများမှာ စိုးရိမ်စရာမရှိကြောင်း သိရသည်။ **(၁၃၅)**

ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူပူးပေါင်း၍ ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်တွင်း/ပြည်ပကုမ္ပဏီ (၃)ခု ရွေးချယ်ခံရ

ရန်ကုန် ဇူလိုင် ၁၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ် ပထမအဆင့်အဖြစ် ပြည်တွင်းကုမ္ပဏီနှစ်ခုနှင့်ပြည်ပကုမ္ပဏီတစ်ခုတို့အား ရွေးချယ်ကြောင်း သိရသည်။ ပြည်တွင်းကုမ္ပဏီနှစ်ခုမှာ Forever Green Right Services Co.,Ltd. နှင့် မိုးသောက်နှင်း ကုမ္ပဏီလီမိတက်တို့ဖြစ်ပြီး ပြည်ပကုမ္ပဏီမှာ ကိုရီးယားသမ္မတ နိုင်ငံမှ Busan Express Bus Terminal Co., Ltd. တို့ဖြစ်ကြောင်း၊ ကျန်ရှိသည့် ဆွေးနွေးဆဲကုမ္ပဏီများကိုလည်း ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်မည့်အပေါ် အခြေခံ၍ ဆက်လက်ဆွေးနွေး စိစစ်ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ထပ်မံ၍အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုသော ပြည်တွင်းပြည်ပကုမ္ပဏီများအနေဖြင့် ကုန်လမ်းပို့ဆောင်ရေးရုံးချုပ်၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၅၀၃၇၊ ၄၀၅၄၁၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကုန်းလမ်းပို့ဆောင်ရေး)

ကျူးကျော်အဆောက်အအုံများနှင့် လမ်းဘေးဆိုင်များဖယ်ရှား

တောင်သာ ဇူလိုင် ၁၈

တောင်သာမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေး အကြံပေးအဖွဲ့များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ၊ အများပြည်သူနှင့် သက်ဆိုင်သော လမ်းမြေ၊ ရေမြောင်း၊ ရေပိုက်များပေါ်သို့ ကျူးကျော်နေသည့်အဆောက်အအုံ၊ နေကာ၊ အမိုး၊ ခြံစည်းရိုး၊ ဈေးဆိုင်များအား ဖယ်ရှားပေးရန်နှင့် လမ်းဘေးဆိုင်များ ဘီးတပ်လက်တွန်းလှည်းဖြင့် ရောင်းချသွားရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အသိပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇူလိုင် ၉ရက် နောက်ဆုံးထားဖယ်ရှားပေးရန်နှင့် အခိုင်အမာဆောက်လုပ်ထားသော အဆောက်အအုံများမှာ အသနားခံဆိုင်ငံ့ပေးရန် လျှောက်ထားလျက်ရှိပြီး မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နယ်နိမိတ်ဧရိယာကို မြို့ထဲတွင် လမ်းမကြီးဝဲယာ ပေ၅၀အတွင်း သတ်မှတ်ကြောင်း၊ ဖယ်ရှားခြင်းမရှိပါက စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၉၁ အရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

လင်းလက်ကြယ်(တောင်သာ)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် ၃၀ ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အိမ်အမှတ် ၆၃၁ ဟုခေါ်တွင်သော ဒေါ်နန့်ဥမ္မာဝင်း ၁၂/ဗဟန(နိုင်)၀၅၁၁၆၇ အမည်ပေါက်သည့် ဧရိယာ ၀ဒသမ၀၅၅ဧကေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိပိုင်ရှင်ဖြစ်သူ ဦးမြတ်အောင် ၁၂/သဃက(နိုင်)၀၆၁၇၈၀ထံမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်းအား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ရေးဆိုင်ခွင့်ရှိသူ တစ်စုံတစ်ဦးရှိခဲ့ပါက ဤကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ် ချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေအပ်ပါသည်။

ဒေါ်ရွှေမိုးသူဇာ
၁၁/ကတန(နိုင်)၀၆၆၇၂၄
အမှတ် ၄၄၊ သခင်ဗစိန်လမ်း၊ အမှတ် ၃၀ရပ်ကွက်၊
ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၂၀၄၄၅၉၁

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရှမ်းပြည်နယ်တရားလွှတ်တော်
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁ နှင့်ဆက်သွယ်သည့်
၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၉

ဒေါ်မီမီသက်(ခ)ကျမ်းကွမ်းဖန့် **နှင့်** ဒေါ်ရင်မေ(ခ)ရန်မေ
တရားနိုင် **တရားရှုံး**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် (၂၀/၁)နေ ဒေါ်ရင်မေ(ခ)ရန်မေ သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်မိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ ခုနှစ် ဇူလိုင် ၃၀ ရက် (၁၃၇၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်အရ-

(ဥမ္မာတင်)
လက်ထောက်ညွှန်ကြားရေးမှူး
ရှမ်းပြည်နယ်တရားလွှတ်တော်

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေး RC ဆိုင်ခန်းအမှတ် ရ-၅၀ အား မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မင်္ဂလာ (၁)ရပ်ကွက်၊ ဦးအောင်ဝင်း ၅/ရဘန(နိုင်)၁၁၂၈၇၅အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ချယ်ရီအိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်၊ တိုက် ၃၃၁၇၊ အခန်း ၂၆ နေ ဒေါ်စန်းစန်းခိုင် ၇/ဒဥန(နိုင်)၁၀၉၉၂၇ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေး ကုန်စိမ်း/ကုန်စုံဆိုင်ခန်းရုံ (၁)၊ ဆိုင်ခန်းအမှတ် ၄၉/၅၀အား ပျဉ်းမနားမြို့၊ ကင်ပွန်းတန်းအုပ်စု၊ တပ်ပိုးရပ်ကွက် အမှတ် ၃/၄၁နေ ဦးဇော်မင်း ၈/မကန(နိုင်)၂၁၄၈၆၆ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ခရေအိမ်ရာ၊ တိုက် ၁၃၉၊ အခန်း ၀၁ နေ ဦးဇော်ထွန်း ၁၀/သထန(နိုင်)၀၄၄၈၈၉ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အောင်ပင်လယ်စာသင်တိုက် စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲ

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် (၂)ဝိုင်း၊ အောင်ပင်လယ်ပရိယတ္တိစာသင်တိုက်တွင် ပုရိမဝါဆိုဝါကပ်တော်မူကြမည့် စာချသံဃာတော် အရှင်သူမြတ်အပါး (၉၀)တို့အား ကျောင်းတိုက်အကျိုးဆောင်အဖွဲ့မှကြီးမှူး၍ စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို (၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်နေ့) ၂၂-၇-၂၀၁၃ ရက် (တနင်္လာနေ့)တွင် ကျောင်းတိုက်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သံဃာတော်များနှင့် ဧည့်ပရိသတ်များ ဆွမ်းအာဟာရ ဘုဉ်းပေးသုံးဆောင်ပြီး မွန်းတည့် ၁၂နာရီတွင် ဝါဆိုသင်္ကန်းဆက်ကပ်ခြင်း တရားတော်နာရေစက်ချ အမျှပေးဝေခြင်းများ ပြုလုပ်ပါမည်။

သင်္ကန်းဒွိစုံတစ်စုံလျှင် ၄၀၀၀ိ/-နှုန်းဖြင့်ဖြစ်စေ (မိမိအစီအစဉ်သင်္ကန်းဖြင့်ဖြစ်စေ) နိဗ္ဗာန်ရည်မှန်းလှူဒါန်းနိုင်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အကျိုးဆောင်အဖွဲ့**
ဖုန်း-၀၉-၄၂၅၀၀၈၄၄၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုမန ၁ လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/၁၊ မြေကွက်အမှတ် (၁၀၄၆/ခ)၊ ဧရိယာပေ(၄၀×၆၀)အကျယ်အဝန်းရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့/မြေဌာနတွင် ဦးဆန်းဝင်း ၁၂/ဥကတ(နိုင်)၀၄၇၅၆၃ က အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အထက်ဖော်ပြပါမြေနှင့်အဆောက်အအုံအား ၄င်းမှပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်လှိုင်	**ဒေါ်ခင်မာနွယ်**	**ဒေါ်ငွေးငွေးဝင်း**
LL. B	**LL.B**	**LL.B**

တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေများ**
အမှတ်-၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ကြီးပွားရေးတောင်)၊ မြေကွက်အမှတ်-၂၃၅(က+ခ)၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ သံသုမာလမ်းနှင့် အောင်ဩဘာလမ်းထောင့်ရှိ မြေနှင့်အိမ်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါမြေကွက်အမှတ် ၂၃၅(က)+(ခ)တစ်ကွက်လျှင် အကျယ်ပေ(၂၀×၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှစ်ကွက်တွဲနှင့် မြေပေါ်ရှိနေအိမ်တို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်မူမူအောင် ၁၂/တမန(နိုင်)၀၇၄၇၇၄ ၏ ကိုယ်စားရောင်းပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူဦးသန်းထွန်းဝင်း ၁၂/ဗဟန(နိုင်)၀၅၆၅၈၆ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားခဲ့ပြီးဖြစ်ရာ အဆိုပါမြေကွက်များနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိုးဝင်းစိုး LL.B, D.B.L,D.I.L	**ဦးသန့်ဇင် LL.B**
တရားလွှတ်တော်ရှေ့နေ (၇၁၈၂)	**အထက်တန်းရှေ့နေ**

ထက်အောင်သျှိုင်း (အိမ်၊ ခြံ၊ မြေနှင့်ခရီးသွားဝန်ဆောင်မှု)
ဖုန်း-၀၉-၅၀၈၀၄၃၂၊ ၂၀၉၃၁၀၊ ၂၀၉၃၁၁၊ ၀၉-၇၃၁၇၀၅၁၆
အမှတ် ၁၃၊ ဩဘာလမ်း၊ ကျောက်မြောင်း၊ သီတာမှတ်တိုင်အနီး၊ တာမွေမြို့နယ်

ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

ပေး၍မကုန် လှူ၍မခန်း ဇောတိက သတ်နီး

Hot Line : 380581, 380541, 370792
Email : contact@zawtika.com
www.zawtika.com

"ဇောတိကသတ်နီး" ဆိုင်တိုင်းတွင် ပစ္စည်း၊ ဈေးနှုန်း၊ အာမခံစနစ် အတူတူရောင်းချပေးပါသည်။

အားသစ်

L.O(4) အခြေခံ Daily 9:00 to 12:30

J.O၊ J.O ဆိုသူများအတွက် Sat,Sun 9:00-12:00(am)

09 450017415,09 500 1599, 09 8632973, 0973172556

ကန့်ကွက်နိုင်ပါသည်

အမြန်အလိုရှိသည်

"ကန့်ကွက်နိုင်ပါသည်"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်
MYANMAR MERCANTILE MARINE COLLEGE
Bayint Naung Road, Kamayut Tsp., University P.O., Yangon, Myanmar
Tel:95-1-539464, 539465
E-mail. mmmc@mptmail.net.mm,Fax:95-1-513448

ကြော်ငြာစာ

၁။ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် (၂၀၁၄-၂၀၁၅)ခုနှစ်အတွင်း ဖွင့်လှစ်မည့်အောက်ဖော်ပြပါအရာရှိလောင်း ဒီပလိုမာသင်တန်းများကို တက်ရောက်လိုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသောနိုင်ငံသား အိမ်ထောင်မရှိ (လူပျို)များသည် ရန်ကုန်မြို့၊ ဘုရင့်နောင်လမ်း၊ ဆင်မလိုက်၊ တက္ကသိုလ်စာတိုက်၊ ကမာရွတ်၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ကျောင်းအုပ်ကြီးထံသို့ ၃၀-၈-၂၀၁၃ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) ကုန်သွယ်ရေကြောင်းအရာရှိလောင်း Nautical Cadet(CD/42) Diploma in Nautical Studies/Dip:N.S. သင်တန်းအမှတ်စဉ်(၈)

(ခ) ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း Marine Engineering Cadet (CE/40) Diploma in Maritime Technology/Dip:Mar.Tech. သင်တန်းအမှတ်စဉ်(၈)

၂။ **ပညာအရည်အချင်းကန့်သတ်ချက်**

တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒဘာသာများပါဝင်သော ဘာသာတွဲဖြင့်အောင်မြင်ပြီး စုစုပေါင်းအမှတ်အနည်းဆုံး(၄၂၀)ရှိရမည်။

၃။ **အသက်နှင့်အခြားကန့်သတ်ချက်**

(က) ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက်(၁၉)နှစ်ထက်မကျော်လွန်စေရ။
(ခ) အရပ်အမောင်း(၅ပေ ၄ လက်မ)အနည်းဆုံးရှိရမည်။
(ဂ) ကိုယ်အလေးချိန် ၁၀၀ ပေါင် အနည်းဆုံးရှိရမည်။
(ဃ) ရင်အုပ် ၃၂ လက်မ နဂိုအနေအထားအနည်းဆုံးရှိရမည်။
(င) မျက်မှန်၊ မျက်ကပ်မှန်တပ်ထားသူများမဖြစ်စေရ။ (အင်ဂျင်နီယာအရာရှိလောင်းများမပါ)

၄။ **ပဏာမရွေးချယ်မှု**

လျှောက်ထားသူများ၏ တက္ကသိုလ်ဝင်စာမေးပွဲရမှတ်အရ အများ အနည်းအစဉ်အလိုက် စီပြီး ရမှတ်အများဆုံးမှစ၍ လိုအပ်သည့်အရေအတွက်ရရှိသည်အထိ စိစစ်၍ ပဏာမ ရွေးချယ်သွားမည်ဖြစ်ပါသည်။

၅။ ပဏာမအဆင့်ရွေးချယ်ခံရသူများအား အောက်ဖော်ပြပါအတိုင်း ဆက်လက်စစ်ဆေးသွားမည်-

(က) နားစစ်ဆေးခြင်း၊
(ခ) အထွေထွေကျန်းမာရေးစစ်ဆေးခြင်း။
(ဂ) မျက်စိစစ်ဆေးခြင်း(အရောင်ခွဲခြားနိုင်မှုရှိ/မရှိ စစ်ဆေးခြင်း)။
(ဃ) စိတ်ရောဂါနှင့် မူးယစ်ဆေးသုံးစွဲမှုရှိ/မရှိ စစ်ဆေးခြင်း။

၆။ လျှောက်ထားရာတွင် အောက်ပါအချက်အလက်များကို ဖော်ပြရမည်-

(က) တက်ရောက်ရန် သင်တန်းတစ်မျိုးတည်းကိုသာ လျှောက်ထားရမည်။ (သင်တန်းတစ်မျိုးထက်ပို၍ လျှောက်ထားပါက လက်ခံစဉ်းစားမည်မဟုတ်ပါ)
(ခ) အမည်
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ဃ) မွေးနေ့သက္ကရာဇ်
(င) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
(စ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ခုနှစ်/ခုံအမှတ်/မြို့နယ်/တိုင်း/ ဘာသာရပ်အလိုက် ရရှိသည့်အမှတ်စာရင်းနှင့် စုစုပေါင်းအမှတ်
(ဆ) အဘအမည်နှင့် အလုပ်အကိုင်
(ဇ) အမိအမည်နှင့် အလုပ်အကိုင်
(ဈ) နေရပ်လိပ်စာအပြည့်အစုံ
(ည) ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့်နေရပ်လိပ်စာ

၇။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။

(က) လိုင်စင်ဓာတ်ပုံနှစ်ပုံ
(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့/စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း။
(ဂ) မိမိအောင်မြင်ခဲ့သော အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း **ကျောင်းအုပ်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုးသည့် ထောက်ခံစာမူရင်း** တင်ပြရမည်။ **ယင်းထောက်ခံစာတွင် ကျောင်းတံဆိပ်ရိုက်နှိပ်ထားသော ဓာတ်ပုံပါရှိရမည်။**
(ဃ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ဘာသာရပ်အလိုက် အမှတ်စာရင်းမူရင်း **(မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ယူရန်)**
(င) မိဘနှစ်ပါးစလုံးနှင့် မိမိကိုယ်တိုင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ကြောင်း ကတိခံဝန်ချက်။
(နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ ပူးတွဲတင်ပြရမည်)
(စ) ပဏာမအဆင့် ရွေးချယ်ခံရသော သင်တန်းသားများသည် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း ကောလိပ်၏စီစဉ်မှုဖြင့် ဆေးစစ်ပြီး၍ ပြန်လည်သတင်းပို့သည့်အခါ မြန်မာနိုင်ငံစာစစ်အဖွဲ့၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းနှင့်မိတ္တူ တင်ပြရမည်။ သတ်မှတ်သည့်ရက်တွင် မတင်ပြနိုင်ပါက ရွေးချယ်ခြင်းခံရသော ပဏာမစာရင်းမှ ပယ်ဖျက်ခြင်းခံရမည်။

၈။ သတ်မှတ်ထားသည့် အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအားစဉ်းစားမည်မဟုတ်ပါ။

၉။ လျှောက်ထားသူသည် အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားကြရမည်။ သက်ဆိုင်ရာဌာနမှတစ်ဆင့်လျှောက်ထားခြင်းမရှိသူများအား ရွေးချယ်ခြင်းခံရစေကာမူ ရွေးချယ်ခြင်းမှ ပယ်ဖျက်မည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းတက်နေစဉ်အတွင်း နှစ်စဉ်သင်တန်းကြေး ၄၂၀၀၀ိ/- အဆောင်ကြေး၊ ဝတ်စုံစရိတ်နှင့် လစဉ်စားစရိတ်အစရှိသည်တို့ကို ကိုယ်တိုင်ကျခံရမည်။

၁၁။ ဘွဲ့ကြိုဒီပလိုမာ (၂)နှစ်သင်တန်းကာလအတွင်း ပထမနှစ်သင်တန်းကို မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် ကျောင်းအိပ်ကျောင်းစားအဆောင်နေကျောင်းသားအဖြစ် (၁)နှစ် တက်ရောက်ရမည်။

၁၂။ ဘွဲ့ကြိုဒီပလိုမာ (၂)နှစ်သင်တန်းပြီးဆုံး တက်ရောက်အောင်မြင်ပြီးသူများကို ဘွဲ့ကြိုဒီပလိုမာလက်မှတ်(Diploma in Nautical Studies/ Diploma in Maritime Technology)နှင့် ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်းပြီးဆုံးခြင်းလက်မှတ် (Mercantile Marine Nautical / Engineering Cadet Training Course Completion Certificate) များ အပ်နှင်းပေးပါမည်။

၁၃။ **လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများကို ပြန်လည်ထုတ်ပေးခြင်း၊ ရွေးချယ်ခြင်းမခံရသူများထံသို့ မရွေးချယ်ကြောင်း ပြန်ကြားခြင်းပြုမည်မဟုတ်ပါ။** မိမိတို့ လျှောက်လွှာတင်သည့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို ချိန်းဆိုထားသည့်နေ့တွင် စုံစမ်းမေးမြန်းနိုင်သည်။

၁၄။ သင်တန်းကိစ္စရပ်များကို အသေးစိတ်သိလိုပါက မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ သင်တန်းဌာနခွဲ၊ ဖုန်း-၅၃၉၄၆၄၊ ၅၃၉၄၆၅ လိုင်းခွဲ-၁၂၀တွင် စုံစမ်းမေးမြန်းနိုင်သည်။

ကျောင်းအုပ်ကြီး
မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်

အများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်ကွက်၊ အကွက်အမှတ် ၇က၊ ဒိုဘီကုန်း၊ ဦးပိုင်အမှတ် ၃၄-ခ၊ မြေကွက်အမှတ် ၄၆/၁၈၁၊ ဧရိယာ ၀ဒသမ ၃၇ ဧကမြေနှင့် မြေပေါ်ရှိ အဆောက်အအုံများ (ရတနာမာရ်အောင်ဘုရားရှေ့ ရွှေပါရမီလက်ဖက်ရည်ဆိုင်ဖွင့်လှစ်ထားသောနေရာနှင့် အဆောက်အအုံများ)မှာ ဦးချစ်ဆွေမှ ဒေါ်ခင်ခင်မြင့်ပါ ၅ဦးအပါအဝင် ဒေါ်ခင်ခင်မြင့်ပါ ၁၁ ဦးအပေါ် စွဲဆိုသော မိတ္ထီလာမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁၇-၁-၁၉၉၁ ရက်စွဲပါ နေအိမ်အဆောက်အအုံနှင့် အိမ်ဝိုင်းမြေကွက်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းပေးသည့်စာချုပ်သည် ကနဦးကပင် ပျက်ပြယ်သောစာချုပ်ဖြစ်ကြောင်း ကြေညာပြဋ္ဌာန်းပေးစေလိုမှုနှင့် သေသူဦးရွှေအေးပိုင် ဝိုင်းမြေနှင့် အဆောက်အအုံများအား လက်ရောက်ပေးအပ်စေလိုမှုတွင် မန္တလေးတိုင်းတရားရုံး တရားမအယူခံမှုအမှတ် ၇၁/၂၀၀၁ ဖြင့် ဦးချစ်ဆွေ အနိုင်ဒီကရီရရှိထားသောအမှုမှ မြေနှင့်အဆောက်အအုံများဖြစ်ပါသည်။

အပြီးသတ်နောက်ဆုံးဒီကရီဖြစ်သော ယင်းအမှု၏စီရင်ချက်နှင့်ဒီကရီကို မိတ္ထီလာမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားပြီးဖြစ်သည့်အပြင် ဒေါ်ခင်ခင်မြင့်ပါ ၅ဦးမှ အထက်ဖော်ပြပါမြေ၏ မြေငှားဂရန်အမည်ပေါက်ရရန်အတွက် အားကိုးအားထားပြုခဲ့သော မိတ္ထီလာမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁၇-၁-၁၉၉၁ရက်စွဲပါ လွှဲပြောင်းပေးကမ်းစာချုပ်အမှတ် ၈/၉၁ မှာလည်း တရားရုံးအကြောင်းကြားစာအရ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ပယ်ဖျက်ပြီးစာချုပ်ဖြစ်ပါသည်။ ဇာရီမှု ဆက်လက်ဆောင်ရွက်နိုင်ရန် လိုအပ်သော ဒေါ်ခင်ခင်မြင့်ပါ ၅ဦးအမည်ပေါက် မြေငှားဂရန်ပယ်ဖျက်ရေးကိုလည်း မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြထားရာ ဆောင်ရွက်ဆဲဖြစ်ပါသည်။

ဒေါ်ခင်ခင်မြင့်ပါ ၅ဦးသည် အထက်ဖော်ပြပါမြေနှင့်အဆောက်အအုံများပေါ်တွင် တရားနိုင် ဦးချစ်ဆွေရရှိထားသော တရားရုံးဒီကရီအရ ပိုင်ရေးဆိုင်ခွင့်တစ်စုံတစ်ရာ မကျန်ရှိတော့ပါသောကြောင့် ယင်းမြေနှင့်အဆောက်အအုံများကို ပိုင်ရေးပိုင်ခွင့် မကျန်ရှိပါဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်လျှုဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများကို ကန့်ကွက်ပါကြောင်းနှင့် တရားမဝင်သောဆောင်ရွက်မှုများ ပေါ်ပေါက်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အမာကြည်	**ဦးတင်လှ**	**ဒေါ်အမာရီ**	**ဒေါ်အမာစန်း**
၉/မထလ(နိုင်)၀၇၀၄၃၈	၉/မထလ(နိုင်)၀၅၃၁၂၂	၉/ရမသ(နိုင်)၀၀၈၀၉၄	၉/မထလ(နိုင်)၀၅၃၀၉၂

ကွယ်လွန်သူ တရားနိုင်ဦးချစ်ဆွေ၏ တရားဝင်ကိုယ်စားလှယ်များ

အထူးကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မွန်မြတ်မေတ္တာအိမ်ရာ၊ ပင်ရွှေညောင်လမ်း၊ အမှတ် F(1)နေ ဒေါ်ကျန်ဖုန်းရှင်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးရန်အိန်းရှုတ်-ဒေါ်လော်စစ်ရွှေ)၊ ဦးလော်စစ်မင်း-ဒေါ်ပေါ်လင်းပေါင်း၊ ဦးလော်စစ်ကြယ်-ဒေါ်မိန်လှ၊ ဦးထွေးနိုင်-ဒေါ်မေသူ၊ ဦးအောင်ခင်-ဒေါ်ဝေဝေလှိုင်၊ (ဦးရန်နိုင်)-ဒေါ်ငွေဖြူလွင်၊ ဦးခင်အောင်-ဒေါ်ကြည်ကြည်၊ ဦးနိုင်စိုး-ဒေါ်စီစီသိန်း၊ ဦးတင်အောင်-ဒေါ်ခင်သွယ်သွယ်၊ ဦးမျိုးအောင်-ဒေါ်အေးအေးမြိုင်တို့၏အစ်ကိုကြီး၊ ဦးသန်းနိုင်-ဒေါ်နန်းခမ်းလှိုင်း၊ ဒေါ်ကြည်ကြည်ဟန်၊(ဦးအောင်နိုင်-ဒေါ်စုစုလွင်)၊ ဦးဝင်းနိုင်-ဒေါ်ခင်ပြုံးပြုံးမြင့်၊ ဦးထွန်းမြင့်နိုင်-ဒေါ်စီစီလျာ၊ ဦးမင်းဒင်-ဒေါ်ဖြူဖြူဟန်၊ ဦးအမ်တူးတူးဂျာ-ဒေါ်သီတာဟန်၊ ဦးအောင်ခြိမ့်-ဒေါ်စပယ်ဟန်၊ ဦးအောင်ကျော်နိုင်-ဒေါ်ကေသွယ်မိုးတို့၏ဖခင်၊ မြေး ၁၆ယောက်တို့၏ အဘိုးဖြစ်သူ ဦးလော်စစ်ဟန် အသက်(၈၀) နာမကျန်းဖြစ်စဉ် အထူးဂရုစိုက်ဆေးဝါးကုသပေးသော ဆေးပညာရှင်များနှင့် ဆေးဝန်ထမ်းများအားလည်းကောင်း၊ ၆-၇-၂၀၁၃ရက် ကွယ်လွန်ချိန်မှစ၍ ဈာပနကျင်းပပြီးစီးသည်အထိ လူကိုယ်တိုင်လာရောက်အားပေး လိုက်ပါပို့ဆောင်ခြင်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများပေးပို့ခြင်း၊ ရပ်ဝေးရပ်နီးမှ တယ်လီဖုန်း၊ ကြေးနန်း၊ ဖက်စ်၊ အီးမေးလ်တို့ဖြင့် မေးမြန်းအားပေးခြင်း၊ ဝိုင်းဝန်းကူညီကြသော ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့အစည်းများ၊ ကူညီဆောင်ရွက်ပေးကြပါသော ဌာနဆိုင်ရာနှင့် ကုမ္ပဏီအသီးသီးမှပုဂ္ဂိုလ်များ၊ နာရေးကူညီမှုအသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဦးကျော်သူနှင့်အဖွဲ့အားလည်းကောင်း၊ အဘက်ဘက်မှ မေတ္တာဖြင့်ကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟ အားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်စိန်ကျော့ (စစ်တွေ)
ကျောင်းဆရာမ(ငြိမ်း)
အလက(၂)မောလိပ်
အသက်(၉၀)

စစ်တွေမြို့၊ ကျောင်းတက်လမ်း ရပ်ကွက်နေ (ဦးကောင်းကျော်ဖံ-ဒေါ်စံဝင်းဖြူ)တို့၏သမီး၊ (ဦးစံရွှေဦး၊ စက်မှုလက်မှုလုပ်ငန်း)၏ဇနီး၊ ဒေါ်သာမေကြီး(ခ)ဒေါ်စိန်သာ၊ (ဦးကျော်မင်း၊ ရေယာဉ်အင်ဂျင်နီယ ၁ IWTC)-ဒေါ်တင်သိန်း၊ ဦးလှမောင်-ဒေါ်စန်းစန်းမြင့်တို့၏ အစ်မ၊ ဦးမြမောင် (EAC)- (ဒေါ်ဦးသန်းမေ၊ ကျောင်းဆရာမ၊ ငြိမ်း)၊ ဦးကျော်ကျော်သန်း (Bosun Uniteam) -ဒေါ်သီဂီ အောင်တို့၏မိခင်၊မြေး ၁၀ယောက်တို့၏ အဘောင်ရှင်၊ မြစ် ငါးယောက်တို့၏အဖီးရှင်သည် ၁၇-၇-၂၀၁၃ရက် နံနက် ၅း၃၀နာရီတွင် အမှတ် ၁၀၊ ခြောက်လွှာ၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၉-၇-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကျောက်မြောင်းနေအိမ်မှ ကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ခင်ရီ
အသက် (၈၀)

ရန်ကုန်မြို့နေ သီရိပျံချီ ဦးအောင်သောင်း (ဝန်ကြီး-ငြိမ်း၊ စက်မှု-၁)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ဗဟိုအတိုင်ပင်ခံ၊ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥက္ကဋ္ဌပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ချစ်လှစွာသောဇနီးသည် ၁၂-၇-၂၀၁၃ရက် နံနက် ၀၅း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကြည်မြင့် (Managing Director)
Super Five Manufacturing Co.,Ltd.
(MB Biscuit)

ဝမ်းနည်းကြေကွဲခြင်း
ဦးလော်စစ်ဟန်
အသက် (၈၀)

ဦးထွန်းမြင့်နိုင်-ဒေါ်စီစီလျာတို့၏ ဖခင်ဦးလော်စစ်ဟန် အသက် (၈၀)သည် ၆-၇-၂၀၁၃ရက် (စနေနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း ကောင်းရာသုဂတိ ရောက်ရှိပါစေကြောင်း ဆုတောင်းအပ်ပါသည်။

အုပ်ချုပ်သူ/နည်းပြဆရာများနှင့် အားကစားသမားများ၊
မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်

---

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း
ဦးအေးလွင်
လွင် ကားဝန်ဆောင်မှုလုပ်ငန်း
နေပြည်တော် ပျဉ်းမနား

ချစ်တဲ့ဖေဖေကြီး သားတို့၊ သမီးတို့နှင့်ခွဲခွာသွားသည်မှာ ၁၉-၇-၂၀၁၃ရက်တွင် (၁)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း သားနှင့်သမီးတို့မှ တစ်နေ့မှမေ့မရခဲ့ပါ။ ချစ်တဲ့ဖေဖေကြီးနှင့်မေမေကြီးတို့အတွက် ရည်စူး၍ သားနှင့်သမီးတို့နေ့စဉ်ပြုပြုသမျှကုသိုလ် အစုစုအား အမျှ-အမျှ-အမျှပေးဝေပါတယ်။

ဖေကြီးနှင့်မေကြီးတို့မြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာခေါ်ယူနိုင်ပါစေ။

ချစ်သား -မျိုးမင်းသန့်
ချစ်သမီး-ထက်ယုလွင်
လွင် ကားဝန်ဆောင်မှုလုပ်ငန်းမိသားစု
နေပြည်တော် ပျဉ်းမနား

ဝမ်းနည်းကြေကွဲခြင်း
အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမဒေါ်ဂရေစီ(ခ)ဟာဂျာဇိုင်နဒ်ဘင်အဗ္ဗဒူစမဒ်
အသက် (၇၂)နှစ်

[ဟာဂျီဒေါက်တာယူနွတ်(စ်)ဘင် S မာမွတ်(ခ)ဗိုလ်မှူးထွန်းညို-ငြိမ်း]၏ဇနီး၊ ဒါတိုဒေါက်တာ ရှမ်ရှုဒင်းဘင်ယူနွတ်စ်-ဒါတင်ဟာဂျီမအိုင်ရင်း၊ ဟာဂျီမဂျက်စမင်း-ဟာဂျီဟာဖစ်အလီ၊ ဟာဂျီမဇော်ရာ-ဟာဂျီဖာသေး၊ ဟာဂျီမခတီဂျာ-ဟာဂျီဂျာဘစ်၊ (ဟာဂျီရှမ်ရှ့ဒိုဟာ)-မရိဇီ၊ ဟာဂျီမမရ်ယမ်-အာဒင်တို့၏ ချစ်လှစွာသောမိခင်(ဟာဂျီမဒေါ်ရီရီ)-ဟာဂျီဦးဇော်ဝင်း၊ (ဟာဂျီအစ္စမာအီလ်)၊ ဟာဂျီဦးမျိုးထွန်း-ဒေါ်ဂျိုစီတို့၏အစ်မ၊ မြေး ၁၃ယောက်တို့၏အဘွား ဟာဂျီမဒေါ်ဂရေစီ(ခ)ဟာဂျာ ဇိုင်နဒ်ဘင်အဗ္ဗဒူစမဒ်သည် ၁၅-၇-၂၀၁၃ ရက် ည ၁၁း၃၀နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူရ်မြို့၌ အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

(ဟာဂျီ ဦးသိန်းဖေ)-ဟာဂျီမဒေါ်မြမြသိန်း
မိသားစု
သုံးမြောင့်လမ်း၊ ရန်ကုန်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးသန်းညွန့်
အထွေထွေမန်နေဂျာ၊ ထူးကုမ္ပဏီများအုပ်စု
အသက်(၄၈)နှစ်

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်-ဒေါ်အေးအေးသန်းတို့၏ညီ ဦးသန်းညွန့် အသက်(၄၈)နှစ်သည် ၁၃-၇-၂၀၁၃ရက် နံနက်ပိုင်းတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရခိုင်သဟာယအသင်း(ရန်ကုန်)

ဝမ်းနည်းကြေကွဲခြင်း
ဦးသန်းညွန့်
အထွေထွေမန်နေဂျာ၊ ထူးကုမ္ပဏီများအုပ်စု
အသက်(၄၈)နှစ်

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နေ(ဦးအောင်ကျော်မြ-ဒေါ်သိန်းညွန့်)တို့၏သားလတ်၊ ပုလဲမြို့သစ်၊ မိဂဒါဝုဏ်ကမ္မဋ္ဌာန်းကျောင်းတိုက်နေ ဦးဇင်းဦးကဝိသာရ၊ နေပြည်တော် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်နှင့်ဇနီးဒေါ်အေးအေးသန်း၊ ဦးမောင်မောင်ဇနီးဒေါ်လှသိန်းယဉ်တို့၏ညီ၊ မောင်သူရိန်ထက်၊ မချမ်းငြိမ်းဇင်၊ မောင်ဉာဏ်မင်းထက်တို့၏ဖခင်၊ ဒေါ်စောနွဲ့ရီ ၏ခင်ပွန်း ဦးသန်းညွန့် (အထွေထွေမန်နေဂျာ၊ ထူးကုမ္ပဏီများအုပ်စု) အသက်(၄၈) နှစ်သည် ၁၃-၇-၂၀၁၃ရက်တွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမောင်မောင်ထွန်း အုပ်ချုပ်ရေးမှူးဒါရိုက်တာနှင့်ဝန်ထမ်းမိသားစု
အာသံဆောက်လုပ်ရေးကုမ္ပဏီ၊ မင်းပြားမြို့

ဦးလေးတင့်
Forever Group Co.,Ltd.
အသက်(၄၃)နှစ်

ဦးလေးတင့်ကွယ်လွန်ကြောင်း သိရပါသဖြင့်မိသားစုနှင့်ထပ်တူ လုပ်ဖော်ကိုင်ဖက်များနှင့်ထပ်တူများစွာဝမ်းနည်းမိပါကြောင်း။

ဗိုလ်မှူးကျော်မြင့်အောင်(ငြိမ်း)-ဒေါ်မြင့်မြင့်မော်အေး
ဟိန်းထက် Co.,Ltd.
နေပြည်တော်

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်ချယ် (ရွှေတန့်တစ်ရွာ၊ပခုက္ကူ)
အသက်(၉၆)နှစ်

ပခုက္ကူမြို့နယ်၊ ကွန်းရွာအုပ်စု၊ ရွှေတန့်တစ် စံပြကျေးရွာနေ(ဦးစို-ဒေါ်အောင်မ)တို့၏သမီး၊ (ဦးဖိုးဇွန်း-ဒေါ်အုန်းမေ)တို့၏သမီးချွေးမ၊ (ဦးဘသိန်း)၏ဇနီး၊ ပခုက္ကူမြို့၊ နေနတ်သားဆေးတိုက် (ဦးစံလှိုင်)-ဒေါ်တင်အုံး၊ မင်းတပ်မြို့နေ ဦးမောင်မြင့်-ဒေါ်တိုးတိုး၊ ထန်းတပင် (တောင်ငူ) မြို့နေဦးမြင့်အောင်-(ဒေါ်အေးနွယ်)၊ ရွှေတန့်တစ်ရွာနေ(ဒေါ်ပေါ်)၊ (ဦးမြဟိန်း)-ဒေါ်အေးကြိုင်၊ ဒေါ်တင်မေဝင်းတို့၏မိခင်၊ မြေး ၁၆ ယောက်၊ မြစ် ၂၁ယောက်တို့၏အဘွားသည် ပခုက္ကူမြို့နယ်၊ ကွန်းရွာအုပ်စု၊ ရွှေတန့်တစ် စံပြရွာနေအိမ်၌ ၁၇-၇-၂၀၁၃ရက် ၀၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄း၃၀ နာရီ တွင် ရွှေတန့်တစ်ရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာကြီး
ဦးမြသန်း (ညောင်လေးပင်မြို့)
အသက်(၉၀)

ညောင်လေးပင်မြို့နေ (ဦးသိန်း-ဒေါ်အုန်းရွှေ)တို့၏သား၊ (ဦးလွန်းမောင်-ဒေါ်ချစ်မေ)တို့၏သားသမက်၊ ဒေါ်သန်းမြင့်၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးရဲနိုင်(ငြိမ်း)-ဒေါ်ယဉ်ယဉ်၊ ဒုတိယဗိုလ်မှူးကြီးဝင်းဆွေ(ငြိမ်း)-ဒေါ်ခင်ဝင်းနိုင်၊ ဒုတိယဗိုလ်မှူးကြီးမင်းကြူ(ငြိမ်း)-ဒေါ်ခိုင်ဝါ၊ ဒုတိယဗိုလ်မှူးကြီးအောင်ဝင်း(ငြိမ်း)-ဒေါ်ခိုင်မာ၊ ဒုတိယဗိုလ်မှူးကြီးအောင်သိန်းငွေ(ငြိမ်း)-ဒေါ်ကြူကြူနိုင်၊ ဗိုလ်ကြီးရဲဝင်း(ငြိမ်း)-ဒေါ်မြင့်မြင့်နိုင်၊ (ဦးနေဝင်းနိုင်)၊ ဦးအောင်မျိုးမင်း-ဒေါ်ခင်လင်းနိုင်တို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၇-၇-၂၀၁၃ရက် ညနေ ၃း၀၅နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးသာလွင်
ထွန်းရွှေဝါဆေးတိုက်နှင့် ရွှေညာသားဆေးဆိုင်
အသက်(၈၆)နှစ်

ရန်ကုန်မြို့နေ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါဆေးတိုက်)၊ ဦးသိန်းငွေ-ဒေါ်လှလှမြင့် (ရွှေညာသားဆေးဆိုင်)တို့၏ဖခင် ဦးသာလွင် အသက်(၈၆)နှစ်သည် ၁၃-၇-၂၀၁၃ရက်(စနေနေ့) ညနေပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရှပ်ပျိုတိုင်းရင်းဆေးမိသားစု

ဒေါ်အေးအေးချို
လက်ထောက်ကထိက(ဟောင်း)
ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ ၆လမ်း၊ အမှတ် ၃၉၊ တတိယထပ်နေဦးစစ်ထွန်း-ဒေါ်ကျင်စိန်တို့၏ သမီးကြီး၊ ဒေါ်ရင်ရင်စိုး(၁၈၇၊ သိမ်ကြီးဈေး၊ Bရုံ)၊ ဦးအောင်သင်း (Total Myanmar E&P)-ဒေါ်ခင်သန္တာအေး (GW-International)၊ ဒေါ်စီစီထွေး (၃၀၆၊ သိမ်ကြီးဈေး၊ B ရုံ)၊ ဦးအောင်မိုး (ရွှေဓားလုံချည်ဆိုင်၊ သိမ်ကြီးဈေး Bရုံ)-ဒေါ်ကေသွယ်ရှိန်တို့၏ အစ်မ၊ မောင်အောင်ဘုန်းသူ(G-IV၊အထက-၁၊ ဒဂုံ)၊ မအေးပိုးအိမ် (G-1၊ အထက-၂၊ လသာ)၊ မောင်မြတ်ဘုန်းမွန်၊ မောင်ဖြိုးတေဇာဟန်တို့၏အဒေါ်သည် ၁၇-၇-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၃ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်အေးအေးချို
လက်ထောက်ကထိက(ဟောင်း)
ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ ၆လမ်း၊ အမှတ် ၃၉နေ ဦးစစ်ထွန်း-ဒေါ်ကျင်စိန်တို့၏သမီးကြီး၊ မြောင်းမြမြို့နေ (ဒေါ်ကျင်အေး)၊ ဒေါ်ကျင်မွေး၊ ဒေါ်ကျင်အိ၊ ဦးသန်းဆွေ၊ ဒေါ်တင်နွယ်ဝင်း၊ ရန်ကုန်မြို့၊ ဒုတိယသီရိရိပ်သာနေ ဦးမြင့်ဆွေ၊ ရန်ကုန်မြို့၊ ၁၃လမ်း၊ အမှတ် ၅၇နေ ဒေါ်အင်စိန်၊ ၁၂လမ်း၊ အမှတ် ၃၇နေ (ဒေါက်တာဦးမွန်တစ်)၊ ဒေါ်ရှု့စိန်၊ ဒေါ်ကျင်ဝိုင်း၊ ဦးသောင်းဝင်း(အုတ်ကျင်း)-ဒေါ်စန်းငွေ၊ ဒေါ်မြင့်မြင့်တို့၏တူမသည် ၁၇-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများနံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ခင်ရီ
အသက်(၈၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ် (၁၂)ရပ်ကွက်၊ လှိုင်ရတနာမွန်အိမ်ရာ၊ခြံအမှတ် (၂)နေ သီရိပျံချီဦးအောင်သောင်း(ဝန်ကြီး၊ ငြိမ်း)၊ တောင်သာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ဇနီး ဒေါ်ခင်ခင်ရီ အသက် (၈၀)သည် ၁၂-၇-၂၀၁၃ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စက်ရုံမှူးနှင့်ဝန်ထမ်းများ
အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)

ဝမ်းနည်းကြေကွဲခြင်း
ဦးလော်စစ်ဟန်
အသက် (၈၀)

ဦးထွန်းမြင့်နိုင်-ဒေါ်စီစီလျာတို့၏ဖခင် ဦးလော်စစ်ဟန် အသက် (၈၀)သည် ၆-၇-၂၀၁၃ရက် (စနေနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အထက (၁) တောင်ကြီး ကျောင်းသူ ကျောင်းသားဟောင်းများနှင့်
(၂၀၁၃)အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ(တောင်ကြီး)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ရွှေ အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် ၈၁/၈၅၊ အခန်း ၁၀၄၊ A လေးလွှာနေ (ဦးခင်မောင်-ဒေါ်သိန်းရွှေ)တို့၏သမီး၊ ဦးတင်အောင်၏ဇနီး၊ ဦးရဲမြင့်အောင်-ဒေါ်ယဉ်ယဉ်ကြူ၊ ဦးသန်းဦး-ဒေါ်ကြူကြူသင်း၊ ဦးအောင်သူ-ဒေါ်ခင်ခင်ဦး၊ ဦးမိုးသူ-ဒေါ်တင်တင်မော်၊ ဦးအောင်ဇော်သန့်- ဒေါ်ချောကလျာထွန်း၊ ဦးကျော်ကျော်သူတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၆-၇-၂၀၁၃ရက် (အင်္ဂါနေ့) ည ၁၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါ သဖြင့် ၂၀-၇-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(၄၇/၅၅လမ်းနေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မေသဲအေး
အလယ်တန်းပြဆရာမ၊ အမက(တွံတေး)
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၉လမ်း၊ အမှတ် ၅၇နှင့် တွံတေးမြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၅၀နေ ဦးအေးကြူ(ကျောင်းအုပ်ဆရာကြီး၊ ငြိမ်း)-ဒေါ်အေးမြင့်တို့၏သမီးကြီး၊ ဦးဇော်နိုင်ဝင်း (ဒုညွှန်မှူး၊ နိုင်ငံခြားရေး)-ဒေါ်မေမျိုးအေး၊ ဦးသော်တာမောင်(ကောင်းမြတ်မွန် စားသောက်ဆိုင်)-ဒေါ်မေထွန်းထွန်းအေး (တွဲဖက်မြို့နယ်တရားသူကြီး၊ မော်လမြိုင်မြို့နယ်တရားရုံး)၊ ဦးကိုကိုအေး (အကြီးတန်းအင်ဂျင်နီယာ)-ဒေါ်စန္ဒာငွေးတို့၏အစ်မကြီး၊ စုဇင်အေးဝင်း (Boston University, USA)၊ စိမ်းမြ ရည်လင်း(Grade-VII, TTC)၊ အေးမြပြည့်စုံ (ကိုကို)(Grade -IV, TTC)တို့၏ သဲသဲသည် ၁၇-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

တန်ဘွန်စွမ်း(ခ)ဘေဘီတန်
ကျော်ကျော်-ထွန်းထွန်းစပို့ရှပ်ဆိုင်
အထည်ချုပ်စက်ရုံ(လှိုင်သာယာ)
ယုဇနပလာဇာ၊ ကျော်စိန်ပွဲရုံ(ဘုရင့်နောင်)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၂လမ်း၊ အမှတ် ၃၀နေ ဦးတန်ကျင်းစိန်-ဒေါ်တေရှုရောင်(ခ) ဒေါ်စိန်တို့၏သမီး၊ အမှတ် ၁၀၊ ရတနာမွန်(၁)လမ်း၊ အေးရိပ်မွန်၊ လှိုင်မြို့နယ်၊အမှတ် ၁၉၇၊ လမ်း ၄၀နေ တန်သွန်အိမ်း(ခ)ဒေါ်မြင့်သန်း၊ တန်ဘွန်ဟိုက်(ခ)ဦးတင်ဦး-ဒေါ်အေးအေးမော်၊ တန်ဘွန်ချမ်း(ခ)ဦးကျော်ညွန့်၊ တန်ဘွန်လိန်(ခ) ဦးအောင်ခင်တို့၏ညီမ၊ တန်ဘွန်ခွန်(ခ)ဒေါ်အေးအေးသန်း၊ တန်ဘွန်ပို(ခ)ဦးဇော်မျိုးထက်-ဒေါ်ကြူကြူ၊ တန်ဘွန်တျန်(ခ)ဦးကျော်ကျော်-ဒေါ်မြင့်မြင့်သန်း၊ တန်ဘွန်ကီး(ခ)ဒေါ်ဘိုမ-ဦးမျိုးဝင်း၊တန်ဘွန်ဝမ်(ခ)ဦးထွန်းထွန်း-ဒေါက်တာဒေါ်သီတာဝင်းတို့၏အစ်မ၊ တူ၊ တူမ ၁၅ယောက်တို့၏အဒေါ်၊ မြေး တစ်ယောက်၏ ဘွားလေးသည် ၁၅-၇-၂၀၁၃ရက် (တနင်္လာနေ့) ည ၉း၃၀နာရီတွင် ဗန်ကောက်ဆေးရုံ ဗန်ကောက်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇- ၂၀၁၃ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေး တိုက်မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အမှတ် ၃၀၊ ၂၂လမ်းနေအိမ်မှ ကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ရွှေ အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ ဦးဒေါ်ရကားခြံလမ်းနေ (ဦးခင်မောင်-ဒေါ်သိန်းရွှေ)တို့၏ သမီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် ၈၁/၈၅၊ အခန်း ၁၀၄(လေးလွှာ)နေ ဦးတင်အောင်၏ဇနီး၊ (ဦးထွန်းအုန်း)-ဒေါ်ညွန့်ညွန့်သန်း၊ ဦးအုန်းမောင်-ဒေါ်ရွှေရွှေ (ဦးအေးသိန်း-ဒေါ်ငွေငွေ)၊ ဦးကြည်ဝင်း-ဒေါ်ရီသိန်း၊ ဦးခင်စိုးတို့၏ အစ်မကြီးသည် ၁၆-၇-၂၀၁၃ရက် (အင်္ဂါနေ့)ည ၁၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမများ

လူမှုရေးကြော်ငြာများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦး[illegible]

အသက်(၈၀)နှစ်

ရန်ကုန်မြို့၊ [illegible] အမှတ် F(1)နေ [illegible] ဦး[illegible] အသက်(၈၀)နှစ်သည် ၆-၇-၂၀၁၃ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

ဦး[illegible]

[illegible]

ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၆-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၀)ပါ ကန့်ကွက်နိုင်ကြောင်း ဒဂုံမြောက်ပိုင်းမြို့နယ်ကြော်ငြာတွင် ဦးတင်ထွဏ်းအစား ဦးတက်ထွဏ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ ဒေဝသာဂရသိမ်ကုန်း၊ ဓမ္မိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက

ဘဒ္ဒန္တကုဏ္ဍက (သာသနဓဇဓမ္မာစရိယ၊ အစိုးရဝိနယပါဠိပါရဂူ)

သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ၊ ထေရဝါဒ တောင်တန်းဗုဒ္ဓသာသနာပြုအဖွဲ့ ဥက္ကဋ္ဌ၊ ရွှေတိဂုံစေတီယင်္ဂဏအသင်း ဩဝါဒါစရိယ၊ ရွှေတိဂုံ ရေကြည်တော်ဝတ်အသင်းဩဝါဒါစရိယ၊ ဝိနယဂရုက သိက္ခာကာမ၊ လဇ္ဇီပေသလဖြစ်တော်မူသော သက်တော်(၈၈)နှစ်၊ သိက္ခာတော် (၆၈)ဝါ ဓမ္မိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်ကြီးသည် (၁၃၇၅ခုနှစ် ဝါဆိုလဆန်း ၆ရက်) ၁၃-၇-၂၀၁၃ရက် (စနေနေ့) နံနက် ၃း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို(၁၃၇၅ခုနှစ် ဝါဆိုလဆန်း ၁၂ရက်) ၁၉-၇-၂၀၁၃ရက် (သောကြာနေ့)နံနက် ၉နာရီတွင် သာဓုကီဠနသဘင်ကျင်းပပြီး ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ရဟန်းသာမဏေ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၂း၃၀နာရီ ထွက်ခွာပါမည်။)

စာချဆရာတော်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမများ

သွေးသည်အသက်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးရပ်ဟေးရန်

အသက်(၉၁)နှစ်

ဖဒိုပရဟိတလူမှုကူညီရေးအသင်းသို့ လူနာတင်ယာဉ်အလှူရှင် ရန်ကုန်မြို့၊ လသာမြို့နယ်၊ စဉ့်အိုးတန်းလမ်း၊ အမှတ် ၂၂-အေနေ ဦးမောင်မောင်ခိုင်၊ ဒေါ်ကြည်ကြည်မြ(Great Light & Group Co.,Ltd.)တို့၏ဖခင် ဦးရပ်ဟေးရန်သည် ၁၄-၇-၂၀၁၃ ရက် ညနေ ၆း၀၀ နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဖဒိုပရဟိတလူမှုကူညီရေးအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ခင်ရီ

(တောင်သာမြို့နယ်)ကျောက္ကာကျေးရွာ

အသက်(၈၀)

တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း၏ဇနီး ဒေါ်ခင်ခင်ရီ အသက်(၈၀)သည် ၁၂-၇-၂၀၁၃ ရက် (သောကြာနေ့) နံနက် ၅း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့၊ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ခင်ရီ

(တောင်သာမြို့နယ်)ကျောက္ကာကျေးရွာ

အသက်(၈၀)

တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း၏ဇနီး ဒေါ်ခင်ခင်ရီ အသက်(၈၀)သည် ၁၂-၇-၂၀၁၃ရက် (သောကြာနေ့) နံနက် ၅း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဝင်းမြင့်၊ ဦးဝင်းအောင်၊ ဦးတင်ဝင်း၊ ဦးအောင်သန်းဦး၊ ဦးသိန်းဟန်၊ ဦးမောင်မြင့်၊ ဦးဆန်းလင်း
ကုန်စျေးနှုန်းတည်ငြိမ်ရေးအဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ခင်ရီ(တောင်သာမြို့နယ်၊ ကျောက္ကာကျေးရွာ)

အသက်(၈၀)

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၅၉၊ မြေကွက်အမှတ် ၃၆၁၊ မြေကွက်တည်နေရာ အမှတ် ၃၆၁၊ ၅၉ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးအောင်လွင်(ခ)အောင်ကျော်ဇော အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအောင်လွင်(ခ)အောင်ကျော်ဇော ၇/ဒဥန(နိုင်) ၀၅၃၈၂၅ ကိုယ်တိုင် မြေချပါမစ် ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး(မြောက်)၊ မြေကွက်အမှတ် ၅၄၂/ခ၊ မြေကွက်တည်နေရာအမှတ် ၅၄၂(ခ)၊ ကျန်စစ်သားလမ်း၊ ကြီးပွားရေး(မြောက်) ရပ်ကွက်၊ သဃ်န်းကျွန်း ဦးလှကြိုင် ၁၂/တမန(နိုင်) ၀၃၅၃၀၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှကြိုင် (ဖခင်)နှင့် ဒေါ်အေး(မိခင်)တို့ ကွယ်လွန်သဖြင့် (၁) ဒေါ်စန်းစန်းဌေး ၁၂/တမန(နိုင်)၀၃၅၂၂၈ (၂)ဒေါ်ခင်မာလွင် ၁၂/တမန(နိုင်)၀၆၃၁၁၃ (၃) ဒေါ်သင်းသင်းမော် ၁၂/တမန(နိုင်)၀၆၀၇၂၆ တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၆/ဝေဘာဂီ၊ မြေကွက်အမှတ် ၂၁၃၊ မြေကွက်တည်နေရာအမှတ် ၂၁၃၊ ကုံကော်လမ်း၊ ၆/ဝေဘာဂီ၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်ခင်စန်း ၁၂/ဥကမ(နိုင်)၀၃၇၈၅၂၊ ဒေါ်မြင့်မြင့်ခင် ကေ/အာဂျီအန်(မ်)၀၁၅၇၁၈၊ ဦးဝင်းမြင့် ကေ/အာဂျီအန်(မ်)၀၁၅၇၁၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် သုံးဦးအနက် ဒေါ်ခင်စန်း(အပျိုကြီး)ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် နှစ်ဦးဖြစ်သော ဦးဝင်းမြင့်နှင့် ဒေါ်မြင့်မြင့်ခင်တို့က မောင်နှမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၉/က၊ မြေကွက်အမှတ်-၂၉/က၊ မြေကွက်တည်နေရာအမှတ် ၁၇၃၇၊ အောက်မင်္ဂလာဒုံလမ်း၊ အင်းစိန်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက်၊ အစိုးရမြေအား အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးမောင်မောင်ရွှေ ၁၂/ကမရ(နိုင်) ၀၀၈၀၇၉က ပြည်ထဲရေးဝန်ကြီးဌာန ၁၇-၁-၂၀၁၃ ရက်စွဲပါ အမိန့်ကိုတင်ပြ၍ အထူးဝန်ဆောင်ခနှုန်းဖြင့် ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ် ၉၆၉၊ အမည်ပေါက် ဦးကျော်ဝင်း၏ မြေကွက်ကို ဝယ်ယူပိုင်ဆိုင်သူ ဦးညီညီဝင်း ၁၂/တမန(နိုင်) ၁၀၅၂၃၆ က မြေကွက်စလစ်(မူရင်း)နှင့် ငွေသွင်းချလန် (မူရင်း) များပျောက်ဆုံးသွားပါ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/မြို့သစ်၊ မြေကွက်အမှတ် ၄၀၂၊ မြေကွက်တည်နေရာအမှတ် ၁၅၄၊ သီရိမင်္ဂလာလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ် ဒေါ်အမာ ၁၂/ဒပန(နိုင်) ၀၀၂၀၃၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အမာ(မိခင်)နှင့် ဦးမောင်တင်(ခ)ဦးတင် (ဖခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်စန်းမြင့် ၁၃/လခန(နိုင်)၀၂၅၀၇၈၊ ဦးဝင်းမြင့် ၁၂/ဒပန(နိုင်)၀၃၄၆၁၅ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါက်တာလှမင်းစိန်နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါက်တာကြူကြူလွင်နှင့် ဒေါက်တာလှမင်းစိန်တို့သည် ၁၉၉၅ ခုနှစ်ကတည်းက တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပြီး သားသမီးလေးဦး ထွန်းကား၍ ရွှေ့ပြောင်း/မရွှေ့ပြောင်းနိုင်သော ပစ္စည်းများအဖြစ်-

(၁) အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် (၅၈၁/က-ခ)ရှိ မြေနှင့် ၄င်းမြေပေါ်ရှိ ဟိုမီယိုပက်သစ်ဆေးခန်းအပါအဝင် လေးထပ်တိုက်အဆောက်အအုံ အကျိုးခံစားခွင့်အားလုံး။

(၂) AA-6889(Caldina-Taxi) တို့ကို နှစ်ဦးစီးပွားရှာဖွေ ဝယ်ယူပိုင်ခဲ့ပါသည်။

၄င်းပိုင်ပစ္စည်းများအား ကျွန်ုပ်တို့မိတ်ဆွေ သိရှိသဘောတူညီခြင်းမရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန္တာအောင် — **ဒေါ်ခိုင်မွန်ဦး**

အထက်တန်းရှေ့နေများ

ဖုန်း-၀၉-၃၁၀၇၀၃၀၅၊ ၀၉-၃၁၁၁၀၄၄၀

အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းဌေး ၁၂/ပဇတ(နိုင်)၀၁၇၉၅၂ ၏ ပြောဆိုလွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းဌေး၁၂/ပဇတ(နိုင်)၀၁၇၉၅၂ (ဘ)ဦးမောင်မောင်သည် ဦးအောင်မြင့်စိုး၁၂/ပဇတ(နိုင်) ၀၂၈၇၅၆(ဘ)ဦးစိုးတင့်နှင့် ၁၉၈၂ခုနှစ်တွင် အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သားသမီးနှစ်ဦး ထွန်းကားခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းဌေးသည် ဦးအောင်မြင့်စိုးနှင့် လက်ထပ်ပေါင်းသင်းနေထိုင်လာခဲ့ရာမှ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိပါသဖြင့် ၂၈-၆-၂၀၀၀ ရက်တွင် ရန်ကင်းမြို့နယ်တရားရုံး၊ဒုတိယမြို့နယ် တရားသူကြီး (၁) ဒေါ်တင်တင်ဦးရှေ့မှောက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ထိုသို့ ဒေါ်သန်းသန်းဌေးသည် ဦးအောင်မြင့်စိုးနှင့် ကွာရှင်းပြီးနောက်ပိုင်းတွင် သားသမီးနှစ်ဦး၏ မျက်နှာကိုငဲ့ကွက်၍ အကြိမ်ကြိမ်ပြန်လည်ညှိနှိုင်းခဲ့ပါသော်လည်း ပြေလည်မှုမရရှိခဲ့ပါ။

သို့ဖြစ်ပါ၍ ဦးအောင်မြင့်စိုးအနေဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းဌေးအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာထိခိုက်နစ်နာစေသော အပြုအမူ၊ အပြောအဆိုများကို မပြုလုပ်ပါရန်နှင့် ဒေါ်သန်းသန်းဌေး၏ စီးပွားရေး၊လူမှုရေးကိစ္စရပ်များတွင် ပါဝင်စွက်ဖက်ခြင်းမပြုပါရန် ဦးအောင်မြင့်စိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းဌေး၏ ပြောဆိုလွှဲအပ်ညွှန်ကြားချက်များအရ-

ဒေါ်ချယ်ရီအောင် LL.B, D.B.L, D.I.L

အထက်တန်းရှေ့နေ(စဉ်-၃၈၉၉၀)

အမှတ် ၄၂၊ စမ်းရေတွင်းလမ်း၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၄၂၁၀၄၆၆၅၀

လူမှုရေးနှင့်စီးပွားရေးကြော်ငြာများ

မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ပဓာန နာယကဆရာတော်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တရေဝတသာရ အမှူးထား၍ နာယက စာချ၊ စာသင် သံဃာအပါး ၂၀၀ တို့အား "ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းဆက်ကပ်လှူဒါန်းပွဲ"ကို (၁၃၇၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်) ၂၃-၇-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စေတနာရှင်များအနေဖြင့် အကျိုးဆောင် ဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

အကျိုးဆောင်

မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်

ဖုန်း-၀၁-၃၉၂၅၄၃၊ ၀၉-၈၆၂၄၅၅၄၊ ၀၉-၈၆၁၂၃၉၈

မှူးခြေနေရာမြို့နယ်အသင်း(ရန်ကုန်)

(၁၅)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားလွှာ

[illegible]

(အမှုဆောင်အဖွဲ့)

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)
(၁၅)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူဒါန်းပွဲ
ဖိတ်ကြားလွှာ

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၏ (၁၅)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၁-၈-၂၀၁၃ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အုတ်ဖိုမြို့နယ်အသင်းရုံး အမှတ် ၅၅/L ၊ ရန်ကုန်၊ အင်းစိန်လမ်းမကြီး၊ ၁၃ ရပ်ကွက်၊ လှိုင်မြို့နယ်အသင်းတိုက်တွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ စုံညီစွာကြွရောက်ကြပါရန်နှင့် ဦးခင်မောင်ဇော် ဖုန်း-၀၉-၄၅၀၀၆၄၈၄၈၊ ဦးတင်မောင်ညွန့် ဖုန်း-၀၉-၈၆၁၈၃၀၅၊ ဦးဝင်းမြင့် ဖုန်း-၀၉-၅၁၄၉၀၅၄၊ ဦးအေးဝင်း ဖုန်း-၀၉-၇၃၀၅၉၇၆၄၊ ဦးခင်မောင်တင့် ဖုန်း-၀၉-၇၃၀၉၃၅၈၂ တို့သို့ လှူဖွယ်ပစ္စည်းများ ဆက်သွယ်လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့

ရွှင်သာမဂေဟာမျှင်မာန်
တနင်္ဂနွေ ဓမ္မယဉ်ကျေးမှုသင်တန်း(၉)

[illegible]

ဖွင့်လှစ်မည့်နေ့	- [illegible]
အချိန်	- [illegible]
နေရာ	- ရွှင်သာမဂေဟာမျှင်မာန်၊ [illegible]
ဆက်သွယ်ရန်	- ဖုန်း [illegible] သာသနာ့ဝန်ဆောင်အဖွဲ့

မြန်မာနိုင်ငံ တောင်တန်းဒေသဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့
အဏ္ဏဝါမိသားစု
ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

နယ်စပ်နှင့် တောင်တန်းဒေသရှိ ထေရဝါဒဗုဒ္ဓသာသနာပြုဆရာတော်အပါး ၅၀၀ ကျော်သို့ (၄၇)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် အမှုဆောင် နှစ်ပတ်လည် အစည်းအဝေးကို ကျင်းပမည်ဖြစ်ပါသဖြင့် (ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ) အဏ္ဏဝါ မိသားစုနှင့် အမှုဆောင်များအားလုံး တက်ရောက်ကုသိုလ်ယူ လှူဒါန်းနိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် ။ ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်၊ ၂၀၁၃ ခုနှစ် ဇူလိုင် ၂၇ ရက် (စနေနေ့)။

ကျင်းပမည့်အချိန်။ နံနက် ၉ နာရီ

ကျင်းပမည့်နေရာ။ အဏ္ဏဝါမွေ့ရုံ၊ အမှတ်(၁၄/ခ)၊ ကြားတောရလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့

ဖုန်း-၀၁-၃၈၁၄၆၂၊ ၀၉-၄၂၀၀၀၅၀၁၅၊ ၀၉-၇၃၁၈၇၀၉၀

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)
(၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲဖိတ်ကြားလွှာ

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို အမှတ် ၂၀-၂၁ (ဃ) "ပ"သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်မွေ့ရုံ၊ ကြားတောရလမ်း၊ ဗဟန်း(ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်)၌ ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်၊ ၂၈-၇-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ပါ၍ အသင်းသား၊ အသင်းသူများနှင့် ရန်ကုန်ရောက် ဒိုက်ဦးသား၊ ဒိုက်ဦးသူများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူး တစ်ဘာသာနှင့်အထက် ရရှိအောင်မြင်သူ ဒိုက်ဦးနယ်ဖွား ရန်ကုန်ရောက် သားငယ်၊ သမီးငယ်များ စာစစ်ရုံး၊ အမှတ်စာရင်း မိတ္တူနှင့်အတူ ကြိုတင်စာရင်းပေးပို့ကြရန်ကိုလည်း နှိုးဆော်အပ်ပါသည်။)

လှူဖွယ်ပစ္စည်းများမှာ-ကိုယ်တိုင်ကိုယ်ကျ ကြွရောက်ကပ်လှူကြပါရန်နှင့် ကြိုတင်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ဦးမောင်မောင်ငွေး ဖုန်း-၃၇၃၉၇၇၊ ဦးတင်နု ဖုန်း-၇၀၆၇၆၆၊ ဒေါ်ခင်အေးသန်း ဖုန်း-၀၉-၅၁၆၁၆၈၇၊ ဒေါ်ခင်စန်းကြည် ဖုန်း-၅၅၅၄၃၉၊ ဦးဇော်မင်း ဖုန်း-၀၉-၄၂၀၀၆၅၉၅၇၊ ဒေါ်ကြွယ်ကြွယ် ဖုန်း-၀၉-၄၉၂၅၅၇၃၂

အလုပ်အမှုဆောင်အဖွဲ့

Joyous Journey Travels & Tours Co.,Ltd

[illegible] A5/6 [illegible]

Ph:09-73123570 , Email:hr.greaterman@gmail.com

Assistant HR Manager — M/F – 1 post

- Any graduate, more preferable MBA degree or DHA diploma holder
- Must have minimum (3) years work experience in related job. Must be able to handle for HRM & HRD
- Establish and administer recruitment and selection program to ensure adequate manpower supply to meet current and future requirement in line with business expansion
- Actively involves in talent recruitment, interview arrangement resume screening and candidate section process
- Develop and maintain employee database, monthly report and documentation systems of human resource
- Demonstrated attention to detail, ability to follow procedures, meet deadlines and work independently and cooperatively with team members is required

Supervisor — M/F – 5 post

- [illegible] Supervisor [illegible]
- [illegible]

Accountant — M/ F -2 Post

- Any degree or diploma in accountancy , 2 years experience in relevant accounting experience , Sound knowledge of computer skill (Excel , Word)

Express ယာဉ်မောင်း — M – 20 post

- [illegible] (GTI [illegible])
- [illegible] Express [illegible]

[illegible] — M/F – 5 post

- [illegible]

Bus Ticketing — M/F – 10 post

- [illegible] English [illegible]
- [illegible]

Bus Attendant — F – 10 post

- [illegible]
- English [illegible] 5' 4" [illegible]
- Customer Relationship [illegible]
- [illegible]

Marketing — M/F – 5 post

- [illegible] Customer Relationship [illegible]

[illegible]

Diesel Boiler [illegible]

- made in Canada (Montreal /1976)
- "Volcano 3" [illegible] (6'6" x 15')
- 200 HP / 15 PSI

Contact to : 098303212

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

Hein Htet San Law Firm

[illegible]

ပြောင်းလဲခေါ်ပါရန်

စစ်တွေမြို့၊ ရဲနွယ်စုရပ်ကွက်နေ ဦးအောင်ကျော်လှ၏ သမီး စောသဥ္ဇာအောင် ၁၁/စတန(နိုင်)၀၈၅၃၀၉ အား ဆန်းသဇင်ဟု ပြောင်းလဲခေါ်ပါရန်။

ဆန်းသဇင်

အမည်ပြောင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(ဃ)Grade-11(E)တွင် ပညာသင်ကြားနေသော ဦးရွှေဝိုင်း၏သား မောင်မင်းသူရိန်အား ယနေ့မှစ၍ မောင်သူရိန်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်၊ တိုက် ၂၂၄၊ အခန်းအမှတ် ၄၀၁၊ အကျယ်အဝန်း ပေ(၁၂½×၅၅)ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အပါအဝင် အားလုံးတို့ကို လက်ရောက်ပိုင်ဆိုင်သူ ဦးဝင်းမိုးထွန်း ၈/တတက(နိုင်)၀၈၀၁၅၂ ထံမှ ကျွန်ုပ်မိတ်ဆွေသည် ဝယ်ယူပိုင်ဆိုင်ရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို လက်ရောက်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော သက်သေအထောက်အထား စာရွက်စာတမ်းများနှင့်တကွ လာရောက်ပြသ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ရက်ကျော်လွန်ပါက တရားဝင်အပြီးအပိုင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုလျက် ကျန်ရောင်းဖိုးငွေများ ပေးချေသွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြတ်မြတ်စိုး

စဥ်-၇၄၆၇

တရားလွှတ်တော်ရှေ့နေ

အကျိုးတူ ဝန်ဆောင်မှုကုမ္ပဏီလီမိတက်

အမှတ် (၇၁/၃ခ)၊ ဌာနာလမ်း၊ အလုံ၊ ရန်ကုန်။

ဖုန်း-၀၉-၄၉၃၀၅၅၀၃၊ ၀၉-၇၃၀၄၃၁၅၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ၁၇ လမ်း၊ တိုက်အမှတ် ၁၂၈/၁၈၀၊ အခန်းအမှတ် ၅၀၈ ဟု ခေါ်တွင်သော ခြောက်ထပ်တိုက်၏ခြောက်လွှာ၊ အကျယ်အဝန်း ၂၅ပေ×ပေ ၅၀၊ ဧရိယာစတုရန်းပေ ၁၂၅၀ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအကျိုးခံစားခွင့်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်တားမြစ်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ကိစ္စကို တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်ဝင်းထွတ် (LL.B)

အထက်တန်းရှေ့နေ(ကမ္ဘာကျော် အိမ်ခြံမြေအကျိုးဆောင်)

အမှတ် ၁၇၊ နတ်ချောင်း ၂ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၅၄၅၄၈၅၊ ၅၅၁၆၀၅၊ ၀၉-၃၁၀၆၆၉၅၁

ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ကြံ့ခိုင်ရေးဝင်း အိမ်အမှတ်(၆)နေ ဒေါ်မြင့်မြင့်ချို၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာလိုက်ပါသည်။

ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ င-၁၈၀၊ ပေ ၆၀× ပေ ၄၀ မြေကွက်မှာ ဦးကျော်စိန် (မှတ်တမ်းစာအုပ်)အမည်ပေါက်ပါသည်။ ၎င်းမြေကွက်အား ဦးကျော်စိန်က ဒေါ်ခင်မိုးသွယ်သို့ ၁၅-၁-၂၀၀၆ခုနှစ် အရောင်းအဝယ်စာချုပ်ဖြင့်လည်းကောင်း၊ ၁-၃-၂၀၀၇ ခုနှစ်တွင် ဒေါ်ခင်မိုးသွယ်(ခ)ဒေါ်မိုးသွယ်က ဒေါ်ကေသီသို့လည်းကောင်း အသီးသီးရောင်းချ ဝယ်ယူထားပြီးဖြစ်ပါသည်။

၁၀-၇-၂၀၁၃ ရက်တွင် ကျွန်ုပ်မိတ်ဆွေ ဒေါ်မြင့်မြင့်ချိုက ဒေါ်ကေသီသို့ ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ် င-၁၈၀၊ ပေ ၆၀×ပေ ၄၀ မြေကွက်အား နှစ်ဦးသဘောတူ အရောင်းအဝယ်ပြုလုပ်၍ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၁၅-၈-၂၀၁၃ ရက်တွင် ၎င်းမြေကွက်တန်ဖိုး အပြေအကျေ တစ်လုံးတည်း ငွေပေးချေမည်ဖြစ်ပါသောကြောင့် အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်ပြီး တရားဝင်ပိုင်ဆိုင်ကြောင်း အထောက်အထား စာရွက်စာတမ်းရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း မြေကွက်နှင့် သက်ဆိုင်ရာဌာနအသီးသီးတွင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နီနီမြင့် (LL.B,Q.M1)

အထက်တန်းရှေ့နေ စဥ်-၂၇၉၂၁

တောင်ရတနာရပ်ကွက်၊ ရကက(၇)၊ ပြင်ဦးလွင်မြို့၊

ဖုန်း-၀၉-၄၇၆၀၃၂၇၇၊ ၀၉-၃၃၀၁၉၉၂၆

မြန်မာ့အလင်း

အားကစား

အချပ်ပို

၁၉–၇–၂၀၁၃
သောကြာနေ့

ထွန်းရွှေဝါ
တိုင်းရင်း
ဆေးစွမ်းကောင်းများ

ဟဲဗီးဝိတ်လက်ဝှေ့ကျော်
အင်္ဂလန်မှချီဆိုရာနှင့် အမေရိကန်မှစကော့တို့ ဝင်ဘာလေ၌ ယှဉ်ပြိုင်ထိုးသတ်မည်

စာ–၄

စောင့်ကြည့်ရတော့မယ့် ပီအက်စ်ဂျီရဲ့ အောင်ပွဲဆီချီရာလမ်း စာ–၂

ဂုဏ်အကြိုပြိုင်ပွဲများ အနက်မှ အခမ်းနားဆုံးပြိုင်ပွဲ (သို့မဟုတ်) International Champions Cup စာ–၂၃

ရှုပ်ထွေးမှုများ၊ မှုလ်ဟမ်နှင့် တစ်ခန်းရပ်ပြဇာတ် စာ–၂၃

နည်းပြသစ်နှင့် အောင်မြင်မှုများရှာဖွေမည့် ရှာရာပိုဗာ စာ–၄

ရွှေရန်နံ့ဒတ်ကြေလိမ်းဆေးကို လိမ်းပေးခြင်းဖြင့် ထုံကျဉ်ကိုက်ခဲ ညောင်းညာခြင်းကို သက်သာပျောက်ကင်းစေပါသည်။

ရွှေရန်နံ့
အကြောပြေ ဒတ်ကြေလိမ်းဆေး

ဒက်ကြေလိမ်းဆေး၏
ထူးခြားချက်

ရွှေရန်နံ့လိမ်းဆေးသည် စိတ်ကိုတက်ကြွလန်းဆန်းစေပြီး
ပျော့ဆိုရန်နှင့် စိတ်အာရုံကိုကြည်လင်စေမည့် သင်းပျံ့သော
ရနံ့တို့ပါရှိသောကြောင့် ရနံ့နှစ်မျိုးကို ခံစားရမည့်လိမ်းဆေးဖြစ်ပါသည်။

Panasonic

စောင့်ကြည့်ရတော့မယ့် ပီအက်စ်ဂျီရဲ့ အောင်ပွဲဆီချီရာလမ်း

လင်းဆက်

ကာဗာနီနဲ့ ပီအက်စ်ဂျီကတော့ ပေါင်းထုပ်ပြီ။ ဒါဟာ ဥရောပကို စိန်ခေါ်လိုက်တဲ့ ပီအက်စ်ဂျီရဲ့ ဒုတိယမြောက် ခြေလှမ်းလို့လည်း မြင်ကြတယ်။ ပြည်တွင်းမှာ ရပ်တည်နေတဲ့ မိမိရဲ့ အဆင့်အတန်းကို ယိုင်မသွားအောင် ကျားကန်လိုက်တဲ့ လုပ်ရပ်လို့လည်း ပြောကြတယ်။

အဓိပ္ပာယ်က ကာတာသန်းကြွယ်သူဌေးရဲ့ လက်အောက်ရောက်ပြီးတဲ့နောက် မနှစ်က ပြင်သစ်ပထမတန်းမှာ ပီအက်စ်ဂျီ ချန်ပီယံဖြစ်တယ်။ ဒါပေမယ့် ချန်ပီယံလိဂ်မှာ ကွာတားဖိုင်နယ်ကို မကျော်ဘူး။ ဘာစီလိုနာကို နှစ်ပွဲစလုံးသရေကစားနိုင်ပေမယ့် အဝေးဂိုးနဲ့ ထွက်ရတယ်။ ဒီတော့ လာဗက်ဇီ၊ သီယာဂိုဆေးလ်ဗား၊ ဗာရတ်တီ၊ အီဗရာဟီမိုဗစ်၊ ဗန်ဒါဝီလ်၊ လူးကပ်စ်မိုရာတို့ကို ယူရို ၁၄၆ သန်း အကုန်အကျခံခေါ်ထားတဲ့ ပထမခြေလှမ်းက လုံလောက်မှုမရှိဘူးလို့ တွက်မယ်။ အဲဒီမလုံလောက်မှုကို အခု ကာဗာနီနဲ့ ဖြည့်တယ်။

မိုဗစ်အပေါ်မှီခိုမှု

ပြောရရင် ဒါဟာ အဓိပ္ပာယ်ရှိတဲ့ ခြေလှမ်း၊ လိုအပ်တဲ့နေရာကို ထိမိတဲ့ ဖာထေးမှု။ အထူးသဖြင့် မနှစ်က ပီအက်စ်ဂျီဟာ မိုဗစ်အပေါ် မှီခိုအားပြင်းလွန်းတယ်။ ပြိုင်ပွဲအရပ်ရပ်မှာ မိုဗစ်သွင်းယူပေးတဲ့ဂိုးက ၃၅ ဂိုး။ ကျန်တဲ့အထဲမှာ ၁၀ဂိုးကျော်အောင်သွင်းနိုင်တဲ့ သူဆိုလို့ လာဗက်ဇီပဲရှိတယ်။ တခြားမကြည့်နဲ့၊ မနှစ်က ပြင်သစ်ပထမတန်းမှာ ပီအက်စ်ဂျီ ၅ ပွဲရှုံးတယ်။ ဒီ ၅ ပွဲအနက် ၄ ပွဲက မိုဗစ်ဂိုးမသွင်းနိုင်တဲ့ပွဲတွေ။ ပြီးတော့ မနှစ်က ပြင်သစ်ပထမတန်းမှာ ပီအက်စ်ဂျီ ၂၅ ပွဲနိုင်တယ်။ ဒီနိုင်တဲ့ ၂၅ ပွဲအနက် ၁၇ ပွဲက မိုဗစ်ဂိုးသွင်းလိုက်တဲ့ပွဲတွေမှာနိုင်တာ။ ဒီတော့ မနှစ်က ပီအက်စ်ဂျီဟာ မိုဗစ်အပေါ် မှီခိုမှု ပြင်းထန်လွန်းခဲ့တယ်ဆိုတာ မြင်သာသလို ဒီနှစ်မှာ အောင်ပွဲဆက်နိုင်ဖို့အတွက်ဆိုရင် ဒီအချက်က မပြင်လို့မဖြစ်တဲ့ အချက်မျိုး။

အထူးသဖြင့် မိုဗစ်က ၃၁ နှစ်။ အကျဘက်ရောက်နေတဲ့ အသက်အရွယ်။ သူ့ကို ရေရှည်သုံးဖို့ဆိုတာခက်တယ်။ မနှစ်က တောင် စုစုပေါင်း ၃၅ ဂိုးရတဲ့အထဲမှာ ပထမရာသီဝက် သွင်းယူတဲ့ဂိုးက ဂိုး ၂၀၊ ဒုတိယရာသီဝက်သွင်းယူတဲ့ဂိုးက ၁၅ ဂိုး။ အသက်ကြောင့် မသိမသာနဲ့ ဒုတိယရာသီဝက်မှာ ခြေကျသွားတဲ့သဘော။ ဒီလိုအခြေအနေအရ မိုဗစ်တစ်ဦး အပေါ်မှာသာ ဆက်လက်မှီခိုဖို့ မဖြစ်နိုင်ဘူးဆိုတာ မြင်သာသလို ဒီအားနည်းမှုကို ကာဗာနီနဲ့ ဖြည့်ဖာတာက ထိမိတယ်လို့ ပြောကြတယ်။

ပီအက်စ်ဂျီရဲ့ အနုတ်လက္ခဏာ

အဓိက အချက်ကတော့ ပီအက်စ်ဂျီကို အန်ဆယ်လော့တီရဲ့ စွန့်ခွာမှုပဲ။ ဒါဟာ ပီအက်စ်ဂျီအတွက် အနုတ်လက္ခဏာလို့ မြင်ရင်လည်းရတယ်။ ပြောရရင် အန်ဆယ်လော့တီဟာ အပေါ့ကောင်းတယ်။ အတွေ့အကြုံရှိတယ်။ ချန်ပီယံဆုကို ရအောင်ယူတတ်တယ်။ အခု အန်ဆယ်လော့တီနေရာဝင်လာတဲ့ ဘလန့်က ဘော်ဒိုးကို ပြင်သစ်ချန်ပီယံဖြစ်အောင် ကိုင်တွယ်ပေးဖူးသူဆိုတာမှန်တယ်။ ဒါပေမယ့် အဲဒီတစ်ရာသီတည်း။ ၂၀၀၈-၀၉မှာ ချန်ပီယံဖြစ်အောင် ဦးဆောင်နိုင်ပေမယ့် နောက်နှစ်မှာ ဥရောပဝင်ခွင့်တောင်မရလို့ အထုတ်ခံရတယ်။ ပြောချင်တာက ဘလန့်ဟာ အန်ဆယ်လော့တီလို အပေါ့မရှိဘူး။ အန်ဆယ်လော့တီလို အတွေ့အကြုံမရှိဘူး။ ဒီအချက်အရ ပြိုင်ဘက်ကို စိတ်ခတ်ပိုင်းအရ လွှမ်းမိုးနိုင်မှုပါ လျော့သွားတယ်။ ဒီတော့ လျော့သွားတဲ့အပေါ့ကို ပြိုင်ဘက်တွေ ရှိန်လောက်တဲ့သူမျိုးပြန်ဖြည့်ပြီး ထိန်းချုပ်ထားနိုင်ဖို့ လိုတယ်။

မိုနာကိုရဲ့ အန္တရာယ်

ဒါမှ အရင်လိုမဟုတ်တဲ့ ဥရောပမှာရော ပြည်တွင်းမှာပါ တင်းခံနိုင်မယ်။ ပြောရရင် ဥရောပအောင်မြင်မှု လိုချင်နေတဲ့ ပီအက်စ်ဂျီအတွက် ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်၊ ဘိုင်ယန်၊ မန်စီးတီး၊ ချယ်ဆီး၊ အာဆင်နယ်၊ ဂျူဗင်တပ်စ်တို့လို အဓိကပြိုင်ဘက်တွေအားလုံးက လည်းမနှစ်ကထက် ပိုတောင့်လာမယ့် အခြေအနေရှိနေသလို ပြည်တွင်းမှာလည်း မိုနာကိုရဲ့ အန္တရာယ်ကလည်းရှိတယ်။ အဓိကကတော့ အဲဒီမိုနာကိုရဲ့ ခြိမ်းခြောက်မှုပဲ။ ဒီတော့ ပီအက်စ်ဂျီအနေနဲ့လည်း ကိုယ့်အသိုင်းအဝိုင်းကြားမှာ ယုံကြည်မှုရဖို့။ ပြိုင်ဘက်တွေ အပြိုင်အဆိုင်ပွင့်လန်းလာချိန်မှာ ကိုယ်ကလည်း အနုတ်လက္ခဏာမဖြစ်ဖို့။ ပြိုင်ဘက်ကို စိတ်ခတ်ပိုင်းအရ ပြန်လည်ဖိအားပေးနိုင်ဖို့အတွက် ထိပ်တန်းကစားသမားတစ်ဦး မဖြစ်မနေဖြည့်ဖို့လိုသလို အခု ကာဗာနီကို ရလိုက်ခြင်းက အဲဒီအချက်အတွက်လည်း ပြည့်စုံမှုရှိသွားတယ်။

ပြောရရင် ကာဗာနီဆိုတာက တကယ်အားရှိတဲ့သူ။ မနှစ်က ဘောလုံးရာသီမှာ နာပိုလီအတွက် စုစုပေါင်း ဂိုး ၃၀ သွင်းပေးခဲ့တဲ့သူ။ မနှစ်က စီးရီးအေမှာ နာပိုလီဒုတိယရတော့ စုစုပေါင်း ၇၈ မှတ်ရတယ်။ ဒီ ၇၈ မှတ်ထဲမှာ ကာဗာနီယူပေးခဲ့တဲ့ အမှတ်က ၃၀ နီးပါးရှိတယ်။ စီးရီးအေ ၃၈ ပွဲမှာ ပွဲ ၂၀ ဂိုးသွင်းပေးတယ်။ ပြောချင်တာက ကာဗာနီဟာ ပွဲအဖြေကို ပြောင်းပြန်လှန်နိုင်သူ။ အသက်က ၂၆ နှစ်။ ရေရှည်အားကိုးလို့ ရသေးသလို အကောင်းဆုံးအသက်အရွယ်။

တခြားမကြည့်နဲ့။ ဖီအိုရင်တီနာက ၁-၀ နဲ့ ဦးဆောင်နေချိန်မှာ နာပိုလီအတွက် ကာဗာနီက ချေပဂိုးသွင်းပေးမှု၊ ပါးမားနဲ့ ၁-၁ သရေကျနေချိန်မှာ ကာဗာနီက အနိုင်ဂိုးသွင်းပေးမှု၊ ဂျူဗင်တပ်စ်ကို ၁-၀ နဲ့ ရှုံးနေချိန်မှာ ကာဗာနီက ချေပဂိုးသွင်းပေးမှု၊ တိုရီနိုနဲ့ ၃ ဂိုးစီသရေကျနေချိန်မှာ ကာဗာနီကပဲ အနိုင်ဂိုး ၂ ဂိုးသွင်းပေးမှု၊ ဆီယန်နာကို ၁-၀ နဲ့ ရှုံးနေချိန်မှာ ကာဗာနီကပဲ ချေပဂိုးသွင်းပေးမှုတွေအရ ကာဗာနီဟာ အသင်းကို အခက်အခဲကြားက ဆွဲထုတ်နိုင်သူဆိုတာ မြင်သာတယ်။ ပြောရရင်ရည်မှန်းချက်ကြီးတဲ့ ပီအက်စ်ဂျီအတွက် ကာဗာနီလိုလူမျိုးက သိပ်လိုအပ်တယ်။ ကာဗာနီ၊ မိုဗစ် ဒီတိုက်စစ်အတွဲဆိုရင် ပြိုင်ဘက်တွေ ဘယ်လိုထိန်းချုပ်မလဲ။

အခုတော့ မိုဗစ်က ကာဗာနီရောက်လာတဲ့အတွက် အသင်းက ထွက်မယ်လို့ပြောတယ်။ တကယ်လို့ မိုဗစ်ထွက်ရင်လည်း ကာဗာနီရောက်လာမှုကြောင့် ပီအက်စ်ဂျီအတွက် အလုံးအရပ်မလျော့ဘူး။ အကျဘက်ရောက်နေသူ နေရာမှာ အကောင်းဆုံးအချိန်ရောက် အရည်အသွေးမြင့်ကစားသမားနဲ့ အစားထိုးနိုင်တဲ့ အတွက်တောင် ပိုပြီးတောင့်တင်းစရာရှိတယ်။ ပြီးတော့ ပီအက်စ်ဂျီရဲ့ ခြေလှမ်းတွေက ဒီလောက်နဲ့ရပ်မသွားနိုင်သေးဘူး။ အန်ဗန်နီဗစ်အပါအဝင် ထပ်ခေါ်ဖို့ စီစဉ်ထားသူတွေလည်း ရှိသေးတယ်။ ဒီတော့ ပီအက်စ်ဂျီရဲ့ ဥရောပ အောင်ပွဲဆီ ချီရာလမ်းနဲ့ ပြည်တွင်း အောင်ပွဲ ထိန်းသိမ်းရေး ခရီးစဉ်က ပိုပြီးတော့တောင် စောင့်ကြည့်ချင်စရာဖြစ်လာတယ်လို့ပဲ ဆိုချင်တယ်။

ရှာဟစ်ခန်း၊ ဖူလ်ဟမ်နဲ့ တစ်ခန်းရပ်ပြဇာတ်

အင်္ဂလန်ပရီမီယာလိဂ်ကလပ် ဖူလ်ဟမ်ကိုမူလပိုင်ရှင် အီဂျစ်သန်းကြွယ်သူဌေးမိုဟာမက်အယ်ဖာရက် လက်ထဲကနေ ပါကစ္စတန်နိုင်ငံဖွား အမေရိကန်သန်းကြွယ်သူဌေး ရှာဟစ်ခန်းက အပြီးအပိုင်ဝယ်ယူလိုက်ပြီ။ ဒါဟာပရီမီယာလိဂ်ကလပ်အသင်းတွေအနက် အမေရိကန်သန်းကြွယ်သူဌေးတွေပိုင်ဆိုင်တဲ့ ခြောက်သင်းမြောက်အသင်း ဖြစ်လာရတဲ့ဖြစ်စဉ်လည်းဖြစ်တယ်။ ဒီတော့ဒီနေရာမှာ မေးစရာရှိလာတာက ဖူလ်ဟမ်ရဲ့ပိုင်ရှင်သစ် ရှာဟစ်ခန်းအနေနဲ့ ပရီမီယာလိဂ် အဝန်းအဝိုင်းထဲက အရင်အမေရိကန် ပိုင်ရှင်တွေရဲ့ လမ်းစဉ်ကိုပဲလိုက်မလား။ ဒါမှမဟုတ် မူသစ်၊ ဟန်သစ်နဲ့ ပရီမီယာလိဂ်ကို ကိုင်လှုပ်မလားဆိုတဲ့ကိစ္စ။ ဒီကိစ္စက အခု အလှုပ်ခတ်ဆုံး၊ အသိချင်ဆုံးပုစ္ဆာ။

ပြောရရင် ပရီမီယာလိဂ်မှာ အမေရိကန်သန်းကြွယ်သူဌေးတွေနဲ့ အခြားပိုင်ရှင်တွေရဲ့မူက ကွာတယ်။ ရုရှားသူဌေး အာဗရာမိုဗစ်၊ မန်စီးတီးပိုင်ရှင် ယူအေအီးသန်းကြွယ်သူဌေး ရှိတ်မန်ဆော်တို့နဲ့ မတူဘူး။ အာဗရာမိုဗစ်တို့၊ ရှိတ်မန်ဆော်တို့က အသင်းရဲ့ပုံရိပ်ကို မြှင့်တင်နိုင်ဖို့ လိုအပ်ရင် လိုအပ်ချိန်မှာ လိုအပ်သလောက် အိတ်ထဲကငွေကို စိုက်ထုတ်ပေးဖို့ ဝန်မလေးကြပေမယ့် မန်ယူ၊ ဗီလာ၊ အာဆင်နယ်၊ ဆန်းဒါးလန်း၊ ဂွန်ဟင်နရီရဲ့ လီဗာပူးတို့လို အမေရိကန်သန်းကြွယ်သူဌေးတွေပိုင်တဲ့ အသင်းတွေမှာတော့ ဒါမျိုးမတွေ့ရဘူး။ ပြောချင်တဲ့သဘောက ပရီမီယာလိဂ် အဝန်းအဝိုင်းထဲက အမေရိကန် သန်းကြွယ်သူဌေးတွေဟာ အသင်းအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံမှုမျိုးမရှိတဲ့သဘော။

ရန်ဒီလာဆိုရင် အက်စ်တွန်ဗီလာကို ၂၀၀၆ ခုနှစ်ကတည်းက ပေါင် ၆၃ သန်းနဲ့ဝယ်တယ်။ ဒါပေမယ့် ဒီနေ့အထိ ထူးထူးခြားခြား ဖြစ်မလာဘူး။ အဲလစ်ရှောဆိုရင် လည်း ဆန်းဒါးလန်းကို ၂၀၀၈-၂၀၀၉ ရာသီတွင် ပေါင်သန်း ၈၀ နှင့် ဝယ်ခဲ့ပေမယ့် အခုထိ ထူးမလာဘူး။ ခရွန်ကီဆိုရင်လည်း ၂၀၀၇ ကနေ ၂၀၁၁ ခုနှစ်အတွင်း အာဆင်နယ်ရဲ့ ရှယ်ယာ ၆၆ ဒသမ ၈၃ ရာခိုင်နှုန်းကို ပေါင်သန်း ၄၂၀ သုံးဝယ်ခဲ့ပေမယ့် အသင်းရဲ့အပြောင်းအရွှေ့ပေါ်လစီကိုတောင် ချုပ်ကိုင်ထားတဲ့သူ။ အခုပရိသတ်က မကျေနပ်လွန်းမက မကျေနပ်မှသာ ငွေသုံးပြီး ထိထိမိမိအားဖြည့်ပါမယ်လို့ ပြောလာတဲ့သူ။ ဒါတောင်လက်တွေ့မှာ ဘာမှဖြစ်မလာသေးဘူး။ ဂွန်ဟင်နရီဆိုရင်လည်း လီဗာပူးကို ၂၀၁၀ မှာ ပေါင်သန်း ၃၀၀ နဲ့ အပြီးသတ်ဝယ်ယူပြီးတဲ့နောက် ဘာမှထူးမလာဘူး။

ပြောရရင် ရန်ဒီလာနာ၊ အဲလစ်ရှော၊ ခရွန်ကီ၊ ဂွန်ဟင်နရီတို့ဟာ အသင်းအတွက် ငွေမသုံးတာမျိုးတော့မဟုတ်ချေ။ ရန်ဒီလာနာ၊ အဲလစ်ရှော၊ ဂွန်ဟင်နရီတို့ဆိုရင် အသင်းတွေ သူတို့လက်ထဲ စရောက်စမှာ ပေါင် သန်း ၁၀၀ ကျော်လောက်စီ ရင်းနှီးမြှုပ်နှံပေးခဲ့ကြသေးတယ်။ ဒါပေမယ့် ဒါက အဲဒီအစပိုင်းလောက်ပဲ။ နောက်ပိုင်းမှာ အသင်းက ထင်သလို ဖြစ်မလာတဲ့အခါ တင်းခံဆွဲမြှင့်ပေးမှု မရှိကြဘူး။ မိုဗစ်၊ ရှိတ်မန်ဆော်တို့လို အသင်းကို မမြင့်မချင်းကို အိတ်စိုက် ရင်းနှီးမြှုပ်နှံမှုမရှိဘူး။ မန်ယူကို ဂလေဇာဝယ်ရာမှာတောင် ဘဏ်ချေးငွေတွေနဲ့ ဝယ်ခဲ့တာက ဒီအချက်အတွက် အဓိက အကျဆုံး သက်သေပဲ။ ပြောရရင် ဂလေဇာမိသားစုဟာ မန်ယူကို လက်ချည်းသက်သက်နဲ့ဝင်လာတာနဲ့ မခြားဘူး။ မန်ယူလို အသင်းတစ်သင်းအနေနဲ့ နှစ်စဉ် အမြတ်ငွေရမယ်ဆိုတာ အားလုံးသိတဲ့အခါ မန်ယူကို ဘဏ်ချေးငွေနဲ့ဝယ်ပြီး မန်ယူရဲ့ နှစ်စဉ်အမြတ်ငွေနဲ့ပဲ အကြွေးပြန်ဆပ်။ မန်ယူက အခြေခိုင်ပြီး သားမို့သာ မသိသာပေမယ့် မန်ယူအောင်မြင်မှုရဖို့ ဂလေဇာမိသားစုရဲ့ပံ့ပိုးမှုက သိပ်နည်းတယ်ဆိုတာ သိသာမြင်သာလွန်းတယ်။

ဒီတော့ အခုဖူလ်ဟမ်ကို ရှာဟစ်ခန်း ဝယ်ယူလိုက်တဲ့အခါ ရှာဟစ်ခန်းရဲ့ ခြေလှမ်းတွေကလည်း မေးစရာဖြစ်လာတာက မဆန်းဘူး။ အထူးသဖြင့် ရှာဟစ်ခန်းဆိုတာက ရန်ဒီလာနာ၊ ဂွန်ဟင်နရီတို့ထက်တောင် ဓနအင်အား ပိုတောင့်တဲ့သူ။ စစ်တမ်းတွေအရ ဂွန်ဟင်နရီရဲ့ ကြွယ်ဝမှုက အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလျံ၊ ရန်ဒီလာနာရဲ့ ကြွယ်ဝမှုက အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလျံလောက်ရှိပေမယ့်ရှာဟစ်ခန်းက အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလျံလောက်ကြွယ်ဝတယ်။ ဒီတော့ အပေါ်ယံအရကြည့်ရင် ရှာဟစ်ခန်းက ရန်ဒီလာနာ၊ ဂွန်ဟင်နရီတို့ထက်တောင်အသင်းကို ပိုမိုရင်းနှီးမြှုပ်နှံနိုင်မယ့်သူလို့ မြင်စရာရှိတယ်။

ဒါပေမယ့် ဖူလ်ဟမ်ရဲ့အနေအထားဆိုတာက တော်ရုံပြုပြင်ပြောင်းလဲမှုလုပ်ရုံလောက်နဲ့ လုံလောက်နိုင်တဲ့အသင်းမျိုး မဟုတ်ဘူး။ လက်ရှိအသင်းရဲ့ အစုအဖွဲ့ကိုပဲကြည့်။ ထိပ်တန်းကစားသမားမရှိဘူး။ အရည်အသွေးထက်မြက်သူမရှိဘူး။ လက်ရှိအသင်းမှာရှိတဲ့ ကစားသမား ၂၂ ဦးအနက် အသက် ၃၀ နဲ့အထက် ကစားသမား ကိုးဦး။ ၂၁ နှစ်နဲ့အောက်ကစားသမား ငါးဦး။ အသက်အရ အကောင်းဆုံးအခြေအနေလို့ ပြောလို့ရတဲ့ကစားသမားက ဂိုးသမားတွေဖြစ်တဲ့ စတော့ဒဲလ်၊ အီးသရီဂျီ၊ ခံစစ်မျိုးတွေဖြစ်တဲ့ဆန်းဒရို့စ်၊ ရစ်ချက်ဆန်၊ အမိုရီ ဘီယာတာ၊ ကွင်းလယ်ကစားသမားဖြစ်တဲ့ ဒီဂျာဂတ်၊တိုက်စစ်မျိုးတွေဖြစ်တဲ့ ဘရိုင်ယန်ရုဇ်၊ ရိုဒယ်လီဂျာတို့ ရှစ်ဦးပဲရှိတယ်။ ဒီလူတွေကလည်း သာမန်အဆင့်ကစားသမားတွေ။ ဒီလိုအနေအထားအရ ဖူလ်ဟမ်ထိပ်ပိုင်းတက်လာဖို့ဆိုရင် တော်ရုံပံ့ပိုးမှုမျိုးနဲ့မရနိုင်ဘူး။ ထိပ်တန်းကစားသမား တစ်ယောက်ရဲ့ ပြောင်းရွှေ့ကြေးဆိုတာကလည်း အနိမ့်ဆုံး ပေါင်သန်း ၄၀ လောက်ဖြစ်နေတဲ့အချိန်ဆိုတော့ ရှာဟစ်ခန်းအနေနဲ့ အနိမ့်ဆုံး ပေါင်သန်း ၂၀၀ လောက်မသုံးပဲ မဖြစ်နိုင်ဘူး။ ဒီလိုမျိုးရော ရှာဟစ်ခန်းက အသင်းအတွက် ပံ့ပိုးပေးပါမလား။

ပြောရရင် ရှာဟစ်ခန်းက စီးပွားရေးသမား။ အခြေအနေနဲ့ အချိန်အခါ၊ ဝန်းကျင်နဲ့ အခါအခွင့်ဆိုတာ ကောင်းကောင်းသိတယ်။ ဒီလိုသိလို့လည်း တစ်နာရီကို ၁ ဒသမ ၂ ဒေါ်လာ သာရတဲ့ ပန်းကန်ဆေးအလုပ်သမား ဘဝကနေ သန်းကြွယ်သူဌေး ဖြစ်လာသူ။ ဒီလိုလူမျိုးအတွက် ဖူလ်ဟမ်ဟာ ချက်ချင်းဆွဲမြှင့်လို့မရမှန်း ပိုသိမှာသေချာတယ်။ ပြီးတော့ ငွေကို လက်လွှတ်စပယ်သုံးပြီးမှ အောင်ပွဲမရရင် ငွေကုန် သံပြာဖြစ်မယ်။ တခြားမကြည့်နဲ့ လိဒ်စ်ယူနိုက်တက်ဆိုရင် အောင်ပွဲရဖို့ရည်မှန်းပြီး မနိုင်ဝန်ကို ထမ်းတယ်။ ကစားသမားကောင်းတွေကို အသင်းအားနဲ့မမျှအောင်ခေါ်တယ်။ နောက်ဆုံး အောင်ပွဲမရတဲ့အခါ အသင်းအခြေယိုင်ပြီး အခုအထိ ပရီမီယာလိဂ်ကို ပြန်ရောက်မလာဘူး။ ဒါမျိုး ရှာဟစ်ခန်းကလည်း အဖြစ်ခံမှာ မဟုတ်ဘူး။

ပြောချင်တဲ့သဘောက ဖူလ်ဟမ်ကို အမေရိကန် သန်းကြွယ်သူဌေး ရှာဟစ်ခန်းဝယ်တယ်။ ပရီမီယာလိဂ် ကလပ် အသင်းတွေကို အမေရိကန်သူဌေးတွေ ဝယ်ယူခဲ့မှု အနက် ခြောက်ခုမြောက်ဝယ်ယူမှု။ ရှေ့ငါးဦးရဲ့ အစဉ်အလာအရ အသင်းကိုကိုယ်ကျိုးစွန့်အနစ်နာခံမှုမျိုးမရှိဘူး။ ဖူလ်ဟမ်ရဲ့ အနေအထားကလည်း တော်ရုံထောက်ပံ့မှုလောက်နဲ့ အထက် ရောက်နိုင်ခြေမရှိဘူး။ ရှာဟစ်ခန်းဆိုတာကလည်း စီးပွားရေး သမား။ ဒီတော့ဖူလ်ဟမ်အနေနဲ့ ၂ ဒသမ ၅ ဘီလျံ(အမေရိကန်ဒေါ်လာ) လောက်ကြွယ်ဝတဲ့ ရှာဟစ်ခန်းရဲ့လက်ထဲ ရောက်လာတာ မှန်ပေမယ့် သိသာထင်ရှားတဲ့ အပြောင်းအလဲတွေ တွေ့ရဖို့ခက်တယ်။ ခပ်ရှင်းရှင်းပြောရရင် ရှာဟစ်ခန်း လက်ထဲမှာ ဖူလ်ဟမ်ဟာ မန်စီးတီး၊ ချယ်ဆီးတို့လို ဖြစ်လာမလားလို့မတွေးမိကြဖို့ပဲ။ ဒါကို ဖူလ်ဟမ်အသိုင်းအဝိုင်း တစ်ခုလုံးလည်း သဘောပေါက်မယ်ထင်ပါတယ်။ ပြီးတော့ ရှာဟစ်ခန်းနဲ့ ဖူလ်ဟမ်ရဲ့လှုပ်ခတ်မှုဟာလည်း တစ်ခန်းရပ် ပြဇာတ်ထက်မပိုတဲ့ ကောက်ရိုးမီးတစ်ခုလို့သာ ပြောချင်တယ်။

ရာသီအကြိုပြိုင်ပွဲများအနက်မှ အခမ်းနားဆုံးပြိုင်ပွဲ

[သို့မဟုတ်]

International Champions Cup

ပြိုင်ပွဲတစ်ခု ရေရှည်တည်တံ့ခြင်း၊ မတည်တံ့ခြင်းဟာ ပရိသတ်ကို ဆွဲဆောင်နိုင်မှုရှိ မရှိနဲ့ တိုက်ရိုက်အချိုးကျတယ်။ ပရိသတ်ကို ဆွဲဆောင်နိုင်မှ၊ ပရိသတ်ရဲ့ စိတ်ဝင်စားမှုကို ရမှ ပြိုင်ပွဲတစ်ပွဲဟာ တည်တံ့ခိုင်မာပြီး ရေရှည်ရပ်တည်နိုင်မယ်။ ဒီလိုပရိသတ်စိတ်ဝင်စားမှု ရှိလာဖို့ ဆိုရာမှာလည်း လွယ်မလိုနဲ့ ခက်တယ်။ အထူးသဖြင့် ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်တဲ့အသင်းတွေကအစ ပရိသတ်ကို တစ်နည်းတစ်ဖုံ ဆွဲဆောင်နိုင်ရမယ်။ အောင်မြင်မှုအစဉ်အလာအရပဲဆိုဆို၊ အမည်နာမအရပဲ ပြောပြော။ ဘယ်လိုအခြေအနေနဲ့ပဲ ဖြစ်ဖြစ် ပရိသတ်ကို တစ်နည်းတစ်ဖုံနဲ့တော့ ဆွဲဆောင်နိုင်တဲ့အသင်း ဖြစ်ရမယ်။ ပြီးတော့ ပြိုင်ပွဲရဲ့စနစ်။ ပြိုင်ပွဲရဲ့ ပွဲစဉ်ဇယားကလည်း ပရိသတ် စိတ်ဝင်စားလောက်တဲ့ အဆင့်အတန်းရှိရမယ်။ ဒါ့အပြင် ပြိုင်ပွဲကို ပရိသတ်နဲ့ တိုက်ရိုက်ထိတွေ့ပေးမယ့် မီဒီယာရဲ့ အခန်းကဏ္ဍကလည်း ကျယ်ပြန့်ဖို့လိုတယ်။ ဒါမှ ပြိုင်ပွဲဟာ ပရိသတ်ရဲ့ စိတ်အာရုံကို ညှို့ယူနိုင်မယ်။ ပရိသတ်စိတ်ဝင်စားမှုကို ရမှ ပြိုင်ပွဲဟာလည်း ရေရှည်တည်တံ့ခိုင်မာမယ်။

ပြောရရင် ခြေစမ်းပွဲသာသာရယ်လို့ သတ်မှတ်ခြင်းခံရတဲ့ ရာသီအကြို ပြိုင်ပွဲတွေအတွက် ဒီအချက်တွေက ပိုပြီး အရေးပါတယ်။ ရာသီကြိုပြိုင်ပွဲတွေဟာ နဂိုကတည်းက ပြိုင်ပွဲအရှိန်အဝါနိမ့်တဲ့ သဘောရှိတယ်။ တရားဝင်ပြိုင်ပွဲ မဟုတ်တဲ့အတွက် ပရိသတ်ကအစ သိပ်အဓိကမထားဘူး။ ဒီလို အဓိကမထားတာနဲ့အမျှ ပြိုင်ပွဲကလည်း ရေရှည်တည်တံ့ဖို့ရှန်းကန်ရလေ့ရှိတယ်။ တချို့ပြိုင်ပွဲတွေဆိုရင် နှစ်ကြိမ် သုံးကြိမ်လောက် ကျင်းပပြီး ရပ်ဆိုင်းသွားရသလို မထင်မရှားနဲ့ ဖြစ်ဖြစ်မြည်အောင်ရပ်တည်နေကြရတဲ့ ပြိုင်ပွဲတွေလည်း ရှိတယ်။ ဒါကြောင့် ရာသီအကြိုပြိုင်ပွဲတွေဟာ ရေရှည်တည်တံ့ရေး ပရိသတ်အားပေးစိတ်ဝင်စားမှုကို ရဖို့ အစဉ်သဖြင့် ကြိုးစားနေရသလို အဲဒီအထဲမှာတော့ ဇူလိုင် ၂၇ ရက်နေ့မှာ စတင်ကျင်းပမယ့် International Champions Cup ပြိုင်ပွဲက ထိပ်ဆုံးလို့ ပြောရင်ရတယ်။

တကယ်တော့ ဒီ International Champions Cup ပြိုင်ပွဲဟာ ၂၀၀၉ခုနှစ်မှာ စတင်ကျင်းပတဲ့ပြိုင်ပွဲတစ်ခုဆိုပေမယ့် အချိန်တိုအတွင်းမှာ အီမရိတ်ဖလား၊ အာရှပရီမီယာလိဂ်ဖလားပြိုင်ပွဲတွေလို ရာသီအကြိုကာလ နာမည်ကြီးပြိုင်ပွဲတွေနဲ့ ရင်ပေါင်တန်းနိုင်ခဲ့တဲ့ပြိုင်ပွဲဆိုရင်လည်း မမှားပါဘူး။ အထူးသဖြင့် ဒီ International Champions Cup ပြိုင်ပွဲဟာ World Football Challenge Cup အမည်နဲ့ စတင်ကျင်းပတဲ့ ၂၀၀၉ပြိုင်ပွဲ ကတည်းက ချယ်လ်ဆီး၊ အင်တာ၊ အေစီမီလန်တို့လို အသင်းကြီးတွေကို ဖိတ်ခေါ်ယှဉ်ပြိုင်စေခဲ့တာကြောင့် ပရိသတ်စိတ်ဝင်စားမှုကို အပြည့်အဝရရှိခဲ့သလို တစ်ပွဲပျမ်းမျှ ပရိသတ် ၆၀၀၀၀နီးပါး အထိ ကွင်းအတွင်း ဝင်ရောက်ကြည့်ရှုခြင်းခံရတဲ့ ပြိုင်ပွဲတစ်ပွဲပဲ ဖြစ်တယ်။ ဒါ့အပြင် ဒုတိယအကြိမ်မှာလည်း ပြိုင်ပွဲဝင် အသင်းအရေအတွက်ကို လေးသင်းကနေ ရှစ်သင်းအထိ တိုးမြှင့်ခဲ့တဲ့အပြင် မန်ယူ၊ ရီးရဲ၊ မန်စီးတီး၊ ဂျူဗင်တပ်စ်၊ ဘာစီလိုနာတို့လို ကမ္ဘာ့ထိပ်တန်းအသင်းကြီးတွေပါ ပါဝင်ယှဉ်ပြိုင်လာအောင် စည်းရုံးနိုင်ခဲ့တဲ့အတွက် ပြိုင်ပွဲဟာ ပိုမိုကြီးကျယ်ခမ်းနားလာသလို ပရိသတ်စိတ်ဝင်စားမှုကိုလည်း ပိုမိုရရှိခဲ့တဲ့ ပြိုင်ပွဲတစ်ပွဲလည်း ဖြစ်ပါတယ်။

အထူးသဖြင့် ဒီ International Champions Cup ပြိုင်ပွဲဟာ ရာသီကြို ပြိုင်ပွဲတွေအနက် အသင်းကြီးတွေ အများဆုံး ပါဝင်တဲ့ပြိုင်ပွဲတစ်ခုလို အစဉ်အဆက်ဖြစ်တည်ခဲ့သလို အဆိုပါ အစဉ်အလာအတိုင်းပဲ တတိယအကြိမ်ပြိုင်ပွဲဖြစ်တဲ့ ဒီနှစ်ပြိုင်ပွဲမှာလည်း ချယ်လ်ဆီး၊ အဲဗာတန်၊ အေစီမီလန်၊ အင်တာမီလန်၊ ဂျူဗင်တပ်စ်၊ ရီးရဲမက်ဒရစ်၊ ဗလင်စီယာတို့လို ဥရောပက အသင်းကြီး၊ အသင်းကောင်းတွေကို ဖိတ်ခေါ်ကာ ဂလက်ဆီအသင်းနဲ့ ပေါင်းဖက်ပြီး ပြိုင်ပွဲကျင်းပသွားဖို့ စီစဉ်ထားတယ်။ အထူးသဖြင့်ချယ်လ်ဆီး၊ ရီးရဲမက်ဒရစ်၊ အင်တာမီလန်တို့ဟာ နဂိုကတည်းက ပရိသတ်အခိုင်အမာ ရှိပြီးသား အသင်းတွေဖြစ်သလို လက်ရှိအချိန်မှာလည်း နည်းပြအပြောင်းအလဲတွေဖြစ်တည်နေတာကြောင့် ပရိသတ်ရဲ့ စောင့်ကြည့်မှုကို ခံနေရတဲ့အသင်းတွေလည်း ဖြစ်တည်နေတယ်။ ဒါ့အပြင် အေစီမီလန်၊ ဂျူဗင်တပ်စ်၊ ဗလင်စီယာ၊ အဲဗာတန်တို့ဆိုတာကလည်း ပရိသတ်ကြိုက်နှစ်သက်ပြီးသား ဖြစ်နေပြန်တာကြောင့် ဒီနှစ်ပြိုင်ပွဲဟာလည်း ပြိုင်ပွဲ မစခင်ကတည်းက ပရိသတ်ရဲ့ စိတ်ဝင်စားမှုကို သိမ်းပိုက်ထားတဲ့ပြိုင်ပွဲတစ်ခုလည်း ဖြစ်ပါတယ်။ အထူးသဖြင့် ဒီ International Champions Cup ပြိုင်ပွဲဟာ ပြိုင်ပွဲကျင်းပတဲ့ ပုံစံကိုပါ ပြောင်းလဲခဲ့တာကြောင့် ပရိသတ်ရဲ့ စိတ်ဝင်စားမှုကို ပိုမိုရရှိလာတဲ့အပြင် ပရိသတ်နဲ့ ပြိုင်ပွဲတိုက်ရိုက်ထိတွေ့နိုင်ဖို့အတွက်လည်း Fox Soccer ရုပ်သံလိုင်းက ပွဲစဉ် ၁၁ပွဲကို တိုက်ရိုက်ပြသဖို့ စီစဉ်ပေးထားသလို Fox Sports ရုပ်သံလိုင်းကလည်း ပွဲစဉ်တစ်ပွဲကို ပြသပေးဖို့ စီစဉ်ထားတာကြောင့် ဒီ International Champions ပြိုင်ပွဲဟာ ပိုမိုခမ်းနားထည်ဝါတဲ့ ပြိုင်ပွဲတစ်ခု ဖြစ်လာရတယ်။

တကယ်တော့ ဒီနှစ်ကျင်းပမယ့် International Champions Cup ပြိုင်ပွဲရဲ့ ပွဲစဉ်ရေးဆွဲမှုဟာ အရင်ပြိုင်ပွဲတွေကနဲ့ လုံးဝမတူသလို အခြားပြိုင်ပွဲတွေနဲ့လည်း လုံးဝခြားနားနေမှုကိုက ဒီပြိုင်ပွဲကို အားလုံးက စိတ်ဝင်စားလာရတဲ့ အခြေခံအကြောင်းတရားလိုဖြစ်လာရတယ်။ အထူးသဖြင့် ဒီ International Champions Cup ပြိုင်ပွဲဟာ အရင်က အမှတ်ပေးပုံစံနဲ့ ကျင်းပပြီး အမှတ်အများဆုံး အသင်းကို ချန်ပီယံအဖြစ် သတ်မှတ်ပေးခဲ့ပေမယ့် ဒီနှစ်မှာတော့ ပြိုင်ပွဲကို အဆင့်နှစ်ရပ်ခွဲခြားယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

ပြောမယ်ဆိုရင် ဒီပြိုင်ပွဲဟာ ပြိုင်ပွဲဝင် အသင်းရှစ်သင်းကို နှစ်သင်းစီ ရှုံးထွက် ယှဉ်ပြိုင်စေကာ အနိုင်ရတဲ့ လေးသင်းကို ဆီမီးတက်ခွင့်ပြုမှာ ဖြစ်ပါတယ်။ အဆိုပါ ဆီမီးဖိုင်နယ် အဆင့်မှာ အနိုင်ရတဲ့နှစ်သင်းကို ဗိုလ်လုပွဲတက်ခွင့်ပြုမှာဖြစ်သလို ရှုံးနိမ့်တဲ့ နှစ်သင်းကို တတိယလုပွဲ ယှဉ်ပြိုင်ကစားစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါ အဆင့်ကနေ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနေရာတွေမှာ ရပ်တည်ခွင့်ရတဲ့ အသင်းလေးသင်းပေါ်ထွက်လာမှာ ဖြစ်ပြီး အဆိုပါ စနစ်ကတော့သမားရိုးကျစနစ်တစ်ခုသာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီပြိုင်ပွဲရဲ့ အခြားပြိုင်ပွဲတွေနဲ့ မတူတဲ့အချက်ကတော့ ပထမဆုံး ရှစ်သင်းကို နှစ်သင်းစီ တွဲဖက်ယှဉ်ပြိုင်ရတဲ့ပွဲစဉ်မှာ ရှုံးနိမ့်သွားရမယ့် အသင်းတွေအနေနဲ့ အခြားပြိုင်ပွဲတွေလို ပြိုင်ပွဲက ထွက်ခွာသွားရမှာမဟုတ်တဲ့ အချက်ပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဆိုပါ ပထမဆုံး ပွဲစဉ်တွေဖြစ်တဲ့ ရှစ်သင်းကို နှစ်သင်းစီ ယှဉ်ပြိုင်စေတဲ့ ပြိုင်ပွဲတွေကနေ ရှုံးနိမ့်သွားတဲ့အသင်း လေးသင်းဟာ နှစ်သင်းစီ ထပ်မံ ယှဉ်ပြိုင်ကစားရဦးမှာ ဖြစ်တဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် အဆိုပါ နှစ်သင်းစီ ယှဉ်ပြိုင်ကစားတဲ့ ပွဲစဉ်တွေကနေ အနိုင်ရတဲ့ နှစ်သင်းဟာ ပဉ္စမနေရာလုပွဲအဖြစ် ကစားရဦးမှာ ဖြစ်သလို ရှုံးနိမ့်တဲ့အသင်းဟာလည်း သတ္တမနေရာလုပွဲ အဖြစ် ကစားရဦးမှာ ဖြစ်ကာ အဆိုပါ အပိုင်းကနေ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမ၊ အဋ္ဌမနေရာတွေမှာ ရပ်တည်ခွင့်ရမယ့် အသင်းတွေ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီပြိုင်ပွဲဟာ အခြားပြိုင်ပွဲတွေနဲ့ မတူမူကွဲနေသလို ပရိသတ်စိတ်ဝင်စားမှုကိုလည်း အပြည့်အဝရရှိလာခဲ့တာ ဖြစ်ပါတယ်။ အထူးသဖြင့် ပြိုင်ပွဲကျင်းပပုံ ထူးခြားခြင်း၊ ပြိုင်ပွဲဝင်အသင်းတွေရဲ့ အဆင့်အတန်းနဲ့ အရှိန်အဝါကြီးမားခြင်း၊ မီဒီယာအခန်းကဏ္ဍပြည့်ဝခြင်းတွေနဲ့အတူ ဒီ International Champions Cup ပြိုင်ပွဲဟာ ရာသီကြိုပြိုင်ပွဲတွေအနက် အခမ်းနားဆုံး၊ အထည်ဝါဆုံး၊ ပရိသတ်စိတ်ဝင်စားမှုအရှိဆုံး ပြိုင်ပွဲတစ်ရပ်အဖြစ် တည်ရှိနေတယ်လို့သာ တင်ပြလိုက်ရပါတယ်။

ဝေမိုးဆက်

International Champions Cup ပြိုင်ပွဲဝင်အသင်းများ

နိုင်ငံ	အသင်း	မြို့	သက်ဆိုင်ရာ ပြိုင်ပွဲ
အင်္ဂလန်	ချယ်လ်ဆီး	လန်ဒန်	ပရီမီယာလိဂ်
အင်္ဂလန်	အဲဗာတန်	လီဗာပူး	ပရီမီယာလိဂ်
အီတလီ	အေစီမီလန်	မီလန်	စီးရီးအေ
အီတလီ	အင်တာမီလန်	မီလန်	စီးရီးအေ
အီတလီ	ဂျူဗင်တပ်စ်	တူရင်	စီးရီးအေ
စပိန်	ရီးရဲ	မက်ဒရစ်	လာလီဂါ
စပိန်	ဗလင်စီယာ	ဗလင် စီယာ	လာလီဂါ
အမေရိကန်	ဂလက်ဆီ	လော့အိန် ဂျလိစ်	မေဂျာလိဂ်

ကျောဖုံးမှ



ချီဆိုရာ

ချီဆိုရာဟာ ပြီးခဲ့တဲ့နှစ်အတွင်းမှာ ဗလာဒီမာကလစ်ချ်ကိုကို ရှုံးနိမ့်ခဲ့တဲ့ပွဲအပြီး ပြုလုပ်ခဲ့တဲ့ သတင်းစာ ရှင်းလင်းပွဲမှာ ဗြိတိန်လက်ဝှေ့သမားတစ်ဦးဖြစ်တဲ့ ဒေးဗစ်ဟာလေနဲ့ ပြဿနာဖြစ်ပွားခဲ့တယ်။

အဲဒီလို ပြဿနာဖြစ်ပွားခဲ့ခြင်းရဲ့ အကျိုးဆက်ကတော့ ဗြိတိသျှလက်ဝှေ့ဘုတ်အဖွဲ့က ၂၀၁၂ ခုနှစ် မတ်လ ၁၄ရက်မှာ ချီဆိုရာရဲ့ လက်ဝှေ့ထိုးသတ် ခွင့်လိုင်စင်ကို ပိတ်သိမ်းခဲ့ခြင်းပဲဖြစ်တယ်။ ဒါပေမယ့် ဗြိတိသျှလက်ဝှေ့ဘုတ်အဖွဲ့က ၂၀၁၃ ခုနှစ် မတ်လ ၁၂ ရက်မှာ ချီဆိုရာကို လိုင်စင်ပြန်ပေးခဲ့ပြီး ချီဆိုရာဟာ လိုင်စင်ပြန်ရပြီးတဲ့နောက် ပထမဆုံးပွဲအဖြစ် ပြီးခဲ့တဲ့ ဧပြီ လ ၂၀ ရက်မှာ အာဂျင်တီးနားနိုင်ငံသား ဟတ်တာအယ်လ်ဖရီဒိုနဲ့ ထိုးသတ်ခဲ့ရာမှာ နိုင်ပွဲရရှိခဲ့တယ်။ စကော့နဲ့ ထိုးသတ်မယ့်ပွဲကတော့ ချီဆိုရာရဲ့ လိုင်စင်ပြန်ရပြီးတဲ့နောက် ထိုးသတ်မယ့် ဒုတိယမြောက်ပွဲဖြစ်တယ်။

ချီဆိုရာ၏ မှတ်တမ်း

အသက် ၂၉ နှစ်အရွယ် ချီဆိုရာဟာ အရပ်အမြင့် ၆ ပေ ၁ ဒသမ ၅ လက်မ ရှိသူဖြစ်တယ်။ ချီဆိုရာက သူ့ရဲ့ လက်ဝှေ့သက်တမ်းအတွင်း စုစုပေါင်း ပွဲ ၂၀ ထိုးသတ်ခဲ့ရာမှာ ၁၆ ပွဲအနိုင်ရထားသလို ၁၀ ပွဲမှာ အလဲထိုးနိုင်ခဲ့တာဖြစ်တယ်။ ချီဆိုရာဟာ ဗြိတိန်နိုင်ငံသားတွေဖြစ်တဲ့ တိုင်ဆန်ဖူရာနဲ့ ဒေးဗစ်ဟာလေ၊ ဖင်လန်နိုင်ငံသား ရောဘတ်ဟီလီနီယက်စ်၊ ယူကရိန်းနိုင်ငံသား ဗလာဒီမာကလစ်ချ်ကိုတို့နဲ့ ထိုးသတ်ခဲ့တဲ့ပွဲတွေမှာတော့ ရှုံးပွဲကြုံခဲ့ရတယ်။

စကော့၏ မှတ်တမ်း

ချီဆိုရာနဲ့ ထိုးသတ်မယ့် စကော့ (၃၂နှစ်) ကတော့ အရပ် ၆ ပေ ၅ လက်မ ရှိသူဖြစ်တယ်။ စကော့ဟာ စုစုပေါင်း ၃၆ ပွဲ ထိုးသတ်ခဲ့ရာမှာ တစ်ပွဲသာ သရေကျခဲ့ပြီး ကျန်ပွဲတွေ အားလုံးမှာ အနိုင်ယူနိုင်ခဲ့သူဖြစ်တယ်။ စကော့ဟာ ၁၂ ပွဲ အလဲထိုးနိုင်ခဲ့ပြီး ၂၃ ပွဲမှာတော့ ဒိုင်တွေရဲ့ ဆုံးဖြတ်ချက်နဲ့ အနိုင်ရရှိခဲ့ခြင်း ဖြစ်တယ်။

စကော့

ဟဲဗီးဝိတ်လက်ဝှေ့ကျော်အင်္ဂလန်မှ ချီဆိုရာနှင့် အမေရိကန်မှစကော့တို့ ဝင်ဘလေ၌ယှဉ်ပြိုင်ထိုးသတ်မည်

ထက်အောင်

ဗြိတိန်လက်ဝှေ့သမား ဒဲရက်ခ်ချီဆိုရာနဲ့ အမေရိကန်နိုင်ငံသား မာလိခ်စကော့တို့ရဲ့ ဟဲဗီးဝိတ်တန်းလက်ဝှေ့ပြိုင်ပွဲကို လာမယ့်စနေနေ့ (ဇူလိုင် ၂၀ရက်)မှာ ထိုးသတ်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဒီလက်ဝှေ့ပွဲကိုတော့ အင်္ဂလန်နိုင်ငံ ဝင်ဘလေမှာ ထိုးသတ်သွားကြမှာဖြစ်တယ်။

ဒီပွဲမထိုးသတ်ခင်မှာ ချီဆိုရာနဲ့ စကော့တို့က ပြီးခဲ့တဲ့ တနင်္လာနေ့မှာ ပူးတွဲသတင်းစာရှင်းလင်းပြုလုပ်ဖို့ရှိပေမယ့် အဲဒီသတင်းစာရှင်းလင်းပွဲကို စကော့တက်ရောက်ခဲ့ခြင်းမရှိဘူး။ ချီဆိုရာနဲ့ စကော့တို့ဟာ မထိုးသတ်မီ ပထမဆုံးဆုံတွေ့မှုအဖြစ် ပြီးခဲ့တဲ့ အင်္ဂါနေ့တုန်းက မျက်နှာချင်းဆိုင်ဆုံတွေ့ ဖြစ်ခဲ့ကြပါတယ်။

ဒီပွဲအတွက် စိတ်အားတက်ကြွနေတဲ့ ချီဆိုရာက ပြိုင်ဘက် စကော့ကို အရှုံးရလဒ်နဲ့အတူ အမေရိကန်နိုင်ငံကို ပြန်သွားစေရမယ်လို့ ကြုံးဝါးထားတယ်။

ကြောက်စိတ်ဝင်နေတယ်

“လာမယ့် စနေနေ့မှာ စကော့နဲ့ထိုးသတ်ရမယ့်ပွဲမှာ ဘာတွေဖြစ်လာမလဲဆိုတာ မသိပေမယ့် အဲဒီပွဲအတွက် ကျွန်တော် ပျော်ရွှင်နေမိတယ်။ ပြီးခဲ့တဲ့ အင်္ဂါနေ့တုန်းက စကော့နဲ့တွေ့ချိန်မှာ သူ့ရဲ့မျက်လုံးထဲကို ကျွန်တော် ကြည့်လိုက်တော့ စကော့ဟာ ကြောက်ရွံ့စိတ်ဝင်နေတယ်ဆိုတာကို မြင်တွေ့ခဲ့ရတယ်။ တနင်္လာနေ့မှာ သတင်းစာရှင်းလင်းပွဲရှိတာကို စကော့က သူမသိခဲ့ဘူးလို့ ပြောပါတယ်။ သူ့ရဲ့ပြောစကားကို ကျွန်တော်မယုံကြည်ပါဘူး။ ဖြစ်နိုင်တာတော့ စကော့ဟာ ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်ရင်ဆိုင်ရမှာကို ကြောက်နေလို့ပဲဖြစ်မှာပါ။ စကော့နဲ့ ထိုးသတ်ရာမှာ အကောင်းဆုံး ယှဉ်ပြိုင်ပြီးသူ့ကို အရှုံးရလဒ်နဲ့အတူ အမေရိကန်နိုင်ငံကို ပြန်သွားစေမှာပါ”လို့ ချီဆိုရာက ပြောသွားခဲ့ပါတယ်။

ချီဆိုရာရဲ့ နည်းပြဖြစ်သူ ဒွန်ချာလိစ်ကလည်း သူ့ကစားသမားရဲ့အနေအထားဟာ အကောင်းဆုံးပုံစံမှာ ရှိနေတယ်လို့ အတည်ပြုပြောဆိုခဲ့တယ်။

လိုင်စင်ပိတ်သိမ်းခံရဖူးသူ

ချီဆိုရာနဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့် စကော့ကတော့ ချီဆိုရာဟာ လက်ဝှေ့ကြိုးဝိုင်းပြင်ပမှာ ဘာမဆိုလုပ်တတ်တဲ့သူလို့ တိုက်ခိုက်ပြောဆိုခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်းမှာ ချီဆိုရာနဲ့ ဒေးဗစ်ဟာလေတို့ ပြဿနာဖြစ်ပွားခဲ့တာကို ကိုးကားပြီး စကော့က ပြောဆိုခဲ့ခြင်း ဖြစ်ပါတယ်။

စာ ၃ သို့

၂၀၁၃ ခုနှစ်ရဲ့ ဂရင်းဆလမ်တင်းနစ်ပြိုင်ပွဲ လေးခုအနက်က သုံးခု ကျင်းပပြီးသွားပြီ။ ဒါပေမယ့် ၂၀၁၃ခုနှစ်က ရုရှားနိုင်ငံသူတင်းနစ်မယ် မာရီယာရှာရာပိုဗာအတွက် ဂရင်းဆလမ်ပြိုင်ပွဲတွေဟာ အောင်မြင်တဲ့ နှစ်တော့မဟုတ်သေးဘူး။ ရှာရာပိုဗာဟာ ၂၀၁၃ ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်အထိ တက်ရောက်နိုင်ခဲ့ပေမယ့် ဆီမီးဖိုင်နယ်အဆင့်မှာ တရုတ်နိုင်ငံသူလီနာကို ၆-၂၊ ၆-၂ နဲ့ အရှုံးနိမ့်ခဲ့ရလို့ ပြိုင်ပွဲက ထွက်သွားခဲ့ရတယ်။

နည်းပြသစ်နှင့် အောင်မြင်မှုများ ရှာဖွေမည့် ရှာရာပိုဗာ

ထက်အောင်

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာလည်း ရှာရာပိုဗာဟာ ၂၀၁၂ ခုနှစ် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတုန်းက သူမရရှိခဲ့တဲ့ ချန်ပီယံဆုကို ကာကွယ်နိုင်ခြင်းမရှိခဲ့ဘူး။ ရှာရာပိုဗာက ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပေမယ့် ဗိုလ်လုပွဲမှာတော့ ဆီရီနာဝီလျံကို နှစ်ပွဲပြတ်အရှုံးနိမ့်ပြီး ချန်ပီယံဆုကို လက်လွှတ်ခဲ့ရတာဖြစ်တယ်။

အထူးသဖြင့် ပြီးခဲ့တဲ့ ဇွန်လ ၂၄ ရက်ကနေ ဇူလိုင်လ ၇ ရက်အထိ ကျင်းပခဲ့တဲ့ ၂၀၁၃ ခုနှစ် ဝင်ဘယ်ဒန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ရှာရာပိုဗာအတွက် ၂၀၁၃ ခုနှစ်အတွင်း ကျင်းပပြီးစီးသွားပြီဖြစ်တဲ့ ဂရင်းဆလမ်ပြိုင်ပွဲတွေအနက် အကြီးအကျယ် ကျဆုံးခဲ့ရတဲ့ ပြိုင်ပွဲလို့တောင် ပြောလို့ရတယ်။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာ့အဆင့် ၂ ရှာရာပိုဗာဟာ ဒုတိယ အဆင့်ပြိုင်ပွဲမှာတင် ကမ္ဘာ့အဆင့် ၁၃၁ သာရှိတဲ့ ပေါ်တူဂီနိုင်ငံသူ မီချဲလီလာချာဒီဘာရီတိုကို ၆-၃၊ ၆-၄နဲ့ အရှုံးနိမ့်ပြီး ပြိုင်ပွဲက ထွက်ခဲ့ရတာကြောင့်ဖြစ်တယ်။ ရှာရာပိုဗာဟာ ၂၀၀၉ ခုနှစ် ဝင်ဘယ်ဒန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ဒုတိယအဆင့်ကနေ ထွက်ခဲ့ရပြီးတဲ့နောက် ပထမဆုံးအကြိမ်အဖြစ် ဝင်ဘယ်ဒန်အိုးပင်းတင်းနစ်ပြိုင်ပွဲကို ဒုတိယအဆင့်ကနေ လက်ပြနှုတ်ဆက်သွားခဲ့ရတာပဲဖြစ်တယ်။

နည်းပြအပြောင်းအလဲ

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ စိတ်ပျက်ဖွယ်အရှုံးနဲ့ ရင်ဆိုင်ခဲ့ရတဲ့ ၂၀၁၃ ခုနှစ်ရဲ့ ဂရင်းဆလမ်နောက်ဆုံးပြိုင်ပွဲဖြစ်တဲ့ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ အောင်မြင်မှုရှာဖွေနိုင်ဖို့ ခြေလှမ်းသစ်တစ်ခု စတင်လိုက်တယ်။

အဲဒီခြေလှမ်းသစ်ကတော့ ရှာရာပိုဗာက သူမနဲ့ ၂၀၁၀ ပြည့်နှစ် နှောင်းပိုင်းကာလတွေကတည်းက လက်တွဲခဲ့တဲ့ နည်းပြသောမတ်စ်ဟော့စတက်နဲ့ လမ်းခွဲလိုက်ပြီး ၁၉၇၄ ခုနှစ်အတွင်းမှာ ကမ္ဘာ့အဆင့် ၁နေရာ ရယူနိုင်ခဲ့တဲ့ အမေရိကန်တင်းနစ်သမားဟောင်း ဂျင်မီကွန်နားစ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းပဲဖြစ်တယ်။

အသက် ၆၀ အရွယ် ဂျင်မီကွန်နားစ်ဟာ ၂၀၀၆ ခုနှစ် ဇူလိုင်လကနေ ၂၀၀၈ ခုနှစ် မတ်လအထိ အမေရိကန်တင်းနစ်သမား အင်ဒီရော့ဒစ်ရဲ့ နည်းပြအဖြစ် တာဝန်ယူခဲ့ဖူးသူဖြစ်တယ်။

ဒါ့အပြင် ဂျင်မီကွန်နားစ်ကို နည်းပြသစ်အဖြစ် ရှာရာပိုဗာ ရွေးချယ်ခန့်အပ်ရခြင်းရဲ့ အခြားအကြောင်းရင်း တစ်ခုလည်းရှိတယ်။ အဲဒါကတော့ ဂျင်မီကွန်နားစ်က ရှာရာပိုဗာရဲ့ နည်းပြအဖြစ် ၂၀၀၈ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ မတိုင်ခင် ကာလတိုအတွင်း တာဝန်ယူခဲ့ဖူးသူဖြစ်တယ်။ နည်းပြ ဂျင်မီကွန်နားစ်ရဲ့ နည်းပြမှုနဲ့ ရှာရာပိုဗာဟာ ၂၀၀၈ ခုနှစ် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်ခဲ့တယ်။ ပြောရရင် နည်းပြ ဂျင်မီကွန်နားစ်နဲ့ ရှာရာပိုဗာတို့ရဲ့ ပူးပေါင်းမှုက အောင်မြင်မှုကို ရှာဖွေနိုင်တယ်ဆိုတဲ့ အစဉ်အလာကောင်း ရှိတယ်လို့ဆိုရမယ်။ ဒါကြောင့်လည်း ရှာရာပိုဗာက ၂၀၁၃ ခုနှစ် ဂရင်းဆလမ်ပြိုင်ပွဲလေးခုအနက် နောက်ဆုံးပြိုင်ပွဲဖြစ်တဲ့ အမေရိကန်အိုးပင်းပြိုင်ပွဲ မတိုင်မီမှာ နည်းပြဂျင်မီကွန်နားစ်နဲ့ ပြန်လည်လက်တွဲခဲ့တာလို့ ပြောလို့ရတယ်။

၂၀၁၃ ခုနှစ် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲကို လာမယ့်ဩဂုတ်လ ၂၆ရက်ကနေ စက်တင်ဘာလ ၉ ရက်အထိ ကျင်းပသွားမှာဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲမှာ ၂၀၀၆ ခုနှစ် အမေရိကန် အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ ချန်ပီယံ ရှာရာပိုဗာက သူမရဲ့တင်းနစ်သက်တမ်း တစ်လျှောက် ဒုတိယအကြိမ် အမေရိကန်အိုးပင်းတင်းနစ် ချန်ပီယံဆုကို နည်းပြ ဂျင်မီကွန်နားစ်ရဲ့လမ်းညွှန်သင်ကြားမှုတွေနဲ့အတူ ရယူပြနိုင်မလားဆိုတာက စိတ်ဝင်စားစရာ ကောင်းနေတယ်။